# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၉၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား တက်ရောက်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေထိုင်ရေး စိတ်အေးစေရန်အတွက် နေပြည်တော်ကောင်စီ နယ်မြေတွင် တည်ဆောက်မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ အိမ်ရာဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံခရီးစဉ်အဆုံး ထုတ်ပြန်ချက်အပေါ် စိတ်ပျက်ရ**

**ယေဘုယျဆန်သော စွပ်စွဲချက်များနှင့် မှားယွင်းသော အချက်အလက်များစွာပါဝင်နေ**

**နိုင်ငံနှင့်အဝှမ်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုရရှိရေးသည် မိမိတို့၏ ပထမဦးစားပေးဖြစ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)**

၁။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးက မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းစေလွှတ်ရန် ပါဝင်သော ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါသည်။ အထူးအစီရင်ခံစာတင်သွင်းသူ၏ သက်တမ်းကိုလည်း တိုးခဲ့ပါသည်။

၂။ ယင်းဆုံးဖြတ်ချက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေခံထားပါသည်။ ထို့အပြင် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ထက် ပိုမိုဆိုးရွားစေမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံက အဆိုပါဆုံးဖြတ်ချက်တစ်ခုလုံးကို ပါဝင်ပတ်သက်ခြင်းမပြုဘဲ dissociate ပြုလုပ်ခဲ့ပါသည်။

၃။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံမူတစ်ခု ဖြစ်ပါသည်။ ယင်းဆုံးဖြတ်ချက်အား ပါဝင်ပတ်သက်ခြင်း မပြုခဲ့သော်လည်း အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံသို့ လာရောက်ရန် အဆိုပြုခရီးစဉ်ကို လက်ခံရန် သဘောတူခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီမှ ချမှတ်ထားသော တာဝန်ကို ၎င်းအနေဖြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။

၄။ အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အတွင်းတွင် အစိုးရကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမှ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးစားမှုများနှင့် ပတ်သက်၍ ၎င်းနှင့် ဆွေးနွေးခဲ့ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❍




မြန်မာ့အလင်း

# ဘဏ်စုံပံ့ပိုးကူညီမှု ခေတ်သစ်

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်ဟူသောအချက်မှာ ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်လက်ခံပြီးအချက် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်တို့က များပြားကျယ်ပြန့်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂-၁၉၈၈)ကာလအတွင်း ဆိုရှယ်လစ်မူဝါဒနှင့် မှောင်ခိုစီးပွားရေးတို့၏ လွှမ်းမိုးမှုကြောင့် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့သည် မိသားစုစီးပွားရေး လုပ်ငန်းအဆင့်မျိုးသာ ရှိပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်လွန်ကာလ၌ ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးခဲ့သော်လည်း အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကရည်မှန်းချက်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်း မရှိပါ။

ဤသို့သော သမိုင်းဖြတ်သန်းမှုတို့ကြောင့် မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတို့သည် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက စီမံခန့်ခွဲမှုအပိုင်း၌ များစွာခေတ်နောက်ကျလျက်ရှိပြီး သက်ဆိုင်ရာလုပ်ငန်းအလိုက် နည်းပညာရရှိမှုအပိုင်း၌လည်း အားနည်းချို့တဲ့လျက်ရှိပါသည်။ ရင်းနှီးငွေရရှိနိုင်မှုအပိုင်း၌လည်း အင်ပြည့်အားပြည့် မဆောင်ရွက်နိုင်ဖြစ်နေပါသည်။ ဤသည်တို့မှာ တည်ထောင်ပြီး အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတို့၏ အခက်အခဲများဖြစ်ပါသည်။ စတင်ထူထောင်မည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်ရမည့် အခက်အခဲများကို မှန်းဆကြည့်လျှင်ပင် မည်မျှများပြားမည်ကို တွက်ဆနိုင်ပါသည်။ ဘဏ်စုံအကူအညီတို့ လိုအပ်နေသည်ဟုပင် ပြောရမည်ဖြစ်ပါသည်။

သို့သော် လူထုအစိုးရသစ်၏ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လာသောမူဝါဒတို့ကြောင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့သည် ဘဏ်စုံအကူအညီတို့ လိုအပ်လျက်ရှိသော်လည်း စိတ်ပျက်အားငယ်စရာ မလိုအပ်သော အခြေအနေသစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ လူထုအစိုးရသစ်နှင့် ကမ္ဘောဇဘဏ်တို့ပူးပေါင်း၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တို့အတွက် ဘဏ်စုံကူညီပံ့ပိုးမှုတို့တစ်ထိုင်တည်း ဖြည့်ဆည်းပေးမည့် SME One Stop Banking Center ကို ယခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်မြို့၌ ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။ စီစဉ်ထားသည့် ဘဏ်စုံကူညီပံ့ပိုးမှုများ၌ ဘဏ္ဍာရေးအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းနှင့် စီးပွားရေးမဟာဗျူဟာရေးဆွဲခြင်းကဲ့သို့သောကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တို့အား အသိပညာပေးသောကိစ္စရပ်များပင် ပါဝင်ပါသည်။ လိုရင်းကိုတင်ပြရပါက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တို့အနေဖြင့် ကိစ္စရပ်အားလုံးအတွက် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရသောခေတ်မှ ကိစ္စရပ်အားလုံးအတွက် ပံ့ပိုးကူညီမှုအပြည့် အဝရသောခေတ်သို့ ဦးတည်ပြောင်းလဲနေပြီ ဖြစ်ပါသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့အတွက် လိုအပ်လျက်ရှိသော ရင်းနှီးငွေရရှိရေးနှင့် ပတ်သက်၍လည်း ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံကဲ့သို့သောဖွံ့ဖြိုးပြီးနိုင်ငံတို့၏ အကူအညီကိုရယူလျက် ကမ္ဘောဇဘဏ်အပါအဝင် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ သမဝါယမ (CB) ဘဏ်နှင့် ရောဝတီဘဏ်တို့မှ ထပ်ဆင့်ထုတ်ချေးလျက်ရှိသောကြောင့် မကြာမီကာလအတွင်း မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်အတွက် အဆိုပြုလွှာများ အချိန်မီတင်သွင်းကြရန် နှိုးဆော်

**ရန်ကုန်  ဇူလိုင် ၂၁**

“မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် -၂၀၁၇” အတွက် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအနက်မှ သိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၅၄၇ မှတ်နှင့်အထက်ရရှိသူများ၊ ဝိဇ္ဇာ/ ဝိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၄၉၂ မှတ်နှင့်အထက်ရရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ခုချင်းအလိုက်တွင် အမှတ်အများဆုံးရရှိသူ တစ်ဦးစီသာလျှင် အဆိုပြုလွှာများကို တင်သွင်းလက်ခံလျက်ရှိကြောင်း အသိပေးကြေညာပြီးဖြစ်သည်။

အဆိုပြုလွှာ နောက်ဆုံးလက်ခံမည့် ဇူလိုင် ၃၁ ရက်မှာ နီးကပ်လာပြီဖြစ်၍ သတ်မှတ်ချက်နှင့် အကျုံးဝင်သူများသည် မြန်မာ-ဂျပန်အသင်းရုံး (ရန်ကုန်) ဖုန်း- ၀၁-၂၅၆၀၇၄၊ ၇၉၂၉၉၄၊ ၀၉-၄၂၁၁၆၂၇၃ တို့တွင် အဆိုပြုလွှာများကို အမြန်ထုတ်ယူပြီး သတ်မှတ်ရက်အမီပေးပို့ကြရန် မြန်မာ-ဂျပန်အသင်းမှ နှိုးဆော်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတွင် “ဝ”၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း( ချိုး) ၊ မွန် ၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များဖြင့် ထုတ်လွှင့်မှုကို ယခုနှစ် ဇြေီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ ထုတ်လွှင့်ရာတွင် လေးလတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းထုတ်လွှင့်လျက်ရှိပြီး လာမည့် ဩဂုတ် ၁ ရက်မှစတင်ကာ ထုတ်လွှင့်ချိန် ပြောင်းလဲမည်ဖြစ်သည်။

ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၁ ရက်အထိ လေးလတာ ထုတ်လွှင့်သွားမည့် တိုင်းရင်းသားဘာသာ အစီအစဉ်များမှာ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာ အစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ အရှေ့ပိုးကရင် ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ ချင်း(ချိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ “ဝ” ဘာသာအစီအစဉ်တို့ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**ဟားခါး ဇူလိုင် ၂၁**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၁ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ အိမ်တွင်းမှုသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖိယာန်နှင့် ဟားခါးမြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဇာနည်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦးက မူခင်း၊ သက်ငယ်မုဒိမ်းအသိပညာပေးဟောပြောခြင်း၊ ဟားခါးမြို့ အမှတ်(၁၀၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူး ကျော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းတပ်ဖွဲ့မှ ရဲအုပ်မင်းဇော်က လူကုန်ကူးမှု တားဆီးလျော့နည်းပပျောက် ရေးအသိပညာပေးဟောပြောခြင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြု(၁) ဒေါ်မန်အီယာန်ချင်းက တီဘီရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**





မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘိုဘိုဦးနှင့် မုဒုံမြို့နယ် ရဲမှူးမြအောင် ဦးဆောင်သော မှုခင်းအသိပညာပေး ပြခန်း မော်တော်ယာဉ်သည် မုဒုံမြို့ မြို့မ(၃)ရပ်ကွက် အထက(၃)ကျောင်းသို့ သွားရောက်ပြီး ဇူလိုင် ၂၀ ရက်က မှုခင်းအသိပညာပေးဟောပြောစဉ် ကိုရဲ

# ချောက်မြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူများ ထောက်ပံ့ငွေပေးအပ်

**ချောက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေဘေးရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်၊ ရိက္ခာ ထောက်ပံ့ငွေပေးအပ်ခြင်းကို ဇူလိုင် ၂၀ ရက်က ပေးအပ်ခဲ့သည်။

ယင်းသို့ပေးအပ်ရာတွင် တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် (၁)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၁၄)၊ ရပ်ကွက်များသို့လည်းကောင်း၊ ချောက်မြို့နယ်အတွင်းရှိ ရေဘေးရှောင်ကျေးရွာ ပဒေသာ ၊ လက်ပံကျွန်း၊ ဥယျာဉ် ၊ စလင်းတောင်၊ ပခန်းငယ်ကျေးရွာများသို့သွားရောက်ကာ ဆန်၊ ရိက္ခာ၊ ထောက်ပံ့ငွေတို့ ပေးအပ်ခဲ့ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေဘေးရှောင်ပြည်သူများက ဝမ်းမြောက်စွာ လက်ခံယူခဲ့သည်။ မြို့ပေါ်၊ ကျေးရွာ အိမ်ထောင်စုပေါင်း ၇၆၅ စုနှင့် လူဦးရေ စုစုပေါင်း ၂၉၅၆ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၆၂ ဒသမ ဝ၇၆ သိန်းကို ရေဘေးရှောင်နေရာများသို့သွားရောက်ကာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး( ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၁-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ ·၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ ·၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၆၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နေပြည်တော် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်ခြင်းအခမ်းအနားသို့ တက်ရောက်စဉ်

*✻ ရှေ့ဖုံးမှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က သတ်မှတ်နေရာများ၌ ပန္နက်တော်တင်၊ တွင်းတော်ဝန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နေပြည်တော် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တော်တင်ခြင်း အခမ်းအနားနှင့် စပ်လျဉ်း၍ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံ့ဝန်ထမ်း အိမ်ရာများကို နေပြည်တော်ကောင်စီ ဒက္ခိဏာသီရိ







ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပန္နက်တော်တင်ပေးစဉ် (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပန္နက်တော်အား နံ့သာရည်ပက်ဖျန်းပေးစဉ် (သတင်းစဉ်)

မြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး အနီး နေပြည်တော်မြို့ပတ်လမ်းဘေးရှိ ဧရိယာ ၂၁ ဒသမ ၈၄ ဧက ကျယ်ဝန်းသည့် မြေနေရာ၌ တစ်ခန်းလျှင် စတုရန်းပေ ၁၀၀၀ အကျယ်အဝန်းရှိသည့် လေးခန်းတွဲ ငါးထပ်အိမ်ရာ ၁၀ လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၈၉၇ အကျယ်အဝန်းရှိသည့် လေးခန်းတွဲ ငါးထပ် အိမ်ရာ ၁၀ လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၇၅၆ အကျယ်အဝန်း ရှိသည့် ၁၂ ခန်းတွဲ ငါးထပ် အိမ်ရာ ရှစ်လုံး၊ တစ်ခန်းလျှင် စတုရန်းပေ ၅၀၂ အကျယ်အဝန်းရှိသည့် ၁၂ ခန်းတွဲ ငါးထပ် အိမ်ရာ ငါးလုံးတို့ကို ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားစီရင်ရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် ဥပဒေနှင့်အညီဖြစ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၉ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နံနက် ၈ နာရီတွင် လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်အောင်စိုးသည် နံနက် ၁၀ နာရီတွင် လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တွေ့ဆုံစဉ် သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တွေ့ဆုံစဉ် တရားစီရင်ရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေနှင့်အညီ ဖြစ်ရေး၊ မှန်ကန်တရားမျှတမှုရှိရေး၊ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဗိုလ်ချုပ်အောင်စိုးနှင့် တွေ့ဆုံစဉ် သိမ်းဆည်းလယ်ယာမြေများနှင့် အခြားမြေများ မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် မစ္စ ယန်ဟီလီတို့ တွေ့ဆုံဆွေးနွေးစဉ်

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများအား ကာကွယ်တိုးမြှင့်ရေးကိစ္စများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့လည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

❄ *ကျောဖုံးမှ*

နေထိုင်ကြလျက်ရှိပြီး သောက်သုံးရေများ ရရှိရေးအတွက် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရခြင်း၊ ဝေးလံသည့် နေရာများသို့ သွားရောက်ရေသယ်ယူရခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်းတို့ကို ကြုံတွေ့ခံစားနေကြရပါကြောင်း။

**ဖြစ်ပွားလေ့ရှိ**

စင်စစ်အားဖြင့် ရေသယံဇာတနှင့် ရေနှင့်ဆက်နွယ်သည့် ဘေးအန္တရာယ်များသည် အပြန်အလှန်ဆက်နွယ်နေပြီး မကြာခဏ တစ်ခုနှင့်တစ်ခု နယ်ပယ်ချင်း ဖြတ်ကျော်ဖြစ်ပွားလေ့ရှိတတ်ပါကြောင်း။

ထို့ကြောင့် ဆယ်စုနှစ်ကာလများအတွင်း ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ ပြဿနာသည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့်အမျိုးသားအဆင့်အရေးအကြီးဆုံးသော ကိစ္စရပ်များအနက် တစ်ခုအပါအဝင်ဖြစ်လာပါကြောင်း။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့်လည်း ဆန်းဒိုင်မူဘောင် သဘောတူညီချက်နှင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ရည်မှန်းချက်ပန်းတိုင်- ၆ ဖြစ်သည့် သောက်သုံးရေရရှိရေးအတွက် မည်သူမျှ နောက်ကျန်ရစ်မနေစေရေးကို အလေးထားသည့် "လူသားအားလုံးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲနိုင်ရေး"တို့မှ တစ်ဆင့် ချမှတ်ထားသည့်ကတိကဝတ်များကို ထပ်လောင်းအတည်ပြုထားကြပါကြောင်း။

အဆိုပါ ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ကြရာတွင် မိမိတို့အနေဖြင့် အသိပညာပေးမှုများကိုမြှင့်တင်ပြီး ကုလသမဂ္ဂ၊ ဒေသဆိုင်ရာနှင့်တစ်နိုင်ငံချင်း ကျင်းပဆောင်ရွက်သည့် ဖိုရမ်များမှတစ်ဆင့် ပံ့ပိုးထောက်ခံမှုများ ပိုမိုရရှိလာစေရန် မိမိတို့၏ ကြိုးပမ်းချက်များကို နှစ်ဆတိုးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေနှင့်ဆက်နွယ်သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ရေနှင့်ဆက်နွယ်နေသော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုတို့အတွက်ပါ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများ တိုးမြင့်ဖြစ်ပေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ရလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ခြွင်းချက်မရှိ ရင်ဆိုင်နေရပါကြောင်း။

မြန်မာနိုင်ငံသည် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်းအစရှိသည့် ရေနှင့်ဆက်နွယ်နေသော သဘာဝဘေးအန္တရာယ်များကို နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် ပုံမှန်ကြုံတွေ့ခံစားရလျက်ရှိပါကြောင်း။

**ပျက်စီးဆုံးရှုံး**

မြန်မာ့ခေတ်သစ်သမိုင်းတွင် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်မှာ ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းနာဂစ်မုန်တိုင်း ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လူပေါင်း တစ်သိန်းလေးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရပြီးလူဦးရေ ၂ ဒသမ ၄ သန်းအပေါ် ထိခိုက်စေခဲ့ပါကြောင်း၊ စီးပွားရေးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံခန့်နှင့် ညီမျှသည့် ငွေကျပ်ပေါင်း ၄ ဒသမ ၅ ထရီလီယံ တန်ဖိုးရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်ကလည်း မိမိတို့နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပါကြောင်း၊ ထိုသို့ သဘာဝဘေးအန္တရာယ်များကြောင့် အကူအညီအမှန်တကယ် လိုအပ်နေသည့် မိမိတို့နိုင်ငံက ထိခိုက်ခံစားနေသည့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများပေးအပ်ခဲ့သော နိုင်ငံတကာအသိုက်အဝန်းကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း။

မြန်မာအစိုးရအနေဖြင့် အာရှ-ပစိဖိတ်ရေဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ထိပ်သီးအစည်းအဝေးကို ယခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း။

အဆိုပါ ထိပ်သီးအစည်းအဝေးမှ ထွက်ပေါ်လာသောရလဒ်များကို လာမည့် နှစ်ဆန်းပိုင်းအတွင်း ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်သို့ တင်ပြသွားရန်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် "၂၀၃၀ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်"နှင့် အခြားသောနိုင်ငံတကာ သဘောတူညီမှု အစီအစဉ်များအပေါ် များစွာ အလေးထားပါကြောင်း၊ သို့ဖြစ်၍ ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးအစီအစဉ်များ၊ မူဘောင်သဘောတူညီချက်များနှင့် ဆက်စပ်ပေါင်းစည်းစေမည့် သက်ဆိုင်ရာအမျိုးသားလုပ်ငန်း စီမံချက်များကို မြန်မာနိုင်ငံအနေဖြင့် ချမှတ်ဖော်ထုတ်ထားပါကြောင်း။

မိမိတို့အနေဖြင့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ (၂၀၁၈- ၂၀၂၈)" ခေါင်းစဉ်ဖြင့် လာမည့် ဆယ်စုနှစ်ကာလအတွင်း အကောင်အထည်ဖော်မည့် အပြည်ပြည်ဆိုင်ရာ စီမံချက်လုပ်ငန်းစဉ်ဆိုင်ရာ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ယင်းစီမံချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေသယံဇာတပေါင်းစည်း စီမံခန့်ခွဲရေးတို့တွင် အောင်မြင်မှုရှိစေရန် ဆက်လက်ကြိုးပမ်းသွားရမည့် ဆောင်ရွက်ချက်များပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်များ အကောင်အထည်ဖော်ရန် လိုအပ်သည့် ဘဏ္ဍာငွေရရှိရေးအတွက် အစိုးရ၏ ကိုယ်ပိုင်ဘဏ္ဍာငွေ မတည်ရင်းနှီးမှုဖြင့် "နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေ"တို့ကို တည်ထောင်ထားပါကြောင်း၊ ဒုတိယရန်ပုံငွေအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များထံမှ ပံ့ပိုးကူညီလာသည့် လှူဒါန်းငွေများကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပူးပေါင်းပါဝင်**

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို ခုခံရင်ဆိုင်ရာတွင် ငွေကြေးထောက်ပံ့နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံထားရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မှု စီမံခန့်ခွဲရေးစီမံကိန်းသို့လည်း ပူးပေါင်းပါဝင်ထားပါကြောင်း။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍတွင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ သို့သော်လည်း ပမာဏအားဖြင့် နည်းပါးဆဲဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာအစိုးရသည် ကမ္ဘာ့ဘဏ်၊ နယ်သာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့နှင့်ပူးပေါင်းပြီး ရေအရင်းအမြစ်အဖွဲ့တစ်ရပ်ကိုဖွဲ့စည်းလျက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနဆိုင်ရာ မိတ်ဖက်များ၊ ငွေကြေးနှင့်နည်းပညာ အထောက်အပံ့များ ရှာဖွေရေးနှင့် ရေအရင်းအမြစ်ကဏ္ဍ စွမ်းဆောင်ရည်တည်ဆောက်ရေးတို့တွင် ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသား ရေအရင်းအမြစ်ကော်မတီအနေဖြင့် အနာဂတ်ရေစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားမူဝါဒနှင့် ကိုက်ညီစေမည့် ရေဥပဒေမူကြမ်းတစ်ရပ်ကိုရေးဆွဲလျက်ရှိပြီး မိမိဦးဆောင်သည့် ကော်မတီနှစ်ရပ်အကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက် "Integrated Flood Initiative(IFI) Country Platform"ကို မကြာသေးမီက တည်ထောင်ထားပါကြောင်း။

မြန်မာနိုင်ငံသည် "၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်" အောင်မြင်စေရေးအတွက် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းဆီသို့ဦးတည်လျက် ပြည်သူ၊ ကမ္ဘာ၊ သာယာဝပြောမှု၊ ငြိမ်းချမ်းမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အလေးပေးဆောင်ရွက်သွားမည်ဟု အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့၏ ယနေ့ဆွေးနွေးချက်များမှတစ်ဆင့် လာမည့်နှစ်များအတွင်း "နိုင်ငံတကာသဘောတူညီမှု ရရှိထားသော အစီအစဉ်များ"ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိပ္ပာယ်ပြည့်ဝသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယူးဂျာစီပြည်နယ် ဂျာစီမြို့နှင့် ဟိုဘိုကမ်မြို့များ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု တားဆီးရေးမြို့ပြလုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်**
(သတင်းစဉ်)

*စာမျက်နှာ ၅ သို့*

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် UK အောက်လွှတ်တော်၏ Clerk of Legislation ဖြစ်သူ Mr. Liam Laurence Smyth နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အကူအညီပေးနေမှု**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးနှင့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် UK အောက်လွှတ်တော်၏ Clerk of Legislation ဖြစ်သူ Mr. Liam Laurence Smyth အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

အဆိုပါ အထူးအစည်းအဝေးတွင် ဒုတိယသမ္မတနှင့်အတူ ဟန်ဂေရီနိုင်ငံသမ္မတ H.E. Mr. Janos Ader၊ မောရိသျှပ်နိုင်ငံသမ္မတ H.E. Mrs. Ameenah Gurib-Fakim၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ကိုယ်စားလှယ် Liberal Democratic Party အတွင်းရေးမှူးချုပ် H.E. Toshihiro Nikai တို့ကလည်း မိန့်ခွန်းများ ပြောကြားကြပြီး ဂျပန်နိုင်ငံ အိမ်ရှေ့မင်းသား HIH Naruhito ၏ မိန့်ခွန်းအား ဗီဒီယိုဖိုင်ဖြင့်ပြသသည်။ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးနှင့် ရေသယံဇာတဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Han Seung-Soo၊ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံဥက္ကဋ္ဌ H.E. Mr. Peter Thomson၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ် Mr. Wu Hongbo တို့က မိန့်ခွန်းများ ပြောကြားကြသည်။ အစည်းအဝေးသို့ မြန်မာ၊ ဟန်ဂေရီ၊ မောရိသျှပ်၊ ဂျပန်၊ နယ်သာလန်၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ တာဂျစ်ကစ္စတန်၊ ဖီဂျီ၊ မော်လ်ဒိုက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ အေဒီဘီနှင့် ရေနှင့်ဆက်စပ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**နိုင်ငံတကာ၏ ကူညီထောက်ပံ့မှု**

အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ရေသယံဇာတနှင့် ဘေးအန္တရာယ်များနှင့် ပတ်သက်သော ကိစ္စရပ်များအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအကြား ဂရုပြုအာရုံစိုက်လာမှု တိုးတက်ရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ အတွေ့အကြုံနှင့် သင်ခန်းစာများ အပြန်အလှန်ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၃၀ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ ဆန်းဒိုင်မူဘောင် သဘောတူညီချက်နှင့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့မှစ၍ အကောင်အထည်ဖော်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ (၂၀၁၈-၂၀၂၈) ခေါင်းစဉ်ဖြင့် ဆယ်စုနှစ်စီမံချက် အပါအဝင် နိုင်ငံတကာ သဘောတူထားသည့် ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ အစည်းအဝေး၏ Theme တွင် ဖော်ပြထားသည့် အတိုင်း ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ရေး၊ ရေနှင့်ဆက်စပ်သော ကဏ္ဍများတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေပံ့ပိုးပေးရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ သိပ္ပံနှင့်နည်းပညာတိုးတက်ရေးနှင့် သက်ဆိုင်ရာ နိုင်ငံများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် စိန်ခေါ်မှုများ၊ နိုင်ငံတကာ၏ ကူညီထောက်ပံ့မှု လိုအပ်နေမှုများကို ဆွေးနွေးပြောကြားကြသည်။

**တည်ခင်းဧည့်ခံ**

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂဌာနချုပ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နယူးယောက်မြို့ တစ်ဖက်ကမ်းရှိ နယူးဂျာစီပြည်နယ် ဂျာစီမြို့နှင့် ဟိုဘိုကမ်မြို့များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု တားဆီးရေးမြို့ပြလုပ်ငန်းများကို သွားရောက်လေ့လာကြရာ ဂျာစီမြို့တော်ခန်းမ၌ အဆိုပါမြို့များနှင့် ပူးပေါင်းဆောင်ရွက်နေသော ကုလသမဂ္ဂ ဘေးအန္တရာယ် ဖြစ်နိုင်မှုလျှော့ချရေး (UNISDR)၏ “မြို့များ ပြန်လည်ထူထောင်နိုင်ရေး (Making Cities Resilient)”ကို မြှင့်တင်အကောင်အထည်ဖော်နေသူ Dr. Alexander Mirescu၊ Innovation ကုမ္ပဏီ ညွှန်ကြားရေးမှူး Mr. Brian Platt နှင့် ဂျာစီမြို့ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြို့ပြလုပ်ငန်းစီမံကိန်းများ သာမက၊ ဒေသခံလူထုအကြား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာပေးမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

**ရန်ပုံငွေ သီးခြားထားရှိ**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရန်ပုံငွေ သီးခြားထားရှိ ဆောင်ရွက်မှုများကို ပြန်လည်ရှင်းလင်းပြောကြားပြီး အပြန်အလှန်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂ အထူးအစည်းအဝေးသို့ တက်ရောက်ရာတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါအထူးအစည်းအဝေး၏ “ဘဏ္ဍာငွေပံ့ပိုးဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး” ခေါင်းစဉ်ဖြင့် သီးသန့်ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ (Panel Discussion)တွင် ဆွေးနွေးသူ (Panelist) အဖြစ် ပါဝင်ခဲ့သည်။** (အောက်ပုံ)




ယင်းသို့ ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ဒုတိယသမ္မတ ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ ကော်မတီနှစ်ခု၏ ယေဘုယျတူညီသော ရည်ရွယ်ချက်သည် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့ လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများနှင့် လူမှုသဟဇာတဖြစ်မှုများကိုရရှိစေရန် ရေသယံဇာတကို အခြေခံလျက် စီးပွားရေးနှင့် သဘာဝဘေးလျှော့ချရေးလုပ်ငန်းများမှ တစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိမှု၊ International Flood Initiative (IFI) မူဘောင်အား အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၂၀၃၀)၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ဆန်းဒိုင်မူဘောင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်တို့ကို မြန်မာနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အစိုးရက အမျိုးသားအဆင့်အရေးပေါ်ရန်ပုံငွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများ ထူထောင်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ ဘေးဒဏ်ခံနိုင်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေးနှင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားမှု၊ Cyclone Shelter များ တည်ဆောက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် လှေများထောက်ပံ့ပေးမှု၊ လျင်မြန်ထိရောက်သော တုံ့ပြန်မှုအတွက် အထူးရဟတ်ယာဉ်များ ကြိုတင်စီစဉ်ထားရှိမှု၊ Risk financing အရ ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိမှုများကို ထည့်သွင်းဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့နံနက်ပိုင်းတွင် အာရှ-ပစိဖိတ်ရေဖိုရမ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ်ရေညီလာခံနှင့် ပတ်သက်၍ နယူးယောက်အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များကို ရှင်းလင်းပြောကြားသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

## အမျိုးသားကျန်းမာရေးအာမခံစနစ်တွင် လိုအပ်လျက်ရှိသော နိုင်ငံတကာတွင် လက်တွေ့အသုံးပြုနေသည့် IT နည်းပညာများနှင့်စပ်လျဉ်းပြီး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းသည် Innovative System Co., Ltd နှင့် Schneider Electric Co., Ltd တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသားကျန်းမာရေး အာမခံစနစ်တွင် လိုအပ်လျက်ရှိသော နိုင်ငံတကာတွင် လက်တွေ့အသုံးပြုနေသည့် IT နည်းပညာများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးနှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

**တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စ နှင့်သက်ဆိုင်သည့်ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံနှင့် ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံနှင့် ဖြစ်စေ၊ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန် သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့်ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **တရားခံလွှဲပြောင်းရေး** ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသည့် ပိုင်နက်နယ်မြေအတွင်း တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီး အခြားနိုင်ငံတစ်နိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်နေသူကိုဖြစ်စေ၊ ဖမ်းဆီးထားခြင်းခံရသူကို ဖြစ်စေ၊ တရားစွဲဆိုခြင်းခံရသူကိုဖြစ်စေ တောင်းဆိုသည့်နိုင်ငံက ထိုသူအပေါ် ယင်းပြစ်မှုဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ပြစ်ဒဏ်အတည်ပြုရန် တောင်းဆိုသည့်အခါ လွှဲပြောင်းပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်ထံသို့ အခြားနိုင်ငံတစ်ခုက တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် နိုင်ငံတော်က အခြားနိုင်ငံတစ်ခုသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းတို့ ပါဝင်သည်။

(ဃ) **တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှု** ဆိုသည်မှာ တရားခံလွှဲပြောင်းရေး တောင်းဆိုသည့် အချိန်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ တောင်းဆိုသည့် နိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သောပြစ်မှုကို ဆိုသည်။

(င) **ခုံအဖွဲ့** ဆိုသည်မှာ တရားခံလွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်ကို ကြားနာရန်အလို့ငှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(စ) **တောင်းဆိုခြင်းခံရသူ** ဆိုသည်မှာ တောင်းဆိုသည့် နိုင်ငံက ယင်းနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုခြင်းခံရသူကို ဆိုသည်။

(ဆ) **တောင်းဆိုသည့်နိုင်ငံ** ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုသော နိုင်ငံကိုဆိုသည်။

(ဇ) **လွှဲပြောင်းပေးခြင်းခံရသူ** ဆိုသည်မှာ လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသော နိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းလွှဲပြောင်းပေးခြင်းခံရသူလည်း ပါဝင်သည်။

(ဈ) **လွှဲပြောင်းပေးသောနိုင်ငံ** ဆိုသည်မှာ တောင်းဆိုခြင်းခံရသူအား တောင်းဆိုသည့်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးသည့် နိုင်ငံကိုဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းတရားခံကို လွှဲပြောင်းပေးသော နိုင်ငံလည်း ပါဝင်သည်။

(ည) **တရားခံလွှဲပြောင်းရေးစာချုပ်** ဆိုသည်မှာ တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်နှင့် အခြားနိုင်ငံတစ်နိုင်ငံချုပ်ဆိုသည့် စာချုပ် သို့မဟုတ် နိုင်ငံတော်နှင့် ယင်းအခြား နိုင်ငံတစ်နိုင်ငံတို့ စာချုပ်ဝင်များအဖြစ် ပါဝင်သည့် နိုင်ငံများအကြား ချုပ်ဆိုထားသည့် စာချုပ်ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်အရဖြစ်စေ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

**အခန်း(၃)**
**တရားခံလွှဲပြောင်းရေးဆိုင်ရာ အခြေခံမူများ**

၅။ တောင်းဆိုသည့်နိုင်ငံက နိုင်ငံတော်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် အောက်ပါအခြေခံမူများနှင့် ကိုက်ညီရမည်-

(က) တောင်းဆိုခြင်းခံရသူ ကျူးလွန်သည့်ပြစ်မှုသည် နိုင်ငံတော်နှင့် တောင်းဆိုသည့် နိုင်ငံနှစ်နိုင်ငံ၏ တည်ဆဲဥပဒေများတွင် ထောင်ဒဏ်နှစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

(ခ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ်ချမှတ်ခြင်းခံရပြီးဖြစ်ပါက ထိုထောင်ဒဏ်ကို ကျခံပြီးဖြစ်ခြင်း။

၆။ နိုင်ငံတော်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ငြင်းပယ်နိုင်သည် -

(က) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်၏ တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ခြင်း၊

(ခ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့် ပြစ်မှုသည် စစ်ဘက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူမည့် ပြစ်မှုဖြစ်ခြင်း၊

(ဂ) တောင်းဆိုခြင်းခံရသူအပေါ် တောင်းဆိုခြင်းပြုသည့် ပြစ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ချက်ချမှတ်ခဲ့ပြီး ထိုသူအပေါ် ပြစ်ဒဏ်အတည်ပြုခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် ယင်းပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီးဖြစ်ခြင်း၊

(ဃ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းသည် တောင်းဆိုခြင်းခံရသူ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်ကြောင့် ယင်းကို တရားစွဲအရေးယူရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(င) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် တရားမျှတမှုမရှိသည့် ကြားနာစစ်ဆေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(စ) နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဖြစ်ခြင်း၊ (သို့ရာတွင် နောက်ဆက်တွဲ (က)တွင် ဖော်ပြထားသော ပြစ်မှုများအား နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုဟု မမှတ်ယူရ)

(ဆ) တောင်းဆိုသည့် ပြစ်မှုတစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်မှု၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတွင် ကျူးလွန်ခြင်း၊

(ဇ) တောင်းဆိုခြင်းခံရသည့် ပြစ်မှုမတိုင်မီ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ တတိယနိုင်ငံတစ်နိုင်ငံသို့ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် တောင်းခံသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(ဈ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့် နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုမရှိခြင်း၊ ရက်စက်ခြင်း၊ မတရားပြုခြင်းများခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း။

**အခန်း(၄)**
**တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သို့ တောင်းဆိုခြင်း**

၇။ တောင်းဆိုသည့် နိုင်ငံသည် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်နည်းလမ်းဖြင့် ပေးပို့ရမည်။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်-

(က) တောင်းဆိုခြင်းခံရသူ၏ ကိုယ်ရေးအချက်အလက်များ (အမည်၊ ကိုယ်ပုံသဏ္ဌာန်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ မျိုးရိုးဗီဇလက္ခဏာဆောင် ဓာတုပစ္စည်း (DNA) နှင့် လက်ဗွေ အစရှိသည်တို့အပါအဝင်)၊

(ခ) ပထမသတင်းပေးတိုင်ချက်အမှတ် သို့မဟုတ် တရားရုံးအမှုအမှတ်နှင့် အမှုဖြစ်စဉ် အကျဉ်းချုပ်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းအတွက် လိုအပ်သော စာရွက်စာတမ်းသက်သေခံချက်၊ ဖမ်းဝရမ်းမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဃ) ပြစ်မှုနှင့်ပတ်သက်၍ တောင်းဆိုသော နိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာရှိကြောင်း ဖော်ပြသည့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(င) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်အတွင်း ရောက်ရှိနေသည်ဟု တောင်းဆိုသည့်နိုင်ငံက ယုံကြည်ရသည့် အကြောင်းရင်းနှင့် အထောက်အထားများ၊

(စ) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ လူပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊

(ဆ) ဤဥပဒေ၏ နောက်ဆက်တွဲ ပုံစံ (၁) နှင့် ပုံစံ (၂) တွင်ဖော်ပြပါရှိသော အချက်အလက်များ။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်နည်းလမ်းဖြင့် ရရှိသည့် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ ပေးပို့ရမည်။

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) တရားခံလွှဲပြောင်းရေး တောင်းဆိုချက်အား ပုဒ်မ ၇ ပါဖော်ပြချက်များနှင့် ညီ မညီ ဆောလျင်စွာ တိုက်ဆိုင်စိစစ်ပြီး လိုအပ်ချက်ရှိပါက ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပြန်လည်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တောင်းဆိုသည့် နိုင်ငံက ပြီးပြည့်စုံစွာ ပြန်လည်ပေးပို့ခြင်းမရှိပါက ယင်းတောင်းဆိုချက်ကို ပိတ်သိမ်းကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာတောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် နှစ်နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသော နိုင်ငံများက တရားခံလွှဲပြောင်းရန် တောင်းဆိုသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်း၍ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား၍ မည်သည့် တောင်းဆိုချက်ကို ခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည်-

(က) တည်ဆဲသဘောတူစာချုပ်ပါ တာဝန်များ၊

(ခ) ပြစ်မှုကျူးလွန်သည့် နေရာနှင့် အချိန်၊

(ဂ) တောင်းဆိုချက်များကိုရရှိသည့် အချိန်အပိုင်းအခြား၊

(ဃ) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ နိုင်ငံသားဖြစ်မှု၊

(င) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ အမြဲတမ်းနေရပ်လိပ်စာ၊

(စ) မိမိနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်ခဲ့သည့် တောင်းဆိုခြင်းခံရသူအား ပြန်လည်လွှဲပြောင်းရယူရန် အခြေအနေ ရှိ မရှိ၊

(ဆ) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုရန်၊ ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ချမှတ်ထားသည့် ပြစ်ဒဏ်ကို အတည်ပြုရန်စသည့် တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်း ရည်ရွယ်ချက်၊

(ဇ) ပြစ်မှု၏ အရေးပါမှု။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၀ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးနောက် တရားခံလွှဲပြောင်းရေး တောင်းဆိုချက်ကို နိုင်ငံတော်က ငြင်းပယ်ခြင်း သို့မဟုတ် ကြားနာဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်ရယူ၍ မိမိဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ တင်ပြပြီး အတည်ပြုချက် ရယူရမည်။

၁၂။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ငြင်းပယ်ကြောင်း နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ယင်းဆုံးဖြတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ ဆောလျင်စွာ ပြန်ကြားရမည်။

၁၃။ တရားခံလွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ ကြားနာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့ဖွဲ့စည်းပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မိတ္တူပေးပို့ရမည်။

**အခန်း(၅)**
**ခုံအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ကြားနာရန်အလို့ငှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသား လေးဦးက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် အဖွဲ့ဝင် ငါးဦးဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ခုံအဖွဲ့ ဖွဲ့စည်းပြီးကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ အကြောင်းကြားရမည်။

(ဂ) ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ခုံအဖွဲ့သည်-

(က) တောင်းဆိုသည့်နိုင်ငံက ပေးပို့သော တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့် အမှုတွဲကို စိစစ်ပြီး ယင်းအမှုတွဲတွင် လိုအပ်ချက်တွေ့ရှိပါက အဆိုပါလိုအပ်ချက်များအား ပြည့်စုံစွာရရှိရေး ဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ခ) တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုအား ကြားနာစဉ်အတွင်း အမှုနှင့် စပ်လျဉ်းသည့် အထောက်အထားများ ထပ်မံလိုအပ်ပါက တောင်းခံဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှုကို ဆောင်ရွက်ရန်အလို့ငှာ တောင်းဆိုခြင်း ခံရသူအား မိမိအဖွဲ့ရှေ့မှောက်သို့ တင်ပို့ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ အကယ်၍ တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်နှောင်ထားခြင်းခံရပါက မိမိအဖွဲ့ ရှေ့မှောက်သို့တင်ပို့ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနသို့ တစ်ပြိုင်တည်း အကြောင်းကြားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်နေရာများတွင် ခန့်အပ်တာဝန်ပေးလိုသည့် ပုဂ္ဂိုလ်များအား လွှတ်တော်သို့တင်ပြ

**နေပြည်တော် ဇူလိုင် ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးဖုန်းတင့်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်နေရာများတွင် ခန့်အပ်တာဝန်ပေးလိုသည့် ပုဂ္ဂိုလ်များအဖြစ် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့အား ဒုတိယဥက္ကဋ္ဌရာထူးနေရာများတွင် လည်းကောင်း၊ ဦးကျော်မင်းထွန်း၊ ဦးမြင့်သိန်းထွန်း၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်မေလှတို့အား ဒါရိုက်တာ အဖွဲ့ဝင်ရာထူးနေရာများတွင် လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အဆိုပြုထားကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ လက်ရှိခန့်အပ်ထားသည့် ဒုတိယဥက္ကဋ္ဌ သုံးဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်ငါးဦးတို့၏ သက်တမ်းကာလမှာ မကြာမီရက်ပိုင်းအတွင်း ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတက အထက်ပါပုဂ္ဂိုလ်များအား ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုထားခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍** ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအဖြစ် လုံခြုံရေးကွပ်ကဲမှုရဲတပ်ဖွဲ့မှ အရာရှိများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရဲအရာရှိများအား လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောခြင်း၊ တပ်မတော် စစ်ကျောင်းကြီးများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဆွေးနွေးပို့ချခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသို့ မြေယာသိမ်းဆည်းမှု၊ တရားရေး၊ ဝန်ထမ်းရေးရာ၊ ရဲတပ်ဖွဲ့၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ငွေကြေး၊ စည်ပင်၊ အမျိုးသမီးနှင့် အလုပ်သမား၊ သာသနာရေး၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ အကျဉ်းထောင်ဆိုင်ရာ ကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သည့် တိုင်ကြားစာ ၃၇၀၀ ကျော် တိုင်ကြားလာပါကြောင်း၊ ယင်းတိုင်ကြားစာများအပေါ် သက်ဆိုင်ရာသို့ ပြန်ကြားစာ ၁၂၀၀ ကျော် ပြန်ကြားပြီးဖြစ်ပါကြောင်း။

ထို့ပြင် ကော်မရှင်အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ၊ ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဂေဟာများသို့လည်း သွားရောက်စစ်ဆေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြပြီး ကော်မရှင်အနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ကော်မရှင်ရုံးခွဲများဖွင့်လှစ်နိုင်ရေး လျာထားမှု၊ အကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် ဖြည့်ဆည်းဆောင်ရွက်သင့်သည့်အချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကြည်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ဦးမောင်စိုး(ခ) ဦးစိုးသိန်းတို့က ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ပုဒ်မ၊ ပုဒ်မခွဲများ၏ စကားရပ်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် အပြုသဘောဆောင် ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်ရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့် (သတင်းစဉ်)**

# သမိုင်းနှင့်ပတ်သက်၍ ပကတိအခြေအနေအတိုင်း၊ အမှန်အတိုင်းသိအောင် ရေးသားဖော်ပြ


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြဝတီစာပေတိုက်၌ ပုံနှိပ်ဖြန့်ချိရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်

**နေပြည်တော် ဇူလိုင် ၂၁**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြဝတီစာပေတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြဝတီစာပေတိုက်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြဝတီစာပေတိုက် စာတည်းမှူးချုပ်နှင့် မြဝတီသတင်းစာတိုက်(ရုံးခွဲ)ရန်ကုန်မှ တာဝန်ခံအရာရှိတို့က မြဝတီစာပေတိုက်မှ ပုံနှိပ်ထုတ်ဝေသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်စာစောင်များနှင့် မြဝတီသတင်းစာပုံနှိပ် ဖြန့်ချိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာဖတ်ခြင်းသည် စာဖတ်သူအတွက် “အသိ” ကို ရရှိစေသောကြောင့် သမိုင်းနှင့်ပတ်သက်သည့်အသိ၊ ပထဝီနှင့် ပတ်သက်သည့် အသိများအပါအဝင် မှန်ကန်သည့် အသိများကို ပေးစွမ်းဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ တချို့သောစာအုပ်စာပေများတွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အဖွဲ့အစည်းအစွဲများဖြင့် အမှန်တရားကို ဖုံးကွယ်ရေးသားမှုများ တွေ့ရှိနေရကြောင်း၊ အထူးသဖြင့် သမိုင်းနှင့်ပတ်သက်၍ ပကတိအခြေအနေအတိုင်း၊ အမှန်အတိုင်းသိအောင် ရေးသားဖော်ပြပေးရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီစာပေတိုက်အတွင်း မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းများအား စတင်ထုတ်ဝေချိန်မှ ယခုအချိန်အထိ နှစ်အလိုက် မှတ်တမ်းအဖြစ် သိမ်းဆည်းထားရှိမှုအခြေအနေများ၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ ပုံနှိပ်ဖြန့်ချိရေးဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ် (၁)၊ (၂) နှင့် (၃) တို့အား အမိန့်များချမှတ်

**နေပြည်တော် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးတင်ယု၏ ကန့်ကွက်လျှောက်ထားမှု၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးနေလင်း၏ ကန့်ကွက်လျှောက်ထားမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးကျော်ဇင်ဟိန်း၏ ကန့်ကွက်လျှောက်ထားမှုတို့အား ပယ်ကြောင်း ယနေ့တွင် အမိန့်များချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးဝင်းမင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ၎င်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးတင်ယု (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၇)၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးနေကျော်(အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ၎င်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သူ ဦးနေလင်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၇) နှင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးကျော်ဆွေဝင်း (ခ)ဦးအာလူး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အပေါ် ၎င်း မဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးကျော်ဇင်ဟိန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှု အမှတ်(၃/၂၀၁၇) တို့အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဥပဒေကျွမ်းကျင်သူများဖြစ်သည့် ဦးမြဝင်းနှင့် ဦးဝင်းဆွေတို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကြားနာမှုပြုခဲ့ပြီး ဥပဒေဆိုင်ရာ ငြင်းချက်အားကြားနာပြီးနောက် ကန့်ကွက်လျှောက်ထားရန် အကြောင်းမပေါ်ပေါက်သောကြောင့် ကန့်ကွက်လျှောက်ထားမှုတို့အား ပယ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ရှေ့စာမျက်နှာမှ

၅။ အဆိုပါဆွေးနွေးမှုများတွင် မြန်မာနိုင်ငံပြည်သူတို့၏ အကျိုးအတွက်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အစိုးရမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများကို ရှင်းလင်းစွာ ပြောကြားခဲ့ပါသည်။ အဆိုပါ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကျော်လွှားရန် သန္နိဋ္ဌာန်ချမှတ်ထားသည်ကိုလည်း ပြောကြားခဲ့ပါသည်။

၆။ အထူးအစီရင်ခံစာတင်သွင်းသူသည် အစိုးရကိုယ်စားလှယ် အများအပြားနှင့် တွေ့ဆုံခဲ့ပါသည်။ အဆိုပါ အစိုးရကိုယ်စားလှယ်များက မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားရန်ကိစ္စ၊ မြန်မာနိုင်ငံတစ်ဝှမ်း တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းနေမှုကိစ္စတို့ကို ဆွေးနွေးခဲ့ပါသည်။ လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့အတွက် အစိုးရမှ ဆောင်ရွက်နေမှုများကိုလည်း အထူးအစီရင်ခံစာတင်သွင်းသူအား ရှင်းလင်းပြောကြားခဲ့ပါသည်။

၇။ သို့ရာတွင် အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံခရီးစဉ်အဆုံး ထုတ်ပြန်ချက်အပေါ် မိမိတို့အနေဖြင့် စိတ်ပျက်ရပါသည်။

၈။ ဆယ်စုနှစ်များစွာ ကြုံတွေ့ခဲ့ရသော ပြည်တွင်းပဋိပက္ခ၊ အထီးကျန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့မှုတို့ကြောင့်ဖြစ်ပေါ်သည့် ပြဿနာများကိုဖြေရှင်းရာ၌ တွေ့ကြုံရသည့် အခက်အခဲများကို အထူးအစီရင်ခံစာတင်သွင်းသူ၏ ထုတ်ပြန်ချက်တွင် ထည့်သွင်း ဖော်ပြလိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။ သို့သော် အထူးအစီရင်ခံစာ တင်သွင်းသူ၏ ထုတ်ပြန်ချက်တွင် ယေဘုယျဆန်သော စွပ်စွဲချက်များနှင့် မှားယွင်းသော အချက်အလက်များစွာ ပါဝင်နေပါသည်။

၉။ မြန်မာပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီစနစ် ထွန်းကားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်ရေးသည် မိမိတို့၏ပြတ်သားသော ရည်မှန်းချက် ဖြစ်ပါသည်။ အရေးပါသော ကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိသော်လည်း စိန်ခေါ်မှုများစွာ ရှိနေသေးပါကြောင်းနှင့် အဆိုပါ စိန်ခေါ်မှုများကို ချက်ချင်းဖြေရှင်းနိုင်မည် မဟုတ်သည်ကို လက်ခံထားပါသည်။

၁၀။ နိုင်ငံနှင့်အဝှမ်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုရရှိရေးသည် မိမိတို့၏ ပထမဦးစားပေး ဖြစ်ပါသည်။ အားလုံးအတွက် လွတ်လပ်၍ ညီမျှသောအခွင့်အရေး၊ တရားမျှတမှုရှိရေး မူအပေါ်အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်တစ်ရပ်ကို တည်ဆောက်ရန် အစိုးရမှ သန္နိဋ္ဌာန်ချထားပါသည်။

# မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ မစ္စ ယန်ဟီလီ သတင်းစာရှင်းလင်းပွဲပြုလုပ်



**ရန်ကုန် ဇူလိုင် ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ချက်ထရီယံ ဟိုတယ်၌ ပြုလုပ်သည်။ **(ယာပုံ)**

မစ္စ ယန်ဟီလီပြောကြားရာတွင် ဇူလိုင် ၉ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၁၂ ရက်ကြာ ခရီးစဉ်အတွင်း ရန်ကုန်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း မိမိအား ပံ့ပိုးကူညီမှုအရပ်ရပ်အတွက် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ကျောက်ဖြူ၊ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောတို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း လားရှိုးမြို့သို့ သွားရောက်ခွင့်ရရှိခဲ့ပြီး ကရင်ပြည်နယ်ခရီးစဉ်အတွင်း ဘားအံမြို့သို့ ရောက်ရှိခဲ့ပါကြောင်း။

ယခုခရီးစဉ်သည် မြန်မာအစိုးရအဖွဲ့သစ်လက်ထက်တွင် တတိယမြောက်ခရီးစဉ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ်သည် ကုလသမဂ္ဂနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုကို လိုလားသည်ဟု မိမိနားလည်မိပါကြောင်း၊ မိမိအနေဖြင့် တွေ့ရှိချက်များအပေါ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အစီရင်ခံစာ တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

လားရှိုးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ပဋိပက္ခကြောင့် ဒုက္ခရောက်နေသော အရပ်သားများရှိသည်ဟုလည်း ကြားသိရပါကြောင်း၊ ယခုခရီးစဉ်အတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအခြေအနေဆက်နွှယ်မှုကို အဓိကပြုလေ့လာနိုင်ရန် ရခိုင်ပြည်နယ် ကျောက်ဖြူသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူ၊ ထားဝယ်နှင့်သီလဝါ အထူးစီးပွားရေးဇုန်များ ဖော်ဆောင်မှုကြောင့် ဒေသခံများအပေါ် ထိခိုက်မှုရှိ၊ မရှိအခြေအနေကိုသိရှိနိုင်ရန် ဒေသခံများ၏ အရေးကိစ္စများနှင့်ပတ်သက်၍ အကျိုးဆောင်ပေးနေသောအဖွဲ့များမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်တွင် အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နှင့်ဆက်နွှယ်၍ စွဲချက်တင်ခံထားရသူများရှိသည့် ဘူးသီးတောင်အကျဉ်းထောင်၌ ထိန်းသိမ်းခံအချို့နှင့်တွေ့ဆုံခဲ့ပါကြောင်း။

ကရင်ပြည်နယ်သို့ ပထမအကြိမ် မိမိရောက်ရှိခဲ့ပြီး ဘားအံမြို့၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် မြေယာသိမ်းမှုကိစ္စများ၊ လျော်ကြေးငွေကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း။

ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) အရ တရားစွဲဆိုမှုများရှိနေသည်ဆိုသော သတင်းကိုလည်း လေ့လာခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေကိုပြင်ဆင်ရန် ကြိုးပမ်းနေကြသည်ဟုလည်း သိရပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ၎င်းတို့၏ ကဏ္ဍများအလိုက် လုပ်ငန်းများတိုးတက်အောင် မနားမနေကြိုးပမ်းဆောင်ရွက်ရန် ကတိကဝတ်ပြုမှုများနှင့်ပတ်သက်၍ မိမိကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီလူ့ဘောင်သို့ အပြည့်အဝအသွင်ကူးပြောင်းနိုင်ရေးအတွက် ခရီးဆက်လျက်ရှိရာတွင် မြန်မာနိုင်ငံကို အာဆီယံအသင်းကြီးက ကူညီပေးစေလိုကြောင်း၊ ပြည်တွင်းရေး ဝင်မစွက်ရမှုကို အကူအညီပေးရေးမူအဖြစ်သို့ ပြောင်းလဲပါရန် မိမိမေတ္တာရပ်ခံလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များ၏ သိရှိလိုသည့်မေးမြန်းမှုများအပေါ် မစ္စ ယန်ဟီလီက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအပြီးတွင် မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင်အားလုံးပါဝင်နိုင်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၇ ခုနှစ် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာ ဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရောင်ခြည်သစ်အရပ်ဘက်လူမှုအဖွဲ့အစည်း၊ IFES အဖွဲ့တို့နှင့်ပူးပေါင်းကာ ယနေ့တွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥပဒေမူဘောင်၊ နိုင်ငံရေးပါတီဦးဆောင်မှုနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်လုံခြုံရေး၊ အသိပညာပေးခြင်း၊ စည်းရုံးဆော်သြခြင်းနှင့် အနာဂတ်အတွက် အပြောင်းအလဲကို ဆောင်ကြဉ်းဖော်ဆောင်ခြင်း စသည့်ကဏ္ဍများကို စုပေါင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်သူ ၁၄၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကျားမတန်းတူညီမျှမှုရှိစေရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျားမတန်းတူညီမျှမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Gender Working Group) ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးသဘောတူခဲ့ကြသည်။

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် Joint Gender Working Group ၏ မြန်မာနိုင်ငံအတွင်း ကျားမတန်းတူညီမျှမှုရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ကျားမတန်းတူညီမျှစွာပါဝင်လာစေရေးအတွက် လက်တွေ့တွင် ခိုင်ခိုင်မာမာ အကောင်အထည်ဖော် ဆောင်မှုရှိရန် လိုအပ်ကြောင်း" ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးဦးတင်ထွန်းက ပြောသည်။

၂၀၁၇ ခုနှစ် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာဆွေးနွေးပွဲ၏ အကြံပြုတင်ပြချက်များကို အကောင်အထည်ဖော်ရာတွင် Joint Gender Working Group က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အနာဂတ်ရွေးကောက်ပွဲများတွင် အားလုံးပါဝင်လာစေရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း" ဦးတင်ထွန်းက ပြောသည်။

၂၀၁၇ ခုနှစ်ကျားမတန်းတူညီမျှမှုနှင့်နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သူအားလုံးက အရေးကြီးသော ကျားမတန်းတူညီမျှမှု ရည်မှန်းချက်အတွက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာမှုကြောင့် လူနေအိမ်များအတွင်း ရေဝင်ရောက်

**ကျိုက်ထို ဇူလိုင် ၂၁**

ကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၂၀ ရက် ညမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်လျက်ရှိရာ ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ်တွင် နေအိမ် ၄၂၆ လုံး၊ ဇေယျာမွန် ရပ်ကွက်တိုးချဲ့ကွက်သစ်တွင် နေအိမ် ၈၆ လုံး၊ မြောက်ပိုင်းရပ်ကွက် တိုးချဲ့ကွက်သစ်တွင် နေအိမ် ၇၉ လုံး၊ ဖက္ကလိပ်ကျေးရွာတွင် နေအိမ် ၆၀၊ တောင်သူစုရပ်ကွက်တွင် နေအိမ် ၃၇ လုံး စုစုပေါင်း နေအိမ် ၆၈၈ လုံးအတွင်းသို့ ရေများဝင်ရောက်ခဲ့သည်။ အဆိုပါနေအိမ်များမှ လူဦးရေ ၂၇၄၆ ဦးတို့အား ကော့စံနိုင်ရပ်ကွက် တောရဘုန်းကြီးကျောင်း၊ ဇေယျာမွန်ရပ်ကွက်ဓမ္မာရုံ၊ သာသနာ့ပါလ ဘုန်းကြီးကျောင်း၊ ဖက္ကလိပ်ကိုးနဝင်းဓမ္မာရုံ၊ သမလမူလတန်းကျောင်းတို့တွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးပြီး ခိုလှုံလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက် )



# ရေဝင်၍ ခေတ္တပိတ်ထားသည့် စာသင်ကျောင်းများနှင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှု ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် လိုက်လံစစ်ဆေးပြီး ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်ရန် စီစဉ်

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေချိန်မှာ ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီခွဲ မိုး/ဇလ၏တိုင်းထွာချက်အရ ၇၅၅ စင်တီမီတာဖြစ်ပြီး မြစ်ရေကျသော်လည်း မိုးရွာသွန်းမှုများသဖြင့် လမ်းများပေါ်သို့ရေတက်ရောက်မှုမှာ အတက်အကျမရှိဘဲ ရပ်ကွက်များနှင့်လမ်းများပေါ်သို့ ရေများဆက်လက်ဝင်ရောက်ဆဲဖြစ်ပြီး ဘားအံမြို့ အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းအား ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်သည့် ရပ်ကွက်များနှင့် လမ်းများ အပါအဝင် ယာယီပိတ်ထားသည့် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းအား ဇူလိုင် ၂၀ ရက် ညနေပိုင်းက ပြည်နယ် ခေတ္တဝန်ကြီးချုပ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့်ဝန်ကြီးများ၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ ပါဝင်သော အဖွဲ့များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

သံလွင်မြစ်ရေ အနည်းငယ်ကျသွားသော်လည်း မိုးဆက်လက်ရွာသွန်းသဖြင့် ရပ်ကွက်များတွင် မိုးရေနှင့်မြစ်ရေတို့ကြောင့် ရေကျသွားခြင်းမရှိဘဲ ဆက်လက်တိုးလာပါက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးရန် ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။ ထို့ပြင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှလည်း ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပါက ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မည့်ပစ္စည်းများကို အသင့်စီစဉ်ထားပြီး ဇူလိုင် ၂၀ ရက်ကလည်း ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးလင်းထွဋ် ဦးစီး၍ ရွှေဥန်းအထက်ဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေးဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား ၂၄ ပြည်ပါ ဆန်အိတ် ၁၇ အိတ်နှင့် ၁၂ ပြည်၊ ရေသန့်ဘူး တစ်လီတာဘူး ၇၂၀၊ ငါးသေတ္တာဘူး ၁၄၇ ဘူးတို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မြစ်ရေဝင်ရောက်သည့်ကျေးရွာများ လိုအပ်သည့်အကူအညီပေးနိုင်ရန် ကွင်းဆင်းကြည့်ရှု

**မင်းလှ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်နေသည့် ကျေးရွာများကို လိုအပ်သည့် အကူအညီများပေးနိုင်ရန် ဇူလိုင် ၂၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ရေဝင်ရောက်သည့် ထန်းပင်ကုန်းအုပ်စု၊ ရွှေလောင်းအုပ်စု၊ ဒီလှိုင်းအုပ်စု၊ ရှားတောကွင်းအုပ်စုတို့ကျေးရွာများအတွင်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်ဝင်းမြင့်၊ မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းဦးနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက ဒီလှိုင်းအုပ်စု ပန်းတောတာကျိုးပေါက်မှုမဖြစ်စေရန် ပန်းတောတာ ထိန်းသိမ်းစောင့်ရှောက်ရေး ဆည်မြောင်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအေးမင်းသူနှင့်အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများအား လုံခြုံရေးအားဂရုစိုက်ဆောင်ရွက်ရန်၊ မြေအိတ်၊ သဲအိတ်များ အသင့်ဆောင်ထားရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ရေဝင်ရောက်သည့် ကျေးရွာအုပ်စုများအတွင်းသို့ သွားရောက်ကြည့်ရှုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများအား မြစ်ရေပိုမိုမြင့်တက်လာပါက ပြောင်းရွှေ့နေရာချထားနိုင်ရန် လိုအပ်သည်များကို မှာကြားကြောင်း၊ စက်ရေတွင်းများအတွက် သောက်ရေသုံးရေများ အသုံးပြုရန် စက်သုံးဆီပုံးများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# ညောင်တုန်းမြို့နယ်အတွင်း ရောဝတီနှင့် ပန်းလှိုင်မြစ်ရေတက်မှုကြောင့် စာသင်ကျောင်းလေးကျောင်းယာယီပိတ်



**ညောင်တုန်း ဇူလိုင် ၂၁**

ရောဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်ကျေးရွာလေးရွာမှ စာသင်ကျောင်းလေးကျောင်းကို ဇူလိုင် ၂၁ ရက်က ပိတ်ထားခဲ့ရသည်။

အဆိုပါ မြစ်ရေမြင့်တက်မှုကြောင့် ညောင်တုန်းမြို့နယ်ကျေးရွာများရှိ ယာယီပိတ်ထားရသော ကျောင်းများမှာ ထိပ်ဝကြီးကျေးရွာအုပ်စု ကရင်ပြသာကျေးရွာ အမက(ကရင်ပြသာ)၊ ပေစိကျေးရွာအုပ်စု ကညင်ကောက်လေးကျေးရွာ အမက (ကညင်ကောက်)၊ အရွဲကျေးရွာအုပ်စု အမြောင်းကျေးရွာ အမက(အမြောင်း)၊ မြမ္မာပြသာကျေးရွာအုပ်စု ရွာသာကြီးကျေးရွာ မူလွန်(ရွာသာကြီး) စုစုပေါင်း စာသင်ကျောင်းလေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၇၈ ဦးတို့အား ယာယီပိတ်ထားရကြောင်းကို မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ မြစ်ရေကြီးခြင်းကြောင့် လူဦးရေ ၄၀၀ ကျော် ရေဘေးသင့်

**ဓနုဖြူ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ဇူလိုင် ၂၀ ရက်က မြစ်ရေကြီးခြင်းကြောင့် လူဦးရေ ၄၇၀ ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

"လက်ရှိအချိန်မှာ ရေဘေးသင့်ပြည်သူတွေကို ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး စောင့်ရှောက်ပေးထားပါတယ်။ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ကလည်း ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

ဇူလိုင် ၂၀ ရက်က မြစ်ရေကြီးခြင်းကြောင့် ဓနုဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု နှစ်စုမှ နေအိမ် ၁၂၇ လုံး၊ အိမ်ထောင်စု ၁၂၇ စု၊ လူဦးရေ ၄၇၀ ရေဘေးသင့်ခဲ့ပြီး ဇူလိုင် ၂၁ ရက်က တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ဆန်ရိက္ခာခုနစ်ရက်စာ၊ ထောက်ပံ့ငွေနှင့် First Aid Kit ၁၀ အိတ်တို့အား ရေဘေးသင့်သူများ လက်ဝယ်အရောက် အချိန်မီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မိုးညိုမြို့နယ်အတွင်း မြစ်ရေတက်မှုကြောင့် ကျောင်းများပိတ်ထားရ

**မိုးညို ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမြင့်တက်မှုကြောင့် နိုင်ငံပိုင်စာသင်ကျောင်းများ ခေတ္တပိတ်ထားရသည်။

ယခုအချိန်တွင် အထက၊ အထက(ခွဲ)၊ အလက၊ အလက (ခွဲ)၊ မူလွန်၊ အမက၊ အမက(ခွဲ)ကျောင်းများအပါအဝင် ဇူလိုင် ၁၂ ရက်မှစ၍ ဇူလိုင် ၂၁ ရက်အထိ စာသင်ကျောင်းပေါင်း ၆၇ ကျောင်းခေတ္တပိတ်ထားရပြီး ကျောင်းပိတ်ရက်များကို အဖိတ်နေ့တိုင်း အစားထိုးပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# ကျောင်းကုန်းမြို့ ဒါးကမြစ်ရေ အနည်းငယ်မြင့်တက်လျက်ရှိ

**ကျောင်းကုန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေသည် အနည်းငယ်မြင့်တက်လျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီတိုင်းထွာချက်အရ အမြင့်ပေ ၁၄ ပေခွဲသို့ ရောက်ရှိနေပြီး ကျောင်းကုန်းမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၇ ပေဖြစ်ရာ နှစ်ပေခွဲခန့်လိုသေးကြောင်း၊ ကျောင်းကုန်းမြို့မဈေး၏ ငါးဈေးတန်းအတွင်းသို့ ယနေ့ရေစတင်ဝင်ရောက်နေပြီဖြစ်ကြောင်း၊ အနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ ကျောင်းများ ခေတ္တပိတ်

**လက်ပံတန်း ဇူလိုင် ၂၁**

လက်ပံတန်းမြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်း၍ မြစ်မခမြစ်ရေတက်ပြီး ကျေးရွာများအတွင်း ရေဝင်ရောက်၍ ကျောင်းများခေတ္တပိတ်ထားကြောင်း သိရသည်။ အဆိုပါကျောင်းများမှာ အမက ကြည်ကုန်း-၁၊ မူလွန်အောင်လံကုန်း-၂၊ အမက သလက်ဖက်ပင်ကုန်း၊ အမက ညောင်ပင်သာ၊ အမက ညောင်ကုန်း-၁၊ အမက လယ်တီ၊ အမက ကျီးချောင်း၊ အမက တော်လသဃအရှေ့စု၊ မူလွန်ကျောက်အိုင်၊ အမက ကျွန်းသာယာ၊ အထက(ခွဲ)တော်လသဃ စုစုပေါင်း ၁၁ ကျောင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးသည်းထန်မှုကြောင့် တောင်ပြိုမှုဖြစ်ပွား

**ရေး ဇူလိုင် ၂၁**

မွန်ပြည်နယ် ရေးမြို့နယ် ရေး-ထားဝယ် သွားကားလမ်း မလ္လဲတောင် မိုင်တိုင်အမှတ် ၁၁၄ မလ္လဲတောင်လမ်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းပေါ်တွင် ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီခွဲက တောင်ပြိုမှုဖြစ်ပွားခဲ့သည်။ မြေပြိုမှုဖြစ်ပွားရာတွင် ရန်ကုန်-ထားဝယ်မြို့သို့ ဖြတ်သန်းသွားလာသည့် မှန်လုံယာဉ်နှင့်ကုန်တင်ယာဉ် ၃၀ ခန့် ယာဉ်ပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး လမ်းလုပ်သားတစ်ဦးလည်း မြေပြိုမှုနှင့်အတူ ပျောက်ဆုံးနေကြောင်း၊ မလ္လဲတောင်အခြေစိုက် ခေါဇာလမ်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးတိုးဇေယျာလင်း ဦးစီးသော လမ်းလုပ်သားများက မြေကော်စက်တစ်စီးဖြင့် ရှင်းလင်းဖယ်ရှားခဲ့ရာ ညနေ ၅ နာရီ ၅၅ မိနစ်က လမ်းရှင်းလင်းခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။


**နေမျိုးထွဋ်(ရေး)**

# သုသာန်မြေရေလွှမ်း၍ သင်္ဂြိုဟ်မှုပြုရာတွင် အခက်အခဲဖြစ်ရ

**ရေစကြို ဇူလိုင် ၂၁**

ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ရေများဝင်ရောက်လျက်ရှိရာ ရေစကြိုမြို့နယ် ရေယှားရွာ၌ သုသာန်မြေနေရာ ရေဝင်ရောက်၍ နာရေးသင်္ဂြိုဟ်ရန် ဇူလိုင် ၁၈ ရက်က အခက်အခဲကြုံခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့အရပ်က နှစ်စဉ်ပုံမှန် ရေဝင်ရောက်တဲ့နေရာတွေပါ။ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ နှစ်စဉ်ထက် ပိုပြီး မြစ်ရေကြီးမှုတွေ များလာတယ်။ အရင်ကဆိုရင် ချင်းတွင်းမြစ်ရေတက်ရင် ဧရာဝတီမြစ်ရေကမတက်သေးဘူး။ ဧရာဝတီမြစ်ရေတက်ရင် ချင်းတွင်းမြစ်က မတက်သေးဘူး။ အခုက မြစ်နှစ်မြစ်လုံး ပြိုင်တူတက်လာတော့ ပုံမှန်ထက်ကို ကျော်လွန်လာတာတွေ ဖြစ်လာတယ်။ ဒီနှစ်လည်း ဧရာဝတီမြစ်ရော၊ ချင်းတွင်းမြစ်ရေပါ ပြိုင်တူတက်လာတော့ ကုန်းမြင့်နေရာဆိုတာ ရွာအတွင်းကုန်းမြင့် အနည်းငယ်ကလွဲရင် မရှိသလောက်ပါပဲ။ ဇူလိုင် ၁၈ ရက်က အဘွားအို တစ်ဦးရဲ့နာရေးမှာတော့ သင်္ဂြိုဟ်တဲ့အခါ အလောင်းကိုရေထဲမြှုပ်ပြီး ဂူသွင်းခဲ့ရပါတယ်။ ဒီမြစ်နှစ်မြစ်အကြားက အလယ်တကြောရွာတွေမှာ ရေအဆမတန်မြင့်တက်တဲ့အခါ နာရေးနဲ့ကြုံလာရင် တော်တော်အခက်တွေ့ကြပါတယ်။ ဇူလိုင်လ ဒုတိယပတ်ကလည်း ပေါက်တောရွာက နာရေးမှာ အလောင်းကို ရေမျှောလိုက်ရတယ်။ ဟိုးအရင်ကလည်း ဖောင်ဖွဲ့ပြီး ရေမျှောတာတွေလည်းရှိခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း ကျွန်းညို၊ လေ့ခုတ်၊ ဆင်တဲရွာတွေကတော့ မြစ်ရေတက်လာရင် ရေလွတ်အောင် အမြင့် ပေ ၂၀ လောက်ရှိတဲ့ အုတ်ခုံတွေကို တည်ပြီး အလောင်းကို အပေါ်တင် ထင်းမီးနဲ့သင်္ဂြိုဟ်တဲ့စနစ်ပြုလုပ်လာတာပါ၊ ကျေးရွာတော်တော်များများတော့ ဒါမျိုးသိပ်မရှိကြသေးပါဘူး" ဟု နာရေးတွင် လိုက်ပါပို့ဆောင်သူတစ်ဦးက ပြောသည်။



ဇူလိုင် ၁၈ ရက်က အဘွားအိုတစ်ဦး၏နာရေးတွင် သင်္ဂြိုဟ်ရန် သုသာန်မြေမှာ ရေများဝင်ရောက်၍ အုတ်ဂူများရေမြုပ်နေသည့်အတွက် ဂူအတွင်းသို့ ခက်ခက်ခဲခဲ သွင်းခဲ့ရကြောင်း သိရသည်။ အဆိုပါ ကျေးရွာများတွင် ဇူလိုင် ၂၀ ရက်မှစတင်ပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေမှာ သိသိသာသာကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

# တူရကီနှင့်ဂရိကမ်းခြေ၌ ငလျင်ပြင်းထန်စွာလှုပ်ခတ်ရာ နှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

**အန်ကာရာ ဇူလိုင် ၂၁**

အေဂျီယံပင်လယ်အတွင်းရှိ တူရကီနှင့် ဂရိကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်ရာ အချက်အချာနေရာအနီး၌ သောကြာနေ့အစောပိုင်းက အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောပြချက်အရ ဖြိုတိန်အားလပ်ရက် အပန်းဖြေသူများ၏ ဆွဲဆောင်မှုတစ်ခုဖြစ်သည့် ဂရိအပန်းဖြေကျွန်းတွင် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ရာခန့်ရှိခဲ့ကြောင်း သိရသည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သူများ၏ ကိုယ်ရေးအချက်အလက်များကို အသေးစိတ်မသိရှိရသေးပေ။

တူရကီနိုင်ငံ သဘာဝဘေးအရေးပေါ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် AFAD က ငလျင်သည် ပြင်းအား ၆ ဒသမ ၃ ရစ်ချ်တာစကေး ရှိပြီး အနီးဆုံးဖြစ်သည့် ကမ်လစ်ကျေးရွာမှ ၁၁ကီလိုမီတာ (၇ မိုင်အကွာ)ကို ဗဟိုပြုလျက် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အချို့သောသတင်းရင်းမြစ်များကမူ ငလျင်သည် ပြင်းအား ၆ ဒသမ ၇ ရစ်ချ်တာစကေးရှိသည်ဟု ဖော်ပြခဲ့ကြသည်။ တူရကီနိုင်ငံ ဘိုဒရမ်အတွင်းရှိ အေဂျီယံရေလက်ကြားတစ်လျှောက်တွင် ငလျင်လှုပ်ခတ်မှုကြောင့် လူ ၇၀ ခန့်ကိုဆေးရုံသို့ပို့ဆောင်ထားရသည်ဟု ဆိုသည်။

ည ၁ နာရီ ၃၁ မိနစ်တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုကြောင့် ထွက်ပြေးရန် ကြိုးစားခဲ့ကြစဉ်အတွင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုသည် ယခုနှစ်အတွင်း နယ်စပ်၌ဖြစ်ပွားသည့် ပြင်းအား ၆ ဒသမ ၀ အဆင့်ကို ကျော်လွန်သော ဒုတိယမြောက်ငလျင်လှုပ်ခတ်မှုဖြစ်ပြီး ထိခိုက်ပျက်စီးမှု များစွာဖြစ်ပွားနိုင်သည့်ငလျင်အမျိုးအစားဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် လူတစ်ရာခန့် ထိခိုက်ဒဏ်ရာရရှိထားကြောင်း ဆေးရုံသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ အချို့မှာဒဏ်ရာပြင်းထန်မှုမရှိကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

ဂရိအာဏာပိုင်များသည် ထိခိုက်ဒဏ်ရာရရှိသူများကို လေကြောင်းမှ ကယ်ဆယ်ရန် ရဟတ်ယာဉ်များစေလွှတ်ခဲ့ကြသည်ဟု တောင်ပိုင်း အေဂျီယံဒေသအကြီးအကဲ ယော်ဂိုစ်ဟာဂျီမာကူက ပြောကြားခဲ့သည်။

ပြင်းထန်စွာ ထိခိုက်ပျက်စီးမှုများရှိသည်ဟု ဂရိကမ်းခြေစောင့်တပ်ဖွဲ့က သတင်းပေးပို့ခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

တူရကီနိုင်ငံ မူဂလာပြည်နယ်အတွင်းရှိ ဂမ်ဘက်ဆိပ်ကမ်းမြို့၌ ငလျင်ကြောင့် ပျက်စီးသွားသည့် ရေယာဉ်များကိုတွေ့ရစဉ်





အိန္ဒိယနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ရမ်နက်သ်ကိုဗင့်ဒ်ကို ဝန်ကြီးချုပ် နရိန္ဒြာ မိုဒီနှင့် အတူတွေ့ရစဉ်

# ရမ်နက်သ်ကိုဗင့်ဒ် အိန္ဒိယနိုင်ငံ၏ ၁၄ ဦးမြောက် သမ္မတဖြစ်လာ

**နယူးဒေလီ ဇူလိုင် ၂၁**

အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်ပါတီမှ သမ္မတရွေးချယ်ခံ ရမ်နက်သ်ကိုဗင့်ဒ်ကို ယမန်နေ့က အိန္ဒိယနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ ကိုဗင့်ဒ်သည် ၎င်း၏ပြိုင်ဘက် မိုင်ရာကူးမားကို ဆန္ဒမဲအရေအတွက်အသာဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲတွင် ကိုဗင့်ဒ်သည် ဆန္ဒမဲရာခိုင်နှုန်း စုစုပေါင်း ၆၅ ဒသမ ၆၅ ရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် ကူးမားက စုစုပေါင်း ဆန္ဒမဲရာခိုင်နှုန်း ၃၄ ဒသမ ၃၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။ ကိုဗင့်ဒ်အနေဖြင့် ဂူဂျာရက်နှင့်ဂိုအာတွင် ခန့်မှန်းထားသည်ထက် ဆန္ဒမဲပိုမိုရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ မိမိအား ထောက်ခံသူများကို ကျေးဇူးတင်ရှိကြောင်း၊ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည့်အတွက် အလွန်ပျော်ရွှင်ကြောင်း၊ ဒုက္ခများကို ကျော်ဖြတ်ပြီး ကောင်းမွန်သော ဘဝရရှိရန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုဗင့်ဒ်ကပြောခဲ့သည်။

ထို့အပြင် ၎င်း၏ပြိုင်ဘက် ကူးမားက သျှရီရမ်ကိုဗင့်ဒ် အိန္ဒိယသမ္မတဖြစ်လာသည့်အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ထို့အတူ အိန္ဒိယဝန်ကြီးချုပ် မိုဒီကလည်း အောင်မြင်မှုအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ရမ်နက်သ်ကိုဗင့်ဒ်သည် လာမည့် ဇူလိုင် ၂၅ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။ **(ဟင်ဒူစတန်တိုင်းမ်၊ ဆင်ဟွာ)**

# မက္ကဆီကိုစီးတီး မူးယစ်စစ်ဆင်ရေးတွင် ရှစ်ဦးကို သုတ်သင်နိုင်

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၁**

မက္ကဆီကို စစ်ဘက်က မြို့တော် မက္ကဆီကိုတွင် ယမန်နေ့က မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးရောင်းဝယ်သူ ရှစ်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့သည်။

မက္ကဆီကိုစီးတီး အရှေ့တောင်ပိုင်းတွင် မူးယစ်ဆေးဝါးလှုပ်ရှားဆောင်ရွက်မှုများရှိသည်ဟု သတင်းပေးပို့ချက်အရ မက္ကဆီကို စစ်ဘက်က မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်မှုများ စတင်ပြုလုပ်ခဲ့ရာ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း၊ နှစ်ဦးနှစ်ဖက်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ မူးယစ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင်အပါအဝင် ရှစ်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လက်နက်အမြောက်အမြားကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ လက်နက်ကိုင်တပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရေးအဖွဲ့များကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ညနေပိုင်းတွင် အနီးအနားရှိ ဘတ်စ်ကားနှစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ မီးရှို့ခံလိုက်ရကြောင်း သိရသည်။ အဆိုပါကိစ္စကို မူးယစ်ဆေးဝါးအဖွဲ့က ပြုလုပ်သလော အခြားအဖွဲ့က ပြုလုပ်သလော ဆိုသည်ကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ဆိုင်တစ်ဆိုင်၌ပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း ဇူလိုင် ၂၁**

တရုတ်နိုင်ငံ အရှေ့ဘက် ဇီကျန်းပြည်နယ် မြို့တော် ဟန်ကျိုးရှိ သဘာဝဒေသဟု ကျော်ကြားသော West Lake အနီးရှိ ဆိုင်ကြီးတစ်ဆိုင်၌ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ပေါက်ကွဲမှုသည် ဇူလိုင် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲအားကြောင့် မီးတောက်များနှင့် မှန်ကွဲစများသည် လမ်းပေါ်တွင် သွားလာနေသော ယာဉ်များကို ထိမှန်ခဲ့ရာ ဒဏ်ရာရရှိသည့်လူဦးရေ များလာခြင်း ဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဆိုင်ပိုင်ရှင်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအနက် ၁၂ ဦးမှာ ပြင်းထန်ကြောင်း သိရသည်။ ပေါက်ကွဲမှု ဖြစ်ပြီးနောက် မီးများကို ငြိမ်းသတ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း မြို့တော်မီးသတ်ဌာနက ပြောခဲ့သည်။ ဒဏ်ရာရရှိသူများ အရေးပေါ်သွေးလိုအပ်ပါက လှူဒါန်းနိုင်ရန်အတွက် ဒေသခံများအား ပြည်နယ်သွေးလှူဌာနက တိုက်တွန်းထားကြောင်း သိရသည်။

ပြည်နယ် ကွန်မြူနစ်ပါတီခေါင်းဆောင် ချီဂျွန်က ဒဏ်ရာရရှိသူများကို အကောင်းဆုံးကုသမှုပေးရန် ညွှန်ကြားထားသည်။ ထို့အပြင် ဆိုင်ပေါက်ကွဲရသည့် အကြောင်းရင်းကို အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ထိန်းချုပ်သည့် ဆော့ဖ်ဝဲကို ပြန်လည်ဆန်းသစ်ရန် ဒီဇယ်ကားများကို အော်ဒီကားကုမ္ပဏီက ဝန်ဆောင်မှုပေး

**ဖရန့်ဖတ် ဇူလိုင် ၂၁**

ဗီမ်ခံကားထုတ်လုပ်ရေးကုမ္ပဏီ အော်ဒီသည် မော်တော်ယာဉ်မောင်းနှင်မှုဆိုင်ရာပိတ်ပင်မှုများကို ရှောင်ရှားနိုင်ရေးအတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ထိန်းချုပ်သည့် ဆော့ဖ်ဝဲကို ပြန်လည်ဆန်းသစ်မှုလုပ်ဆောင်သွားရန် ဒီဇယ်လောင်စာသုံးကားပေါင်း ၈၅၀၀၀၀ ကျော် ပြန်လည်ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

ပေါ်စ်ချီနှင့် ဘောက်စ်ဝက်ဂွန်ကားများကိုလည်း ခြောက်လုံးနှင့် ရှစ်လုံးတပ်ဆလင်ဒါအင်ဂျင်များဖြင့် ဝန်ဆောင်မှုပေးအပ်ခဲ့ကြောင်း အော်ဒီကုမ္ပဏီက ပြောကြားခဲ့သည်။ ဂျာမနီအစိုးရနှင့် ကားထုတ်လုပ်ရေးစက်ရုံသည် ဒီဇယ်ကယ်တင်ရေးစီမံချက်တစ်ရပ်ကို လာမည့်ဩဂုတ်လအစောပိုင်းမှစတင်အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းနှင့်ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ရိုက်တာသို့ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# မောင်တောမြို့နယ် နေရာပေါင်း ၄၀၀ ကျော်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မောင်တော ဇူလိုင် ၂၁**

မောင်တောမြို့နယ်အတွင်း နေရာပေါင်း ၄၀၀ ကျော်တွင် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ၂၀၁၇ခုနှစ်အတွင်း ပထမအကြိမ်အဖြစ် အသက်ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



"ကျွန်မတို့ မောင်တောမြို့နယ်မှာ ၂၀၁၅ ခုနှစ်က ပိုလီယိုရောဂါပိုးတွေ့ရှိခဲ့တဲ့ အတွက် ၂၀၁၆ ခုနှစ်ထဲမှာ အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ငါးကြိမ်တိုင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အပိုဆောင်းတိုက်ကျွေးခြင်း ဖြစ်ပါတယ်"ဟု မောင်တောမြို့ပြည်သူ့ကျန်းမာရေးဌာနတိုးချဲ့ကာကွယ်ဆေး အဖွဲ့ခေါင်းဆောင် ဒေါက်တာနုကေသီစံက မောင်တောမြို့သာသနာ့ဗိမာန်၌ ပြုလုပ်သော ကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားတွင် ပြောသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ အသက်ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ အသက် သုံးလမှ နှစ်နှစ်အတွင်း ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါက်တာနုကေသီစံက ပြောသည်။

ယင်းသို့ ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းမှာ မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ကြေညာနိုင်ရန်ဖြစ်ကြောင်း၊ ပိုလီယိုရောဂါ မဖြစ်ပွားစေရန် ကလေးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပေးရန် လိုကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများနှင့်အတူ တရားမဝင်ရောနှောဝင်ရောက်လာသူများအား ဖမ်းဆီးရမိ

**မြဝတီ ဇူလိုင် ၂၁**

ကရင်ပြည်နယ် မြဝတီမြို့တွင် တစ်ဖက်ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများ ပြန်လည်လက်ခံရေး ကျောက်လုံးကြီးကြိုဆိုရေးစခန်း၌



တစ်ဖက်ထိုင်းနိုင်ငံဘက်မှ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအားဖြတ်ကာ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းမြန်မာလုပ်သား ၈၄ ဦးနှင့်အတူ ရောနှောပြီး တရားမဝင်ဝင်ရောက်လာသူများအား ဖမ်းဆီးရမိခဲ့သည်။

ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့ ကျောက်လုံးကြီး ရွှေ့ပြောင်းလုပ်သားများ ပြန်လည်ကြိုဆိုရေးစခန်းသို့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားကြီးမှ ပြန်လည်ဝင်ရောက်လာသော မြန်မာလုပ်သား ၈၄ ဦးအနက် ခုနစ်ဦးမှာ တရားမဝင်ရောနှောပါဝင်ခဲ့သဖြင့် ပြန်လည်လက်ခံရေးစခန်းတာဝန်ကျ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန လဝကမှူး ဦးကျော်ကျော်က စစ်ဆေးမေးမြန်းရာ မည်သည့်သက်သေခံအထောက်အထား လက်မှတ်တစ်စုံတစ်ရာမပါရှိဘဲ တရားမဝင်လမ်းကြောင်းမှ တစ်ဖက် ထိုင်းနိုင်ငံသို့ ခိုးထွက်ပြီး တစ်ဖက်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ မည်သည့် သက်သေခံလက်မှတ် အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ပြန်လည် ဝင်ရောက်လာသည်ကို စစ်ဆေးသိရှိရသဖြင့် တရားမဝင် ဝင်ရောက်လာသော ရာဆင်း (၂၅ နှစ်)၊ ရှော်တီကော်တင် (၁၉ နှစ်)၊ နော်စီရာမောင် (၁၈နှစ်)၊ ဂိုရာကိုတူး (၂၀နှစ်)၊ ချာဘူတီ (၂၀နှစ်)၊ အူမွတ် (၂၀နှစ်)၊ အာရာဒူလာ၊ (၂၀ နှစ်) ခုနစ်ဦးအား မြဝတီ မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမင်းက မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# ပျားတောင်ဒေသ Mcl ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ဆန့်ကျင်ဆန္ဒပြပွဲပြုလုပ်

**မော်လမြိုင် ဇူလိုင် ၂၁**

မော်လမြိုင်မြို့ ကမ်းနားလမ်း ရေပေါ်ညဈေးကွက်လပ်၌ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက ကျိုက်မရောမြို့ ပျားတောင်ဒေသ Mcl ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ဆန့်ကျင်ဆန္ဒပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရာသို့ ကျေးရွာရှစ်ရွာမှ ဒေသခံ ၁၀၀၀ ခန့် ချီတက် လမ်းလျှောက်ခဲ့ကြသည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲကို မြို့မရဲစခန်းရှေ့ မြေကွက်လပ်တွင် စုဝေး၍ ကမ်းနားလမ်းအတိုင်း ထားဝယ်တံတားလမ်း၊ အ.ထ.က (၆)




မီးပွိုင့်လမ်းဆုံမှ အထက်လမ်းမကြီးအတိုင်း ချီတက်ပြီး အ.ထ.က(၁)သိပ္ပံလမ်းမှ ချိုးကွေ့၍ ဗဟိုလမ်းလမ်းအတိုင်း မီးပွိုင့်မှ ထားဝယ်တံတားသို့ ပြန်လှည့်ခဲ့ကြသည်။

**တင်ထွဋ်(မော်လမြိုင်)**

** ကျောဖုံးမှ*

ပါဝင်သော အုပ်စု(စ)တွင် မြန်မာနှင့် ဩစတြေးလျအသင်းတို့မှာ ခြောက်မှတ်စီရထားပြီး ဂိုးကွာခြားချက်တွင် ဩစတြေးလျအသင်းက အသာရထားသောကြောင့် မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေးမှာ ဩစတြေးလျနှင့် နောက်ဆုံးပွဲက အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ခုနစ်ဦးသာ ပြန်ပါလာကာ ဒဏ်ရာမှ ပြန်ကောင်းလာသည့် ငြိမ်းချမ်းအောင်အပါအဝင် ရန်ပိုင်းစိုး၊ သောင်လျှပ်ထန်နှင့် နိုင်လင်းထွန်းတို့ကို ပထမပွဲမှ အောင်သူ၊ စည်သူအောင်၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို၊ ဟိန်းသီဟဇော်၊ သီဟထက်အောင်၊ ဘုန်းသစ္စာမင်း(ဂိုး)တို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ဘရူနိုင်းအသင်းသည် အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း အိမ်ရှင်မြန်မာအသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ယခုပွဲတွင် ပထမဆုံးပွဲ ထွက်ခွင့်ရခဲ့သည့် ငြိမ်းချမ်းအောင်က ၁၉ မိနစ်တွင် ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ခဲ့ ပြီး ရန်ပိုင်စိုးနှင့် လှိုင်းဘိုဘိုတို့ အပိုင်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်းဒုတိယ ဂိုးရခဲ့ပြီး ညာနောက်ခံလူ နိုင်လင်းထွန်းက အဝေးမှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘရူနိုင်းကွင်းလယ်လူ ဇာရာနီ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရ၍ လက်ကျန်မိနစ်များတွင် မြန်မာအသင်းတစ်ယောက်အသာဖြင့် ကစားနိုင်ခဲ့သည်။ တစ်ယောက်အသာရထားသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ခြေအသာဖြင့် တစ်ဖက်သတ် ဖိကစားနိုင်ခဲ့သည်။ မိနစ် ၆၀ တွင် မြန်မာအသင်း တတိယ ပိုင်းရခဲ့ပြီး ငြိမ်းချမ်းအောင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ သုံးဂိုးပြတ် အနိုင်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းသည် ရန်နိုင်စိုး၊ ငြိမ်းချမ်းအောင်၊ အောင်သူတို့ကို အနားပေးခဲ့ပြီး ရှိုင်းသူရ၊ သန်းပိုင်နှင့် မောင်မောင်လွင်တို့ကို ပြောင်းလဲကစားခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲနှင့် ဩစတြေးလျက စင်ကာပူကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ပထမပွဲတွင် ဘရူနိုင်းကို နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည့် ဩစတြေးလျအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးနေ့ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းတို့ကစားမည်ဖြစ်ကာ အိမ်ရှင်မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေး အရေးပါလျက်ရှိသည်။

# ရွက်လှေပြိုင်ပွဲဝင်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံပတ္တရားမြို့တွင် ကျင်းပခဲ့သည့် 2017 Optimist World Championship ပြိုင်ပွဲကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ ယှဉ်ပြိုင်သည့် အားကစားသမားများ ယနေ့မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်ကို ကြိုဆိုသူများနှင့်အတူ တွေ့ရှိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု၍ ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံတကာပြိုင်ပွဲနှင့် ပင်လယ်ပြင်အတွေ့အကြုံကောင်းများ ရရှိခဲ့သောကြောင့် ယခုနှစ် ဩဂုတ်လတွင် ပြုလုပ်မည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် နိုင်ငံတကာနှင့်တန်းတူပါဝင်ယှဉ်ပြိုင်နိုင်မည့် အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပိုလီယိုကာကွယ်ဆေး အပိုဆောင်းထိုးနှံတိုက်ကျွေး

**ပေါက်တော ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ပေါ်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် တိုက်ကျွေးသည်။

အဆိုပါဆေးတိုက်ကျွေးရခြင်းမှာ ကလေးငယ်များ မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစ အသက် ငါးနှစ်အောက်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းထိုးနှံတိုက်ကျွေးရခြင်း ဖြစ်သည်။ ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါ်သိမ့်သိမ့်ထွန်းနှင့် သူနာပြုဆရာမများက ပထမအကြိမ်အဖြစ် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့ ၃ မိုင်စစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်ပေါ် မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ အား ၃ မိုင်စစ်ဆေးရေးဂိတ်၌ ယမန်နေ့ ညပိုင်းက ဖမ်းဆီးရမိကြောင်း သိရသည်။ မောင်တောမြို့ ၃ မိုင်စစ်ဆေးရေးဂိတ်၌ ယမန်နေ့ည ၈ နာရီ မိနစ် ၄၀ ခန့်က ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်ပေါ်ပါ ခရီးသည် ခြောက်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ မောင်တောမြို့နယ် မြို့မအရှေ့ရပ်ကွက်နေ နောရ်ဒေါလာလ်နှင့် စိုးနိုင်တို့နှစ်ဦးနှင့်အတူပါရှိသည့် ပီနံအိတ်အတွင်းမှ ငွေကျပ် သိန်း ၁၅၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ဘူးသီးတောင်မြို့နယ် ဇရန့်ချောင်းကျေးရွာအုပ်စု မောင်နုမကျေးရွာမှ အဒူဆူဝမ်း အသတ်ခံရမှု ဖြစ်စဉ်နှင့်ပတ်သက်သည့် မသင်္ကာသူတစ်ဦးအား ယမန်နေ့ ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်နုမကျေးရွာ၌ လူသတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ် ခန့်တွင် သွားရောက်ဖမ်းဆီးရာ အဆိုပါကျေးရွာနေ မာမတ်တာရှိန်းအား ဖမ်းဆီးရမိခဲ့ပြီး နယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် လသာအောက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၁**

မောင်တောမြို့နယ် လသာအောက်ကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက နေအိမ် တစ်လုံးမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မောင်တောမြို့နယ် လသာအောက်ကျေးရွာနေ အီဆု၏နေအိမ်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက မီးကြွင်းမီးကျန်မှ မီးကူးစက်လောင်ကျွမ်းခဲ့ရာ တန်ဖိုးငွေကျပ် ၁၅၀၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် အိမ်ပိုင်ရှင်အီဆုအား မီးပေါ့ဆမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်(၇၀) ပြည့် အာဇာနည်နေ့အခမ်းအနား ရေကြည်၌ ကျင်းပ

ရေကြည် ဇူလိုင် ၂၁
ရေကြည်မြို့တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁၉ ရက် နံနက်က ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ မြို့နယ်ဌာနဆိုင်ရာများက ဝါဆိုသင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ရေကြည်ခန်းမ၌ ကျင်းပသည်။



ထို့နောက် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရေကြည်မြို့ ရေကြည်ဦးပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တုရှေ့တွင် ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်၍ အလေးပြုခြင်း၊လွမ်းသူ့ပန်းခွေချခြင်းများဆောင်ရွက်ကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အောက်မေ့သတိရခြင်းအထိမ်းအမှတ်အနေဖြင့် နှစ်မိနစ် ငြိမ်သက်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်သိန်း(ပြန်/ဆက်)**

# အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲနှင့်အတူ စုပေါင်းအလှပြစက်ဘီးစီးနင်းခြင်း၊ ပျော်ပွဲရွှင်ပွဲ ရိုးရာအားကစားပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၁**
အာဆီယံထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် လူထုလမ်းလျှောက်ပွဲနှင့်အတူ စုပေါင်းအလှပြစက်ဘီးစီးနင်းခြင်း၊ ပျော်ပွဲရွှင်ပွဲ ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားရာ သြဂုတ် ၁၄ ရက်တွင် နေပြည်တော်ရှိ MICC-2 ၌ နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ်အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်းနှင့် အာဆီယံ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် လူထုလမ်းလျှောက်ပွဲ၊ စုပေါင်းစက်ဘီးအလှပြ စီးနင်းပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ရိုးရာအားကစားပြိုင်ပွဲကို သြဂုတ် ၈ ရက်နေ့ နံနက် ၆ နာရီမှ စတင်၍ လူထု လမ်းလျှောက်ပွဲနှင့် စက်ဘီးစုပေါင်း အလှစီးပွဲတို့ကို နေပြည်တော်၊ မြို့မဈေးမှ စတင်တာလွှတ်ကာ နေပြည်တော်-ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းပြုလုပ်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဂိတ်(၄)မှ ဝင်ရောက်ကာ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းအမှတ်(၃) ဘောလုံးကွင်း၌ ပန်းဝင်ပြီး စုပေါင်းကိုယ်လက်လှုပ်ရှားမှုအစီအစဉ် ပြုလုပ်မည်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် လေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့်(၂)၌ ရိုးရာအားကစား ပြိုင်ပွဲများဖြစ်သော အသင်းလိုက် ထုပ်ဆီးတိုး၊ အသင်းလိုက်လွန်ဆွဲ (ကျား၊ မ)၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ သုံးချောင်းထောက် အပြေးပြိုင်ပွဲ၊ မီတာ (၁၀၀၊ ၂၀၀) အပြေးပြိုင်ပွဲများ ကျင်းပရန်စီစဉ်ထားပါကြောင်း၊ သို့ဖြစ်၍ အဆိုပါ ရွှေရတုအထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် လိုအပ်သည့် အကြံဉာဏ်ကောင်းများ၊ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် စည်းမျဉ်းဥပဒေများ၊ ကျင်းပရန် ကြိုတင်စီစဉ်ထားရှိမှုများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနကိုယ်စားလှယ် အရာရှိကြီးများနှင့် ပြိုင်ပွဲကျင်းပမည့် အားကစားအဖွဲ့ချုပ် တာဝန်ရှိသူများက လိုအပ်သည်များကို အကြံပြုဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့လက်ရွေးစင်အသင်း ယနေ့ စတင်လေ့ကျင့်မည်

**ရန်ကုန် ဇူလိုင် ၂၁**
စက်တင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုတတိယပွဲဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၂၂ ရက် (ယနေ့) ညနေပိုင်းမှစ၍ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားအများစုမှာ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံထားရသောကြောင့် ကျန်ရှိသည့် ကစားသမားများဖြင့်သာ လေ့ကျင့်မည်ဖြစ်ပြီး MNL အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားအချို့ကို အားဖြည့်ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအကြို လေ့ကျင့်မှုများပြုလုပ်ရန် ပဏာမကစားသမား ၁၉ ဦး ရွေးချယ်ထားပြီး လက်ရွေးစင်အသင်းနှင့် ကာလရှည်ဝေးကွာနေသည့် ဝါရင့်ကစားသမား ရန်ပိုင်ကို ပြန်လည်ရွေးချယ်ထားကာ မြန်မာ ယူ-၂၂ အသင်းနှင့် ဇွန် ၂၄ ရက်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည့် MNL ALL Atar အသင်းမှ ကစားသမားအားလုံးနီးပါး ပါဝင်လာကာ သက်နိုင်နှင့် ဇင်မင်းထွန်းကို အားဖြည့်ရွေးချယ်ထားသည်။

ယင်းအသင်းကို ဦးကျော်လွင်နှင့် ဦးစိုးမြတ်မင်းတို့က တာဝန်ယူလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြ**-ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ဦးစိုင်းမောင်မောင်ဦး၊ **ဂိုး** - သီဟစည်သူ (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက် (ရန်ကုန်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ **နောက်တန်း** - ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ကျော်စွာလင်း၊ ကျော်ဇင်လွင် (မကွေး)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း** - ရန်အောင်ကျော်(ရန်ကုန်)၊ မင်းမင်းသူ (ဧရာဝတီ)၊ ဇင်မင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ စိုးမြတ်သူ (Southern)၊ ရန်ပိုင်၊ သက်နိုင်(ရတနာပုံ)၊ **ရှေ့တန်း** - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ် (ရှမ်း)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲတွင် နှစ်ပွဲကစားအပြီးတွင် သုံးမှတ်ရထားပြီး ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် ပထမပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မကာအိုအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။**ညီမြတ်သော်တာ**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၈ စီး၊ သွင်းကုန် ၆၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၃၉ စီး၊ သွင်းကုန် ၆၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၆ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၀ ရက်က မူဆယ်မှ မန္တလေးသို့ဝင်ရောက်လာသည့် Fuso အမျိုးအစားယာဉ်အား ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေး အဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသောပစ္စည်းများ နှင့်အတူ ရောနှောတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "SAMSON" Brand New Tyre 8R 22.5 14 PR(100)U ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၇၇ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲ မန်ယူက မန်စီးတီးကို အနိုင်ယူ

မန်ချက်စတာယူနိုက်တက်အသင်း၏ ရာသီအကြိုပွဲစဉ်အဖြစ် ဟောက်စ်တန်တွင် ပြိုင်ဘက်မန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့မှုသည် အလွန်ကောင်းမွန် သော လေ့ကျင့်မှုတစ်ရပ်ဖြစ်ခဲ့ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားခဲ့သည်။

အင်္ဂလန်ပြင်ပ၌ ပထမအဆုံးအကြိမ် မန်ချက်စတာဒါဘီတွင် အဲဗာတန်အသင်းမှ ကနဦး ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ခေါ်ယူထားသော တိုက်စစ်မှူး လူကာကူနှင့် ရာသီအကြို ခြေစမ်းပွဲများတွင် ခြေစွမ်းပြသပြီး ဂိုးများသွင်းယူလျက်ရှိသော လူငယ်တိုက်စစ်မှူး မားကပ်စ်ရပ်ရှ်ဖို့ဒ်တို့၏ ပွဲချိန် ၃၇ မိနစ်နှင့် ၃၉ မိနစ်တို့တွင် သွင်း ယူသောဂိုးများဖြင့် မန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟောက်စ်တန်မြို့ရှိ အင်န်အာဂျီ အားကစားကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၆၇၄၀၁ ဦးတက်ရောက်ကြည့်ရှုအား ပေးခဲ့ကြောင်း သိရသည်။

မန်ယူအသင်း၌ ယခုနွေရာသီတွင် အသစ်ဝယ်ယူထားသော လင်ဒီလော့ဖ်၊ လူကာကူတို့နှင့်အတူ နာမည်ကြီးကစားသမားများဖြစ်သော ဒီဂီယာ၊ ရပ်ရှ်ဖို့ဒ်၊ ပေါ့ဘာ၊ ဟာရဲရား၊ အမ်ခီတာရမ်၊ ဗလင်စီယာ၊ လင်ဂတ်၊ ဘလင်း၊ စမောလင်းစသည်တို့ ပွဲထုတ်ခဲ့ပြီး မန်စီးတီးတွင်လည်း အသစ်ဝယ်ယူထားသော အီဒါဆန်နှင့် ဝေါလ်ကာတို့နှင့်အတူ ကွန်ပနီ၊ ယာယာတိုရေး၊ ဖိုဒင်၊ ဒီဘရိုင်း၊ ဖာနန်ဒင်ဟို၊ စတာလင်း၊ အဂူရို စသည်ဖြင့် လူစုံနီးပါး ပွဲထုတ်လာခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးအကြိတ်အနယ်ရှိခဲ့ပြီး ဒါဘီပွဲဖြစ်သည့်အလျောက် ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပေါ့ဘာ၏ တိကျသော ဘောလုံးဖြန့်ဝေမှု၊ ဟာရဲရား၏ သေသပ်သော ပေးပို့မှု၊ လူငယ်တိုက်စစ်မှူး မားကပ်စ်ရပ်ရှ်ဖို့ဒ်၏ အတိုးအလှုပ်များနှင့် တိုက်စစ်မှူး လူကာကူတို့၏ အဆုံးသတ်သေချာမှုများက ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သည်။ ထို့အပြင် မန်စီးတီးအသင်း တိုက်စစ်မှူး အဂူရိုသည် ယနေ့ပွဲတွင် ထင်သလောက်ခြေစွမ်းပြသနိုင်ခြင်း မရှိဘဲ ဒီဘရိုင်း၏ ဖြတ်တင်ဘောများ၊ စတာလင်း၏ ထိုးဖောက်မှုများသည်လည်း မန်ယူနောက်တန်း ခံစစ်မှူးများဖြစ်သော ဗလင်စီယာ၊ စမောလင်း၊ လင်ဒီလော့ဖ်တို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် အရာမရောက်ဖြစ်ခဲ့ရသည်။ ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပွဲမှာ အေးစက်စက် ဖြစ်ခဲ့ရသည်။ မန်ယူအသင်းသည် နိုင်ငံတကာချန်ပီယံဖလား ဒုတိယမြောက်ပွဲစဉ်အဖြစ် ဇူလိုင် ၂၄ ရက်တွင် ရီးရဲမက်ဒရစ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းကလည်း ဇူလိုင် ၂၇ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့်ပင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော်**




## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ဘာစီလိုနာအသင်းသည် လီဗာပူးအသင်း၏ ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ဟို (၂၅နှစ်) အတွက် ပေါင် ၇၂သန်းဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ ဘာစီလိုနာအသင်း၏ အဆိုပါကမ်းလှမ်းမှုကို လီဗာပူးအသင်းက ပယ်ချဖွယ်ရှိကြောင်းလည်း သိရသည်။
- အာဆင်နယ်အသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား အိုဇေးလ်ကို စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်လိမ့်မည်ဟု ပိုမိုယုံကြည်လာကြောင်း သိရသည်။
- မန်ယူအသင်း၏ ကစားသမားဝယ်ယူမှုအပေါ် အာရုံစူးစိုက်မှုသည် ဖာဟင်ဟို (၂၃နှစ်)ကိုခေါ်ယူရန် မိုနာကိုအသင်းနှင့် အဆင်မပြေသောကြောင့် ယခုအခါ ပီအက်စ်ဂျီအသင်း၏ ညာနောက်ခံကစားသမား ဆာ့ဂ်အူရီယာ (၂၄နှစ်)ကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ဦးလှည့်လာပြီး အဆိုပါ အိုင်ဗရီကို့စ် လက်ရွေးစင်ကစားသမားကိုယ်တိုင်က ယခုနွေရာသီတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ပီအက်စ်ဂျီနည်းပြ အမ်မရီက အတည်ပြုခဲ့ကြောင်း သိရသည်။
- လက်စတာစီးတီးအသင်းသည် တောင်ပံကစားသမား မာရက်ဇ်အတွက် အီတလီကလပ် ရိုးမားအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း နည်းပြ ရှိတ်ခ်စပီးယားက အတည်ပြုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ပြင်သစ်ကလပ်မှ လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော အသက် ၂၆ နှစ်အရွယ် မာရက်ဇ်သည် မေလတွင် အသင်းမှထွက်ခွာချင်ကြောင်း ကြေညာထားသူဖြစ်ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် မက္ကဆီကို တိုက်စစ်မှူး ဟာနက်ဒက်ဇ်ကို ပေါင် ၁၆ သန်းဖြင့် ခေါ်ယူရန်အတွက် ဂျာမန်ကလပ် လေဗာကူဆင်အသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**

# ဦးကိုနီအားလုပ်ကြံမှုတွင် သေနတ်သမားကြည်လင်းပါလေးဦး ရုံးထုတ်၊ လိုပြသက်သေသုံးဦး စစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား လုပ်ကြံမှု၌ သေနတ်သမား ကြည်လင်းနှင့်ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျဖြိုးနှင့် အောင်ဝင်းထွန်းတို့ကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး လိုပြသက်သေ သုံးဦးကို စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရုံးအမှတ်(၆)၊ ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိဦးရဲလွင်က မီဒီယာများအား ရှင်းလင်းပြောကြားရာတွင် "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး (အထူးခုံရုံး)မှာရာဇဝတ်ကြီးအမှုအမှတ်၄၅/၂၀၁၇၊ တရားလို ရဲအုပ်မိုးနိုင်၊တရားခံ ကြည်လင်း(ခ)ဖိုးထူးပါ လေးဦး၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၁၂၂ အမှုဟာ အေးရှားဝေါကုမ္ပဏီက လုံခြုံရေးဝန်ထမ်း ဦးလှမျိုးအောင်၊ လေဆိပ်လမ်း ကားပါကင်ရှင်းလင်းရေးတာဝန်ကျ သန့်ရှင်းရေးဝန်ထမ်း ဦးအောင်မြင့်ဦး၊ အမှတ်(၅) လေဆိပ်လုံခြုံရေးရဲတပ်ဖွဲ့ဝင် ဒုရဲအုပ်ဇော်လတ်တို့က မြင်တွေ့သိရှိတာတွေကို စစ်ဆေးပါတယ်။ အမှုလိုက်ဥပဒေအရာရှိက နောက်တစ်ပတ်ရုံးချိန်းအတွက် လိုပြသက်သေတင်ပြလာတဲ့အပေါ်မှာ စစ်ဆေးမယ်လို့ ဇူလိုင်၂၈ ရက်(သောကြာနေ့)ကို ချိန်းဆိုလိုက်ပါတယ်"ဟု ပြောကြားသည်။

တရားလို အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ရောဘတ်စန်းအောင်က "ဒီနေ့မှာ လိုပြသက်သေသုံးဦးစစ်ဆေးတယ်၊ သေနတ်နဲ့ပစ်တဲ့ကိစ္စပါပဲ၊ ကြည်လင်းနောက်ကို လူထုက လိုက်ဖမ်းတဲ့ကိစ္စပေါ့၊ ခုက (၁၆) ကြိမ်မြောက် ရုံးထုတ်တာပါ၊ သက်သေ အယောက် ၈၀ မှာ လိုပြသက်သေ ရှစ်ယောက်ပဲ၊ စစ်ဆေးရသေးတယ် ဆိုပေမယ့် တရားလိုဘက်ကတိုးတက်မှုရှိတယ်လို့ ပြောရမှာပါ။ သက်သေထွက်ချက်တွေက သံကြိုးကွင်းဆက်ညီညီနဲ့ မိပါတယ်၊ အဓိကအရေးကြီးသက်သေတော့ ထွက်မလာသေးဘူး၊ မျက်မြင်သက်သေကိုပဲ စစ်ဆေးဆဲမို့ပါ"ဟု ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမျိုးသမီးငယ်များအား တရုတ်နိုင်ငံသို့ ရောင်းစားသူများအား ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားသည့် ဦးပဉ္စင်းတစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့အား ဇူလိုင် ၄ ရက် နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့မင်္ဂလာရပ်ကွက် မြို့လယ်ကျောင်းတိုက်နေ ဦးဝရသာမိ(လူအမည် မျိုးမင်းအောင်)နှင့် ပြင်ဦးလွင်မြို့ ရွာသစ်ကလေးရပ်ကွက်နေ ဒေါ်စန်းမြင့်တို့သည် နေပြည်တော် ပတ်ဝန်းကျင်မှ အသက်(၂၂ နှစ်)၊ (၂၉ နှစ်)နှင့် (၃၃ နှစ်)အရွယ် အမျိုးသမီးလေးဦးတို့အား ပြင်ဦးလွင်မြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ရမည်ဟူ၍ လည်းကောင်း၊ မန္တလေးမြို့တွင် အိမ်အကူအလုပ်လုပ်ရမည်ဟူ၍ လည်းကောင်း၊ လိမ်လည်စည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့ကြသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ ဆက်စပ်တရားခံ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် တော်ဝင်ဆံသဆိုင်နေ အာကာလင်း (ယခင်နေရပ်၊ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၊ ကန်ထောက်ကျေးရွာနေသူမှာ)မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံထားရသူ မြန်မာ အမျိုးသမီးငယ်များအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ချောင်းထဲငါးမျှားနေကြသူများ သေနတ်ဖြင့်ပစ်ခံရ၍ နှစ်ဦးဒဏ်ရာရရှိ

**နောင်ချို ဇူလိုင် ၂၁**

နောင်ချိုမြို့နယ် ကုန်းသာကျေးရွာအုပ်စု စစ်စီးဒိုးကျေးရွာအနီးကားလမ်းဘေးရှိ ချောင်း၌ ဦးမိုးဆွေ(၅၁နှစ်)၊ ဦးအောင်သူ (၅၀ နှစ်)၊ ဦးဖုန်းမြင့်နိုင် (၄၇ နှစ်) နောင်ချိုမြို့ ဘူတာရပ်ကွက်နေသူများသည် ငါးမျှားနေကြစဉ် လွယ်တောင်းကျေးရွာဘက်မှ မောင်းနှင်လာသည့် အိမ်စီးကားနှစ်စီးနှင့် လူရှစ်ဦးက လက်နက်ငယ်ကိုယ်စီဖြင့် ရောက်ရှိလာပြီး ၎င်းတို့ထဲမှ တစ်ဦးက လက်နက်ငယ်ဖြင့်ပစ်လိုက်ရာ ဦးအောင်သူတွင် ယာဘက်ခါးအောက်ပိုင်း ကျည်ဆန်ထိမှန်သွားပြီး ဦးဖုန်းမြင့်နိုင်မှာလည်း ဒဏ်ရာများရရှိခဲ့သည်။

ယင်းနောက် ထိုအဖွဲ့က မော်တော်ယာဉ်ဖြင့် ၎င်းတို့သုံးဦးစလုံးကိုတင်ဆောင်ပြီး နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာကားလမ်းအတိုင်း မောင်းနှင်လာစဉ် ဦးမိုးဆွေမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားသည်။ ဆမ္မဆယ်ကျေးရွာအနီးအရောက်တွင် ဒဏ်ရာရရှိသူနှစ်ဦးအား ဆေးဝါးကုသရန် ငွေကျပ်တစ်သိန်းပေးပြီး ယာဉ်ပေါ်မှချပေးခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးအား နောင်ချိုဆေးရုံသို့ ပို့ဆောင်ကုသထားရာမှ မန္တလေးဆေးရုံသို့ လွှဲပြောင်းကုသပေးကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# လှည့်ကင်းအဖွဲ့ ရှောင်တခင်စစ်ဆေးစဉ် လက်နက်ခဲယမ်းသယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

**သက်န်းညီနောင် ဇူလိုင် ၂၁**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့သည် သင်္ကန်းညီနောင်နယ်မြေ၌ ဇူလိုင် ၂၁ ရက်က ရှောင်တခင်စစ်ဆေးရှာဖွေစဉ် တရားမဝင်သယ်ဆောင်လာသော လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ သင်္ကန်းညီနောင် နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းဦးစီးအဖွဲ့သည် ညီနောင်ကျေးရွာ ရာအိမ်မှူး ဦးမောင်ဦး၊ ဦးကျော်မင်းစိုးတို့နှင့်အတူ ဇူလိုင် ၂၁ ရက် ည ၉ နာရီခန့်က ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ စောဖဦး(ခ)စောသိန်းရီ (၃၃ နှစ်)ဖားကလူးကျေးရွာ မြဝတီမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ပွိုင့် ၃၀ ကာဘိုင်ကျည်ဖြင့် တစ်တောင့်ချင်းပစ်ခတ်ရရှိအောင် ပြုလုပ်ထားသော အရှည် ခုနစ်လက်မခွဲ၊ ပြောင်းအကျယ် ၁ စင်တီမီတာရှိ ဒင်လက်ကိုင်မပါသည့် ကျည်ရိုက်မီးနှင့် မောင်းခလုတ်ပါ သံလုံးလုပ်သေနတ်တစ်လက်နှင့် ပွိုင့် ၃၀ ကာဘိုင်ကျည်ခြောက်တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်လုပ်သေနတ်၊ ခဲယမ်းများနှင့်အတူတွေ့ရှိခဲ့သည့် စောဖဦး(ခ)စောသိန်းရီအား သင်္ကန်းညီနောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# စလင်း၌ ဖုန်းဆိုင်ဖောက်ထွင်းခိုးယူသူများဖမ်းမိ

**စလင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဇူလိုင် ၂၀ ရက်က မိုဘိုင်းတယ်လီဖုန်းအရောင်းဆိုင်တွင် ဖောက်ထွင်းခိုးယူမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ စလင်းမြို့ဈေးမရပ်ရှိ ချမ်းငြိမ်းကို - ၂ မိုဘိုင်းတယ်လီဖုန်းဆိုင်အား ဇူလိုင် ၁၉ ရက် ည ၁၁ နာရီခွဲခန့်က လူနှစ်ဦးက ဖောက်ထွင်း၍ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ခိုးယူနေသည်ကို အဆိုပါဆိုင်ရှိ CCTV ကင်မရာမှ တွေ့ရ၍ စလင်း မြို့မရဲစခန်းသို့တိုင်ကြားရာ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်မြင့်ဝင်းနှင့်အဖွဲ့က စုံစမ်းရာ ပုထိုးဖြူရပ်နေ အောင်ဇေယျာဦး(ခ)ကြည်သာ (၁၆ နှစ်)နှင့် ပေါင်းနားရပ်နေ မင်းပြည့်ဖြိုး (၁၄ နှစ်)တို့သည် အလုပ်အကိုင်အတည်တကျမရှိဘဲ ငွေနှင့် ဟန်းဆက်ဆက်စပ်ပစ္စည်းများ ကိုင်ဆောင်နေကြကြောင်း သိရ၍ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရာ ပျောက်ဆုံးသွားသော ဟန်းဆက်ငါးလုံး၊ ငွေဖြည့်ကတ်နှင့် မယ်မိုရီကတ်များအား သိမ်းဆည်းရမိကာ ၎င်းတို့အား စလင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ စက္ကူစက်ရုံ၌ စက်ပေါင်းအိုးအတွင်းသို့ အလုပ်သမားတစ်ဦး ခြေချော်ကျ၍ သေဆုံးမှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၁-** ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)ရပ်ကွက် စက်မှုဇုန် နီလာစတားစက္ကူစက်ရုံ၌ အလုပ်သမားတစ်ဦးသေဆုံးကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး သိန်းစိုးနှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် နံနက် ၂ နာရီခန့်က နီလာစတားစက္ကူစက်ရုံမှလုပ်သား ဇင်ကို (၂၁ နှစ်)သည် စက္ကူပြုလုပ်ရာ၌ ကောက်ရိုးများထည့်၍ ပေါင်းသောအလုပ်ကို ပြုလုပ်နေစဉ် လုံးပတ် ပေ ၄၀ ခန့် အမြင့် ၁၅ ပေခန့်ရှိ ပေါင်းအိုးအတွင်းသို့ ခြေချော်ကျခဲ့သည်ကို တာဝန်ကျ စက်ရုံလက်ထောက်မန်နေဂျာ ဦးဇော်လတ် (၃၃ နှစ်)နှင့် အခြားအလုပ်သမားများက တွေ့ရှိ၍ အဆိုပါပေါင်းအိုးအတွင်းမှ အချိန်မီ ဝိုင်းဝန်းဆယ်ယူရာ ပြင်ပသို့ရောက်ရှိချိန်တွင် ခန္ဓာကိုယ်အနှံ့ ရေနွေးပူလောင်ဒဏ်ရာများ တွေ့ရှိရပြီး သေဆုံးနေ၍ ရွှေသန်လျင်နာရေးကူညီမှု အရေးပေါ် လူနာတင်ယာဉ်ဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲတပ်ဖွဲ့စခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျင်မောင်**


**အမည်မှန်**

ဦးအောင်ဆွေလတ် ၅/ကဘလ(နိုင်)၁၀၈၄၀၀၏သမီး ကန့်ဘလူမြို့နယ်၊ အထက(၁) ပဉ္စမတန်း(A)မှ မမေဘုန်းမြတ်၏ အမည်မှန်မှာ မမေဘုန်းမြတ်သူ ဖြစ်ပါကြောင်း။

**မမေဘုန်းမြတ်သူ**

**အမည်မှန်နှင့် ဖခင်အမည်မှန်**

သာစည်မြို့နယ်၊ အထက(၂) နဝမတန်း(B)မှ မသန်းရွှေ၏ အမည်မှန်မှာ မသန်းသန်းရွှေ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ငွေ ဖြစ်ပါကြောင်း။

**ဦးတင်မောင်ငွေ**
**မသန်းသန်းရွှေ**

## မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ ၁ လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာန နာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပနယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင် ကျိုက္ကစံစေတီတော်ဓမ္မာရုံ ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**မြိုင်မဟာစည်ရိပ်သာ**
**ဖုန်း-၀၉-၅၀၄၇၇၆၁**
**၀၉-၄၂၁၁၅၁၀၃၀**
**တ/ဥက္ကလာပ၊ ရန်ကုန်**

ဒီဇင်ဘာ ၂၀၁၉ အထိ **ရန်ကုန်လိုင်စင်** သက်တမ်းရှိ **Toyota Ractis 1.3 CC** ၂၀၀၇ မော်ဒယ် **ငွေရောင်** ကားကို ဝယ်ယူလိုပါက **Ph: 09 785040235** ကို ဆက်သွယ်ပါ။

## UAB Music School

**Drum, Violin, Keyboard**
လစဉ်တန်းခွဲအသစ်ရှိပါသည်။
ဂစ်တာသင်တန်းကို (၂)ပတ်(၁)ရက် ပညာဒါန ပေးနေပါသည်။
အမှတ်(၇၆)၊ ၁၂၄ အပေါ်လမ်း။ မင်္ဂလာဈေး ကြောဘက်၊ရန်ကုန်။
**Ph: 09 785040235** ကို ဆက်သွယ်ပါ။

**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေမည်၊ ပွဲခပေးရန်မလို
**Ph: 01-2339310, 01-2339355, 01-578044**

## Y.E.S. International English Language Centre

**Since 1994** ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-5:30-7:00pm 10,24 July
Mon to Thurs-3:00-5:00pm 17 July
Mon to Thurs-7:30-9:30am 24 July
Mon to Thurs-10:00-12:00am 24 July
Sat & Sun-12:30-3:30pm 15 July
Sat & Sun-12:30-3:30pm 29 July

**Pre-Intermediate English**
Mon to Thurs-1:00-3:00pm 17 July
Sat & Sun-12:30-3:30pm 15 July

**Basic Writing Course**
Sat & Sun - 3:45-6:15pm 15 July

**Grammar Foundation Course**
Mon to Thurs-3:30-5:00pm 3 July
Sat & Sun- 9:00-12:00am 15 July
Mon to Thurs-10:00-12:00am 17 July
Mon to Thurs-1:00-2:30pm 24 July

**Structure & Written Expression**
Mon to Thurs-1:00-3:00pm 10 July
Sat & Sun - 12:30-3:30pm 29 July

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00pm 3 July
Sat & Sun - 10:00-12:00am 15 July

NEW SAT , IELTS , API , AWC ,

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရန်ကုန်မြို့ တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
| --- | --- |
| (က) အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် | ရုံးအဆောက်အဦသုံးလုံး၏ခေါင်မိုး၊ လျှပ်စစ်မီး၊ ရေပိုက်၊ မိလ္လာ၊ မျက်နှာကြက် လဲလှယ်ခြင်း/ ပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်း |
| (ခ) စိုက်ပျိုးရေးလမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၉)၊ မြေကွက်အမှတ်(၄က၁၀အေ) | (၂၀'×၄၀')ရုံးအဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်း |
| (ဂ) အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ် | ရုံးသုံးယာဉ်(အရာရှိအဆင့်)နှစ်စီး၊ ရုံးသုံးယာဉ်(မီနီဘတ်စ်)တစ်စီး၊ လုပ်ငန်းသုံးယာဉ်(လိုက်ထရပ်)(တစ်စီး) စုစုပေါင်းလေးစီးဝယ်ယူလိုခြင်း |

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါစည်းကမ်းချက်များ၊ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များပါဝင်သော တင်ဒါအဆိုပြုလွှာများကို အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်တွင် (၂၄-၇-၂၀၁၇)ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး၂၄-၈-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးသို့ တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ Profile နှင့်အတူ တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရုံး၊ အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၂၄၆၅၈၁၊ ၀၁-၂၄၆၅၁၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၂၁–၆–၂၀၁၇ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၄–၈–၂၀၁၇** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါကစစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ်၀၁၃၆–၃၀၃၃၁၊ ၀၁၃၆–၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)**

---

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(F)မှ မောင်ညီညီအောင် ၏ဖခင်အမည်မှန်မှာ ဦးအောင်ဘော် ၁၃/ကပန(နိုင်)၀၀၁၃၈၁ ဖြစ်ပါသည်။
**ဦးအောင်ဘော်**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်အုပ်စု၊ ရွာသစ်ကြီးရွာနေ ဦးတင်မောင်ဝင်း၏သမီး မခင်ယုမွန် ၈/စလန(နိုင်)၁၅၁၄၇၁၏ အမည်မှန်မှာ မခင်မွန်ကူးဖြစ်ပါသည်။
**မခင်မွန်ကူး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)နဝမတန်းမှ မခိုင်သင်းကြည်၏ ဖခင်အမည်မှန်မှာ မောင်ကျမ်း ၈/စလန(နိုင်)၀၂၀၀၅၂ ဖြစ်ပါသည်။ **မောင်ကျမ်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မယဉ်ယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးထွားကြီး ၈/စလန(နိုင်)၀၄၁၀၀၉ ဖြစ်ပါသည်။ **ဦးထွားကြီး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ (အထက) နဝမတန်းမှ မအေးအေးအောင်၏ဖခင် အမည်မှန်မှာ ဦးကျော်ကျော်လင်း ၈/စလန(နိုင်)၀၁၆၇၆၇ ဖြစ်ပါသည်။ **ဦးကျော်ကျော်လင်း**

### အမည်ပြောင်း
ဦးမင်းမင်း–ဒေါ်သက်သက်ဝင်းတို့၏သား ပုသိမ်မြို့ အမက(၂၃) ကသဲတန်းဒုတိယတန်း(A)မှ မောင်ဖြိုးမင်းအောင်အား မောင်စန်းမင်းသော်တာဟု ပြောင်းလဲခေါ်ပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း
မြင်းခြံမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မအေးချမ်းမိုး၏ ဖခင် ဦးကျော်ကျော်စိုး ၉/မခန(နိုင်)၁၂၀၃၁၉နှင့် ဦးကျော်စိုးမှာ တစ်ဦးတည်း ဖြစ်ပါသည်။

### အမည်ပြောင်း
ဦးရန်နိုင်အောင်၏သား စံပြ–မဟာယဂ်ဏ (အမက) ဒုတိယတန်းမှ မောင်ထွန်းလင်းအောင်အား မောင်အောင်ပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပြည့်စုံ**

### မိဘအမည်မှန်
အထက ဟုမ္မလင်း နဝမတန်း(G) မှ ကျောင်းဝင်အမှတ် (၁၁၈၄၇)မောင်အောင်လှိုင်မြင့်၏ မိဘအမည်မှန်မှာ ဦးအောင်သန်းတင့် ၅/ဟမလ(နိုင်)၀၀၀၁၃၆နှင့် ဒေါ်ချောစုလှိုင် ၅/ဟမလ(နိုင်)၁၄၃၈၈၀ ဖြစ်ပါကြောင်း ။
**ဦးအောင်သန်းတင့်–ဒေါ်ချောစုလှိုင်**

### ဖခင်အမည်မှန်
တောင်သာမြို့၊ ရွာသစ် အထက တက္ကသိုလ်ဝင်တန်း(C)မှ မဖြိုးသဇင်နှင့် သာယာမြိုင် အလက(ခွဲ)ပဥ္စမတန်းမှ မသင်းသင်းယုတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းချွန် TTA–၁၆၀၉၂၄ ဖြစ်ပါကြောင်း။ **ဦးသန်းချွန်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 4G/3947 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ဝါးကြီးအိုင် အထကတက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းဝင်အမှတ်(၁၁၀၁၄) မတင်နီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၈/မကန(နိုင်)၂၀၆၉၆၇ ဖြစ်ပါကြောင်း။ **ဦးတင်ထွေး**

---

asean

**THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCY:**

**Assistant Director**
**Disaster Management & Humanitarian Assistance Division**

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3C/1964 Toyota Hiace LH 100/Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဦး၁၂/ပဇတ(နိုင်)၀၁၅၄၅၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်**




---

### ယာဉ်မောင်းအလိုရှိသည်
ကမာရွတ်မြို့နယ် အတွင်းရှိ Company တွင်တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်း(၁)ဦး အလိုရှိသည်။ လိုင်စင်သက်တမ်း အနည်းဆုံး(၂)နှစ် ရှိရမည်။
**ဖုန်း–၀၉–၄၅၂၈၅၅၅၉၉**

### စားသောက်ဆိုင်လိုင်စင်နှင့် ပစ္စည်းများ ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန်–**
**ဖုန်း–၀၉–၄၂၀၁၂၂၆၄၁**
**၀၉–၂၆၁၄၁၈၀၆၂**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 2H/7777 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊(ထောက်ကြန့်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 2H/3849 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် BB/8398 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9F/2702 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 7J/6023 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် အခြားအကူအညီများရရှိရေးအတွက် သတင်းအချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် ကူညီစောင့်ရှောက်သူထံ ကူညီဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင် -

(၁) ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုစေဘဲ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုစေပြီး စစ်မေးရမည်။

(၂) ရှုပ်ထွေးသော မေးခွန်း၊ တစ်ဆက်တည်း မေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်း မပြုရ။

(၃) သက်သေခံ အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ မိမိသက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဖက်မှပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်းပြုရာတွင်လည်းကောင်း၊ အခြားတစ်ဖက်မှအမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ကူညီသူ သို့မဟုတ် ရှေ့နေကပြန်လှန်စစ်မေးခြင်းပြုရာတွင် လည်းကောင်း နိမိတ်ပြမေးခွန်းကိုမေးမြန်းခြင်းမပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသောကလေးသူငယ် သို့မဟုတ် မှုခင်းတွင်သက်သေအဖြစ်ပါဝင်နေသောကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်းမပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်းမပြုရ။

(င) ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် ဆက်နွှယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲလျှို့ဝှက်ထားရှိရမည်။

၉၅။ ဝန်ကြီးဌာနသည်ပြစ်မှုကျူးလွန်ခြင်းခံရသူကလေးသူငယ်၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၂၆)
## အယူခံခြင်း

၉၆။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိကပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မွေးစားခြင်းကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာမွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၉၇။ (က) လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သော အောက်ပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည်ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်-

(၁) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၂) ပုဒ်မ၁၇ အရချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၃) ပုဒ်မ ၃၂ အရ မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်ကို လိုက်နာရန်ပျက်ကွက်မှု သို့မဟုတ် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုအတွက် ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၂၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၉၈။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ လ မှ အများဆုံး ၂ နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃ သိန်းမှ အများဆုံးကျပ် ၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံး ဖြစ်စေချမှတ်ရမည် -

(က) ကလေးသူငယ်ကို အရက်၊ ဘီယာရောင်းချသောနေရာသို့ ခေါ်ဆောင်သွားခြင်း သို့မဟုတ် ဝင်ရောက်ခွင့်ပြုခြင်း၊ အရက်၊ ဘီယာဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ သောက်ရန်ခွင့်ပြုခြင်း၊

(ခ) ကလေးသူငယ်ကို လောင်းကစားရန်တိုက်တွန်းခြင်း၊သွေးဆောင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဂ) ည ကပွဲ၊ ကာရာအိုကေ၊ အနှိပ်ခန်း နေရာတစ်ခုခုတွင် ကလေးသူငယ်အား ဝင်ရောက်ခွင့်ပြုခြင်း၊

(ဃ) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊

(င) ကောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ဈေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းဝယ်ယူခြင်းမှအပ ကလေးသူငယ်က ရောင်းချသော ပစ္စည်းတစ်စုံတစ်ရာကို ဝယ်ယူခြင်း၊

(စ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးလွတ်မြောက်ရန် ကလေးသူငယ်ကိုသွေးဆောင်ခြင်း၊ အကူအညီပေးခြင်း၊ ထွက်ပြေးသည့်ကလေးသူငယ်ကိုသိလျက်နှင့် လက်ခံထားခြင်း၊ ဝှက်ထားခြင်း၊ သို့မဟုတ် မူလနေရာသို့ ပြန်လည်မသွားရောက်ရန် တားဆီးခြင်း၊

(ဆ) ကလေးသူငယ်အပေါ် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ပုံစံတစ်မျိုးမျိုးကို အသုံးပြုခြင်း၊

(ဇ) ရိုက်နှက်ပြစ်ဒဏ်ပေးမှုအပါအဝင် အပြစ်ပေးမှု ပုံစံတစ်မျိုးမျိုးကို အသုံးပြုခြင်း၊

(ဈ) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု ပုံစံတစ်မျိုးမျိုးကို အသုံးပြုခြင်း။

၉၉။ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၂ လ မှ အများဆုံး ၃ နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၅ သိန်းမှ အများဆုံးကျပ် ၁၀ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည် -

(က) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာ တစ်ခုခုကို တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) အရက်၊ ဘီယာ အရောင်းအဝယ်ပြုလုပ်သော လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(ဂ) လိင်မှုဆိုင်ရာလုပ်ငန်းနှင့်ဆက်စပ်သည့် ညကပွဲ၊ ကာရာအိုကေ၊ အနှိပ်ခန်း နေရာတစ်ခုခုတွင် ကလေးသူငယ်အား အလုပ်လုပ်ကိုင်ရန်ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(ဃ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်၊ ပြစ်မှုကျူးလွန်ခြင်းခံရသည့် ကလေးသူငယ် သို့မဟုတ် မှုခင်းတွင် သက်သေအဖြစ် ပါဝင်နေသော ကလေးသူငယ် မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များ ရယူခြင်း၊ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း၊ လူမှုဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုခြင်း သို့မဟုတ် ထိုကလေးသူငယ်နှင့် စပ်လျဉ်း၍ ကြော်ငြာခြင်း၊

(င) ကလေးသူငယ်၏ လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုအား ထိတွေ့ပွတ်သပ် ကိုင်တွယ်မှု။

၁၀၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၃ လ မှ အများဆုံး ၅ နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၇ သိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မိမိကိုယ်ကျိုးစီးပွားအတွက် ကလေးသူငယ်ကို တောင်းရမ်းစေခြင်း၊

(ခ) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်တောင်းရမ်းနေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊

(ဂ) မိမိက တောင်းရမ်းရာတွင် ကလေးသူငယ်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးပြုခြင်း၊

(ဃ) မသန်စွမ်းကလေးသူငယ်အား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အိမ်တွင်း အကြမ်းဖက်ခြင်း၊အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ခွဲခြား ဆက်ဆံခြင်း။

၁၀၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) အလုပ်အကိုင်တစ်ခုခုတွင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကို ဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ ထိခိုက်စေသော အလုပ်ခိုင်းစေခြင်း၊ ဘေးအန္တရာယ်ရှိသော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေသော အလုပ်များတွင် ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊

(ဂ) ကလေးသူငယ်ကို လက်နက်ကိုင်တပ်ဖွဲ့အတွက် တပ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊

(ဃ) လက်နက်ကိုင်ပဋိပက္ခအတွင်း ရိက္ခာများ၊ လက်နက်နှင့် ပစ္စည်းများ သယ်ယူခိုင်းခြင်းစသည့် ပံ့ပိုးရေးလုပ်ငန်းများတွင် ကလေးသူငယ်များကို အသုံးပြုခြင်း၊ လမ်းပြနှင့် အခြားပုံစံဖြင့် အသုံးပြုခြင်း၊

(င) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပြုမူဆက်ဆံမှုနှင့် နှိပ်စက်မှု ပုံစံတစ်မျိုးမျိုးကိုအသုံးပြုခြင်း။

၁၀၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် ၁၅ သိန်းမှ အများဆုံးကျပ် သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကလေးသူငယ်ကို ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်း၊

(ခ) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်က ပြည့်တန်ဆာပြုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုနေသည်ကို သိလျက်နှင့်ခွင့်ပြုခြင်း သို့မဟုတ် တမင်လျစ်လျူရှုခြင်း၊

(ဂ) ကလေးသူငယ်အား ပြည့်တန်ဆာအဖြစ်ဖြင့် ရှာဖွေရရှိသည့် အကျိုးစီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီခို၍ အသက်မွေးမြူခြင်း၊

(ဃ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ကိုယ်ကာယအလှပြင်ခန်း သို့မဟုတ် စားသောက်ဆိုင်စသည့်နေရာတစ်ခုခုတွင် ကလေးသူငယ်အား ပြည့်တန်ဆာကိစ္စအလို့ငှာ ပေါင်းသင်းဆက်ဆံရန် ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(င) လိင်မှုဆိုင်ရာ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကို အသုံးပြုခြင်း၊ငွေပေး၍ခေါ်ယူခြင်း၊ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(စ) ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းပုံကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊

(ဆ) ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်အတင်းအကျပ်ပြုလုပ်မှု၊

(ဇ) ကလေးသူငယ်အား အတင်းအကျပ် လက်ထပ်စေခြင်း။

၁၀၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ် မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း၁၀၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကလေးသူငယ်ကိုရောင်းချခြင်း၊

(ခ) ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သိလျက်နှင့် တပ်ဆင်ပေးခြင်း။

၁၀၄။ မည်သူမဆို ကလေးသူငယ်ကိုဖြစ်စေ၊ မသန်စွမ်းကလေးသူငယ်ကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၀၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၁၀၆။ ဤဥပဒေတွင် ပြစ်ဒဏ်သီးခြားသတ်မှတ်ထားခြင်းမရှိသော ခေါင်းပုံဖြတ်ခြင်းအပါအဝင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူအပြစ်ပေးခြင်းခံရမည်။

၁၀၇။ သက်ဆိုင်ရာ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် တရားမျှတမှုအလို့ငှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက ပြစ်မှုကျူးလွန်ခြင်းခံရပြီး ထိခိုက်နစ်နာသော ကလေးသူငယ်အား သင့်လျော်သည့် လျော်ကြေးပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း(၂၈)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း

၁၀၈။ အမျိုးသားကော်မတီသည် -

(က) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့်ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းပြီး ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း ပြုစေရမည်။

(ဂ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကြိုတင်ပြင်ဆင်အသင့်ပြင် ကြံ့ကြံ့ခံရေးဦးစားပေး ဘက်ပေါင်းစုံက ဖြည့်ဆည်းပေး

**ရေးသားတင်ပြသူ - မော်စီ၊ ဇင်ဖြိုး၊ ဓာတ်ပုံ -ရွှေကိုလေး**

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုများကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးအစရှိသည့် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့လာကြရပြီး ပိုမိုပြင်းထန်စွာ ခံစားလာကြရသည်ကို တွေ့မြင်နေရသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၇၁ နိုင်ငံကို လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ သဘာဝဘေးဖြစ်နိုင်ခြေနှင့် ဆုံးရှုံးနိုင်မှု ဖြစ်နိုင်ခြေမှာ ၁၇၁ နိုင်ငံထဲ၌ အဆင့် ၄၂ တွင် ရှိပြီး သဘာဝဘေးနှင့်ပတ်သက်၍ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိမှုမှာ အဆင့် ၁၅၇ တွင် ကျရောက်နေကြောင်း ၂၀၁၆ ခုနှစ် လေ့လာချက် အစီရင်ခံစာအရ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားများ သဘာဝဘေးနှင့်ဘေးဒဏ်အပေါင်းကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အမှန်တကယ် ထိရောက်သည့် စီမံခန့်ခွဲမှုစနစ်များနှင့် မူဝါဒများချမှတ်ရန် လိုအပ်ပေသည်။

ထို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှစ်ခု၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းထားသည်။

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ မြန်မာနိုင်ငံမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ ကော်မတီနဲ့ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းထားတဲ့ အခြေအနေကို ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ မြန်မာနိုင်ငံအနေနဲ့တော့ သဘာဝဘေးဆိုတာက ပုံမှန်ကျရောက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေတာပေါ့။ ဒါက ကမ္ဘာ့ရာသီဥတုပြောင်းလဲတာလည်း ပါတယ်၊ မြန်မာနိုင်ငံမှာ ဂေဟစနစ်ပြောင်းလဲတာလည်း ပါတယ်။ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ကြိုတင်လုပ်ထားရမယ့်အပိုင်းတွေ ရှိပါတယ်။ စီမံခန့်ခွဲမှု အပိုင်းမှာ ဘာလုပ်ရမလဲဆိုရင် ဘာတွေအဖြစ်များလဲဆိုတဲ့အချက်က အရေးကြီးပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ အဓိကအားဖြင့် ရေကြီးတာတွေ ရှိတယ်၊ မုန်တိုင်းရှိတယ်၊ အပူရှိန်ပြင်းထန်တယ်၊ ရေရှားပါးတယ်၊ ငလျင်ဒဏ်တွေရှိတယ်၊ မိုးကြိုးစတဲ့ ဘေးအန္တရာယ်တွေ ရှိပါတယ်။ ဒါ့အပြင် မြေပြိုတာတွေလည်းရှိတယ်။ ဒါ့ကြောင့် သဘာဝဘေးနဲ့ ပတ်သက်လို့ အမြန်တုံ့ပြန်နိုင်ဖို့လိုတယ်။ စီမံခန့်ခွဲမှုမှာ ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်။

ကမ္ဘာ့နိုင်ငံတွေနဲ့ မြန်မာနိုင်ငံ ဘာတွေကွာလဲဆိုရင် United Nation University က ပညာရှင်တွေက သဘာဝဘေးခံစားရမှုနဲ့ ပတ်သက်ပြီး သူတို့လေ့လာထားတာတွေရှိ

**ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၇၁ နိုင်ငံကို လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ သဘာဝဘေးဖြစ်နိုင်ခြေနှင့် ဆုံးရှုံးနိုင်မှု ဖြစ်နိုင်ခြေမှာ ၁၇၁ နိုင်ငံထဲ၌ အဆင့် ၄၂ တွင်ရှိပြီး သဘာဝဘေးနှင့်ပတ်သက်၍ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိမှုမှာ အဆင့် ၁၅၇ တွင် ကျရောက်နေကြောင်း ၂၀၁၆ ခုနှစ် လေ့လာချက်အစီရင်ခံစာအရ သိရသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားများ သဘာဝဘေးနှင့်ဘေးဒဏ်အပေါင်းကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ**


ဒေါက်တာ ဝင်းမြတ်အေး


ဦးစိုးအောင်


ဒေါက်တာကိုကိုအောင်

တယ်။

ကုလသမဂ္ဂနိုင်ငံတွေထဲက နိုင်ငံ ၁၇၁ နိုင်ငံကို လေ့လာလိုက်တဲ့အခါ မြန်မာနိုင်ငံဟာ သဘာဝဘေးဖြစ်မယ့် အခြေအနေနဲ့ ဆုံးရှုံးမှုရှိမယ့်အခြေအနေက ၄၂ မှာ ရောက်နေတယ်။ ၁၇၁ နိုင်ငံမှာအဆင့် ၄၂ ဆိုတော့ အဖြစ်များတယ်ပေါ့။ သဘာဝဘေးဖြစ်လာရင် တုံ့ပြန်မှုအတွက် မြန်မာနိုင်ငံက ဘယ်လောက်မှာ သွားရောက်နေလဲဆိုရင် အဆင့် ၁၅၇ မှာ ကျရောက်နေပါတယ်။

နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှာ အဆင့် ၁၅၇ ဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ သဘာဝဘေးနဲ့ပတ်သက်ရင် ရင်ဆိုင်တုံ့ပြန်နိုင်မှုအတွက် ကြိုးစားရအုံးမယ့် အခြေအနေရှိတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဆိုတာရှိတယ်။ ကော်မတီမှာ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီကော်မတီအောက်မှာ လုပ်ငန်းကော်မတီ ၁၂ ခု ရှိတယ်။

**မေး။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လုပ်ငန်းကော်မတီ ၁၂ ခုမှာ တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းကို သိချင်ပါတယ်။**

ဖြေ။ ။ လုပ်ငန်းကော်မတီ ၁၂ ခုမှာ ကျွန်တော်တို့ဝန်ကြီးဌာန က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနဲ့ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်း သိမ်းရေးလုပ်ငန်းကော်မတီနှစ်ခုကို တာဝန်ယူရပါတယ်။ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး ။ ။ တာဝန်ယူထားတဲ့ လုပ်ငန်းကော်မတီ နှစ်ခုထဲမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွေနဲ့ ပတ်သက်လို့ အဓိကဆောင်ရွက်နေတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ သဘာဝဘေးနဲ့ ပတ်သက်လို့ စီမံခန့်ခွဲမှုဥပဒေဆိုတာက ၂၀၁၃ ခုနှစ်မှာ ပေါ်ပေါက်လာတာပါ။ နည်းဥပဒေ က ၂၀၁၅ ခုနှစ်မှာပေါ်ပေါက်လာပါတယ်။ ဥပဒေ၊ နည်းဥပဒေ အရဆောင်ရွက်နေပါတယ်။ အစိုးရသစ်လက်ထက်မှာ ဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးနဲ့ ပတ်သက်တဲ့ မူဝါဒတွေ ချမှတ်ထားတာတော့ရှိတာပေါ့။

စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး ပိုမိုထိရောက်အောင် ဆောင်ရွက်ဖို့ မူဝါဒတွေရှိတယ်။ မြန်မာနိုင်ငံက ပြည်သူ ပြည်သားတွေက ဘေးကျရောက်လာရင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိတဲ့ လူ့အသိုက်အဝန်းတစ်ခု ဖြစ်အောင်ဆောင်ရွက်ရမယ်။ အဲဒီလို ဆောင်ရွက်မှုတွေဖြစ်အောင် တကယ်ထိရောက်တဲ့ စီမံခန့်ခွဲမှုစနစ်တွေနဲ့ ဆောင်ရွက်ဖို့အတွက် မူဝါဒတွေချမှတ်ထားပါတယ်။ မူဝါဒကို အကောင်အထည်ဖော်ဖို့ဆိုတာက ဝန်ကြီးဌာန တစ်ခုတည်းမရပါဘူး။ အဓိက ပြည်သူပါရပါမယ်။ ဒါ့အပြင် လူမှုအဖွဲ့အစည်းတွေ ပါဝင်သလို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာရှိတယ်။ ကျွန်တော်တို့နိုင်ငံက အရှေ့တောင်အာရှမှာ ပါဝင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် အရှေ့တောင်အာရှနိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ရတာရှိသလို ဒေသတွင်းနဲ့ ပြင်ပနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေနဲ့လည်း ဆက်သွယ်ဆောင်ရွက်ရတာ ရှိပါတယ်။

**မေး။ ။ တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်းကော်မတီနှစ်ခုနဲ့ပတ်သက်လို့ ဝန်ကြီးအနေနဲ့ ခြုံငုံရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အဓိက သဘာဝဘေးနဲ့ပတ်သက်ရင် အဆင်သင့်ဖြစ်ရမယ်။ အဆင်သင့်ဖြစ်ဖို့အတွက်ဆိုရင် ပြည်သူတွေက အဓိက ပါဝင်ရပါမယ်။ ပြည်သူတွေ ပါဝင်ရတာ ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ အဆင်သင့်ဖြစ်အောင် အသိပညာကို နည်းမျိုးစုံနဲ့ ပေးတယ်။ မုန်တိုင်းဆိုရင်ဘယ်လိုတုံ့ပြန်ရမယ်။ ငလျင်ဆိုရင်ဘယ်လိုတုံ့ပြန်ရမယ်။ ရေကြီးလာရင် ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်၊ ဘယ်လိုတုံ့ပြန်ရမယ် ဆိုတာကို တတ်သိနားလည်ထားရပါမယ်။ ကျွန်တော်တို့နိုင်ငံက အဆောက်အအုံတွေ၊ လမ်းတံတားတွေ မခိုင်ခံ့ဘူး။ ဒါကြောင့် အဆင်သင့်မဖြစ်ဘူး။ ၁၇၁ နိုင်ငံမှာ အဆင့် ၁၅၇ ဖြစ်နေတယ်။

ပို့ဆောင်ရေးနဲ့ပတ်သက်ရင် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း ရှိပါတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းမှာ လုံခြုံမှုမရှိပါဘူး။ လက်ရှိအခြေအနေမှာ လုံခြုံမှုလိုနေတယ်။ ကုန်းလမ်းကနေသွားရင် သဘာဝဘေးကျရောက်တဲ့အချိန်မှာ ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်သလား။ လမ်းတွေပျက်နေသလား။ တံတား တွေပျက်နေသလား စသည်ဖြင့် အဆင်သင့်မဖြစ်သေးတဲ့ အထဲမှာပါတယ်။ ဒီအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ ခုဆိုရင် လမ်းပန်းဆက်သွယ်ရေး တော်တော်လေးကောင်းလာပါပြီ။ ဆက်ပြီးတော့လည်း ကြိုးစားလုပ်ဆောင်နေပါ တယ်။

ရေလမ်းနဲ့ပတ်သက်ရင်လည်း လုံခြုံမှုတွေ အများကြီးလိုသေးတယ်။ အဆင်သင့် ဆောင်ရွက်ဖို့ကိစ္စတွေလည်းရှိသေးတယ်။ လေလမ်းဆိုရင်လည်း ရဟတ်ယာဉ်တွေ နည်းနေသေးတယ်။ သဘာဝဘေးကျရောက်တိုင်း လုံခြုံရေးအတွက်ရော၊ ရှာဖွေကယ်ဆယ်ရေးအတွက်ပါ တပ်မတော်က ပါဝင်ဆောင်ရွက်နေပါတယ်။

သဘာဝဘေးနဲ့ပတ်သက်လို့ ပစ္စည်းတွေရောက်အောင် ပို့ချင်တယ်ဆိုရင် တပ်မတော်လေယာဉ်တွေ သုံးလို့ရတယ်။ ရဟတ်ယာဉ်တွေ၊ ကယ်ဆယ်ရေးနဲ့ ရှာဖွေရေးတွေမှာ အသုံးပြုလို့ရတယ်။ ထပ်ပြီးတော့ အားဖြည့်ဖို့လိုပါသေး တယ်။ ဒါကြောင့် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းတွေမှာ လုံခြုံမှုနဲ့ ပိုပြီးတော့ အဆင်သင့်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။

သဘာဝဘေးကျရောက်တဲ့အခါကျရင် တယ်လီဖုန်းတွေဆို အဆက်အသွယ်ပြတ်တောက်သွားတာတွေ များတယ်။ ဒါတွေမဖြစ်အောင် ကြိုးစားရမယ်။ သဘာဝဘေးကျရောက်တဲ့အခါမှာ ဒီလိုပြတ်တောက်သွားရင်တောင် ရေဒီယိုလိုင်းသုံးဆိုပြီး Single Side Band(SSB) ဆိုတာရှိတယ်။ ဒါတွေကိုတပ်ဆင်ပြီး အသုံးပြုနေပါတယ်။

သဘာဝဘေးကျရောက်တဲ့ အချိန်ကျရင် SSB နဲ့ အဆင်မပြေတာတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဆက်သွယ်ရေးလမ်းကြောင်းတွေကို IT နည်းပညာတွေ ပိုပြီးတိုးတက်အောင် ဆောင်ရွက်ရဦးမှာပါ။ ဒါမှ သဘာဝဘေးကျရင် အဆင်သင့်ဖြစ်မယ်။

နေရာတိုင်းမှာ မလစ်လပ်စေဖို့ ပို့ဆောင်ရေးတွေ၊ အဆောက်အအုံတွေ၊ လမ်းတံတားခိုင်ခံ့ရေးတွေဟာ အဆင်သင့်ဖြစ်ရေးမှာ အရေးကြီးတဲ့အတွက်ကြောင့် ကြိုးစားဆောင်ရွက်နေပါတယ်။ ရေကြီးရင် ရေလွတ်တဲ့နေရာကို ရွှေ့ရမယ်။ ရေလွတ်တဲ့အမြင့်ပေရှိတဲ့ အဆောက်အအုံအမြင့်တွေရှိဖို့ လိုပါတယ်။ ခေတ္တခိုလှုံတဲ့နေရာတွေ ပိုပြီးတော့ တိုးချဲ့ဆောက်လုပ်နေတယ်။

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနဲ့ ပတ်သက်လို့ လျှပ်စစ်စွမ်းအားအသုံးပြုမှု ပိုပြီးကောင်းအောင် ကြိုးစားရမယ်ဆိုတာကို နိုင်ငံတကာကနေ ထောက်ပြနေတာရှိပါတယ်။

ဒါတွေကို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပါတယ်။ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိအောင် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရန်ပုံငွေရှာဖွေရေး၊ ဘဏ္ဍာငွေထိန်းသိမ်းရေးနဲ့ပတ်သက်လို့ ရန်ပုံငွေတိုးတက်ရရှိလာပါတယ်။ ဒီအတွက် ထောက်ပံ့မှုတွေလည်း တိုးလာပါတယ်။ ရန်ပုံငွေရရှိရေးနဲ့ ပတ်သက်ရင် အစိုးရရန်ပုံငွေခွဲဝေချထားမှုက အရင်ကနဲ့စာရင် သုံးဆလောက်တက်လာပါတယ်။ နောက်တစ်ချက် သဘာဝဘေးနဲ့ပတ်သက်ရင် အရေးပေါ်သုံးနိုင်အောင် နိုင်ငံတော်က သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေဆိုပြီး တစ်နှစ်ကို ကျပ်ဘီလီယံ ၂၀ ထည့်ပေးနေတာ ရှိပါတယ်။ အခါအားလျော်စွာ ပြည်တွင်းက အလှူရှင်တွေရှိတယ်။ နိုင်ငံတကာ အလှူရှင်တွေရှိတယ်။ ဘဏ္ဍာငွေရှာဖွေပြီးလို့ရှိရင် ရန်ပုံငွေ ထိန်းသိမ်းရေးကပိုပြီး အရေးကြီးပါတယ်။

သို့သော်လည်း သိပ်ပြီးအရေးပေါ်လာတဲ့အခါ သဘာဝဘေးရန်ပုံငွေကနေ ဆောင်ရွက်ရတာတွေရှိပါတယ်။ အဲဒီလို သုံးစွဲပြီးရင်လည်း ပွင့်လင်းမြင်သာဖို့ စာရင်းဇယား တိတိကျကျ မှန်မှန်ကန်ကန် အစစ်ဆေးခံနိုင်အောင်အထိ ဆောင်ရွက်နေပါတယ်။

ရှေ့ဆက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းတွေကို ပိုပြီးတော့ ကောင်းသထက်ကောင်းအောင် စီမံခန့်ခွဲမှုစနစ်တွေနဲ့ အားစိုက်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလိုစီမံခန့်ခွဲတဲ့ကိစ္စတွေမှာ ရန်ပုံငွေ ရရှိရေးနဲ့ သုံးစွဲတဲ့နေရာမှာ ထိထိရောက်ရောက် သုံးစွဲနိုင်ဖို့နဲ့ ပြည်သူ့လိုအပ်ချက်တွေကို သိဖို့ဆိုတာ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ဆက်သွယ်ရတယ်။ “အစိုးရနဲ့လွှတ်တော် ပူးပေါင်းဆောင်ရွက်ရတာတွေလည်းရှိပါတယ်”ဟု ပြောသည်။

**ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှေ့ဆက်ပြီး ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအနေနဲ့က ပထမဆုံး တုံ့ပြန်ဆောင်ရွက်ရတဲ့အဖွဲ့ဖြစ်ပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှာ လုပ်ငန်းကော်မတီ ၁၂ ခုရှိသလို ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တွေရှိတယ်။ အဲဒီအပေါ်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တွေက တာဝန်ယူပြီး အမျိုးသားကော်မတီကနေ ဖွဲ့စည်းထားတဲ့ ခေါင်းစဉ်အတိုင်း ဖွဲ့စည်းကြပါတယ်။

သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လာလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်က နှစ်စဉ်ကိုဖြစ်နေတာ။ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးစလုံးမှာ ဖြစ်နေပါတယ်။

ကော်မတီအနေနဲ့ သဘာဝဘေးအန္တရာယ် ကျရောက်လာနိုင်တဲ့ အနေအထားမျိုးရှိနေတယ်ဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ သဘာဝဘေးအဖွဲ့တွေကို တရားဝင်အနေနဲ့ စာတွေပို့တယ်။ ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေကို ဖော်ပြပြီး ကြိုတင်ကာကွယ်ရမယ့်၊ ကြိုတင်ပြင်ဆင်ရမယ့် အပိုင်းတွေကို စာပို့တယ်။ ပုံတွေကိုလည်း Gmail နဲ့ပို့ပြီး ကြိုတင်ပြင်ဆင်ရေးနဲ့ ကြိုတင်ကာကွယ်ရမယ့် အပိုင်းတွေကို ဆောင်ရွက်ဖို့ လုပ်ပေးပါတယ်။

ဒါ့အပြင် ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ အရေးပေါ်တုံ့ပြန်တဲ့ လုပ်ငန်းတွေမှာလည်း သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကို လိုအပ်တဲ့ ထောက်ပံ့မှုတွေလည်းပေးရတယ်။

*စာမျက်နှာ ၁၇ သို့*

# လိုအပ်သော လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေကို ပြည်မြို့နယ်ရှိ တောင်သူလယ်သမားများထံ လာမည့် ဇူလိုင် ၂၃ရက်မှ စတင်ထုတ်ချေးပေးမည်

**ရန်ကုန် ဇူလိုင် ၂၁**



ပြည်နယ်/တိုင်း ဒေသကြီးများတွင် လယ်ယာသုံးစက်ကိရိယာများ ရောင်းချသည့် ဇုန်များဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်သူတောင်သူလယ်သမားများဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကဖွံ့ဖြိုးရေးအတွက် Public Pravite Partnership (PPP) ကို ဖော်ဆောင်လျက်ရှိပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)တွင် ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်က ကျင်းပသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ချေးငွေ Two Step Loan စီမံကိန်းတွင် ပါဝင်ကာလယ်ယာသုံးစက်ကိရိယာများ ရောင်းချမည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ချေးငွေ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ Two Step Loan သည် တောင်သူလယ်သမားများအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်မည့် နှစ်(၄၀) စီမံကိန်းဖြစ်ပြီး ယခုနှစ်တွင် Pilot Project အဖြစ် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လာမည့် ဇူလိုင် ၂၃ ရက်မှ စတင်ထုတ်ချေးမည်ဖြစ်ကြောင်း အဆိုပါတွေ့ဆုံပွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးမည့် JICA Two Step Loan ချေးငွေတွင် လယ်ယာသုံးစက်ကိရိယာရောင်းချမည့် မည်သည့်ကုမ္ပဏီမဆို ပါဝင်ယှဉ်ပြိုင်ရောင်းချနိုင်ပါကြောင်း၊ Prefect Competition နှင့် Fair Play ဖြစ်ရန် အရေးကြီးကြောင်း၊ အဓိကအားဖြင့် တောင်သူလယ်သမားများမှ စိတ်ကြိုက်ရွေးချယ်ဝယ်ယူသည့် ပုံစံဖြစ်ပါကြောင်း၊ စက်ကိရိယာများ၏ အရည်အသွေးကောင်းမွန်မှု၊ ဈေးကွက်ထိုးဖောက်နိုင်မှု၊ စက်ဝယ်ယူပြီးနောက် လိုအပ်သော ဝန်ဆောင်မှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်မှု၊ Spare Parts များ လွယ်ကူစွာရရှိနိုင်မှုတို့အပေါ် မူတည်၍ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုနှင့် တောင်သူများ၏ ယုံကြည်မှု ကွာခြားသွားမည်ဖြစ်ကြောင်း၊ စက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းရန် လုံလောက်သော လေ့ကျင့်သင်ကြားမှုပေးရန် လိုပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက အဆိုပါတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း နှစ်ပတ်လည်စည်းဝေး

**ပဲခူး ဇူလိုင် ၂၁**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ပဲခူးတိုင်းဒေသကြီး)၏နှစ်ပတ်လည်အစည်းအဝေးကိုဇူလိုင် ၁၈ ရက်ကပဲခူးမြို့ရွှေသော့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး အသင်းနာယက ဦးကျော်လှ (သမာဓိ) က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍အလုပ်အမှုဆောင်များကစည်းရုံးရေး၊ဘဏ္ဍာရေးအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် အသင်းရန်ပုံငွေအတွက် ဘဏ္ဍာငွေရှာဖွေရေး၊ ၂၀၁၈ ခုနှစ်ပြက္ခဒိန်ထုတ်လုပ်ရေး၊ အသင်းအတွက်ရရှိထားသည့်မြေနေရာ၌ အဆောက်အအုံအမြန်ဆုံးဆောက်လုပ်နိုင်ရေးနှင့် အသင်းဝင်အသစ်များအား သက်ဆိုင်ရာနယ်မြေအလိုက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ခံရေးစသည်တို့ကို စည်းဝေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်း မြစ်ကြီးနား၌ ဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၁**

မြစ်ကြီးနားမြို့၌ စီတာပူရပ်ကွက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်ရေးအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က အဆိုပါဆေးခန်း၌ ကျင်းပခဲ့သည်။

ယင်းဆေးခန်းဖွင့်ပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခေါင်နော၊ စီတာပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်၊ မန်ခိန်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးဇယ်ခေါင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းကစတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ငွေကျပ်သိန်း ၆၀၀ ကျော်အကုန်ကျခံကာ ဆေးပေးခန်းနှင့် သူနာပြုနေအိမ်နှစ်လုံးတို့ကို တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။စီတာပူကျေးလက်ကျန်းမာရေးဌာန(၂)လက်အောက်တွင် ကျေးရွာခြောက်ရွာရှိပြီး အိမ်ထောင်စု ၁၂၁၀ လူဦးရေ ၇၇၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**




*စာမျက်နှာ ၁၆ မှအဆက်*

ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ လုပ်ရတယ်။ ပြည်သူတွေအတွက် လိုအပ်နေတဲ့ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းအပိုင်းတွေမှာလည်း ဆောင်ရွက်ပေးရပါတယ်။

အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနဆိုပြီးတော့မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးရုံးမှာ ဖွင့်လှစ်ထားတာရှိပါတယ်။ EOC ကနေ တစ်ဆင့် နည်းပညာအထောက်အကူတွေကိုသုံးပြီး ဂြိုဟ်တုကသတင်း အချက်အလက်နဲ့ အခြားမိတ်ဖက်အဖွဲ့အစည်းတွေက ရရှိတဲ့သတင်းအချက်အလက်တွေကို ယူပြီး ခန့်မှန်းသုံးသပ်ပါတယ်။ EOC ကနေ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဦးစီးပြီးလိုအပ်တဲ့ ပုဂ္ဂိုလ်တွေကိုဖိတ်ခေါ်ကာစီမံခန့်ခွဲ မှုနဲ့ ဆုံးဖြတ်ချက်တွေပေးပါတယ်။

**မေး။ ။ဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်လို့ လက်ရှိဆောင်ရွက်နေတဲ့အပိုင်းကို သိချင်ပါတယ်။**

ဖြေ။ ။လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ အဓိကဘာလုပ်ပေးသလဲဆိုရင်သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာတွေကို နှစ်သိမ့်ဆွေးနွေးပြီး သူတို့ ရဲ့လိုအပ်ချက်တွေ နားထောင်တယ်။ နားထောင်ပြီး သူတို့အတွက် ဘာတွေဖြည့်ဆည်းပေးရမလဲဆိုတဲ့ အပိုင်းတွေကို ဆောင်ရွက်ပေးပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း ထိခိုက်လွယ်တဲ့အုပ်စု တစ်ခုချင်းအလိုက်ကို စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုတွေ လုပ်ရတာကမတူပါဘူး။ တုန်လှုပ်ထိတ်လန့်နေတဲ့ အနေအထားတွေ ဖြေလျှော့ပေးတဲ့အနေနဲ့ ပျော်စရာလေးတွေ စီစဉ်ပေးတယ်၊ လူငယ်ဆိုရင် လူငယ်အလျောက်၊ အမျိုးသမီးဆိုရင် အမျိုးသမီးအလျောက်၊ မသန်စွမ်းဆိုရင် မသန်စွမ်းအလျောက်၊ သက်ကြီးရွယ်အိုဆိုသက်ကြီးရွယ်အိုအလျောက်စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုတွေကို ဆောင်ရွက်ပေးပါတယ်။

သဘာဝဘေးကြောင့် မိသားစုတွေ ကွဲသွားကြတာရှိပါ တယ်။ မိသားစုပြန်လည်ပေါင်းစည်းရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်၊ မိဘမဲ့ဖြစ်သွားတဲ့အပိုင်းမှာဆိုရင် လပွတ္တာမှာ လူငယ်ထူထောင်ရေးစခန်းဖွင့်ပြီး သဘာဝဘေးကြောင့် ကျန်ရစ်ခဲ့တဲ့သားငယ်၊ သမီးငယ်တွေကို ပညာသင်ကြားပေးတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ သူတို့မိသားစုဘဝတွေ၊ သူတို့ရဲ့ဘဝတွေ ပြန်လည်တည့်မတ်လာနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတာရှိပါတယ်။

**ဒေါက်တာကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်**
**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

**မေး။ ။အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေနဲ့ သဘာဝဘေးတွေ၊ ဆုံးရှုံးမှုတွေ အနည်းဆုံးဖြစ်စေဖို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတွေကို သိပါရစေ။**

ဖြေ။ ။သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်လို့ ကြိုတင်ပြင်ဆင်ခြင်း၊ အသင့်ပြင်ဆင်ခြင်း လုပ်ငန်းတွေက အင်မတန်မှ အရေးကြီးပါတယ်။ ဒီလုပ်ငန်းတွေ ဆောင်ရွက်ခြင်းအားဖြင့် သေချာပေါက်ထိခိုက်ဆုံးရှုံးမှုတွေကို လျော့ပါးစေနိုင်မှာဖြစ်ပါတယ်။ ဒီလို လုပ်ငန်းစဉ်တွေဆောင်ရွက်ရာမှာ ပထမဦးဆုံး မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး စီမံချက်ဆိုတာရှိပါတယ်။

ဒီစီမံချက်ပေါ်မှာ မူတည်ပြီးဆောင်ရွက်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန် နိုင်မှုမြင့်မားရေးအတွက် ရင်ဆိုင်တုံ့ပြန်နိုင်ရေး အမျိုးသားအဆင့်မူဘောင်တွေလည်း ရှိပါတယ်။ မူဘောင်တွေ၊ စီမံချက်တွေပေါ် မူတည်ပြီး သဘာဝဘေးတွေနဲ့ ပတ်သက်ရင် ကြိုတင်ပြင်ဆင်ခြင်း၊ အသင့်ပြင်ဆင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက် ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အဖွဲ့အစည်းတစ်ခုတည်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့မရပါဘူး။ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအားလုံးနဲ့ အရပ်ဘက်၊ စစ်ဘက် ပူးပေါင်းဆောင်ရွက်ပါတယ်။

လူမှုရေးအဖွဲ့အစည်းတွေ၊ ကျွမ်းကျင်ပညာရှင်တွေနဲ့ အခြား NGO အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကတွေအားလုံးနဲ့ ပူးပေါင်း ဆောင်ရွက်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုနဲ့ သဘာဝဘေး ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိတဲ့ လူ့အသိုက်အဝန်းဖြစ်စေဖို့အတွက် ရည်မှန်းချက်ထားပါတယ်။

မြန်မာနိုင်ငံဟာ ဘေးအန္တရာယ်တွေ ပိုပြီးတော့လည်း ခံစားရတယ်။ အကြိမ်ရေလည်း များတယ်။ ပြင်းအားတွေလည်း များတယ်။ အဲဒါဘာကြောင့်လဲဆိုရင် ရာသီဥတု ပြောင်းလဲလာမှုကြောင့်ဆိုတာ ဘယ်သူမှငြင်းလို့မရပါဘူး။ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်အောင် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်မလဲဆိုပြီး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တယ်။ အကြံပြုချက်တွေရယူတယ်။ ဆွေးနွေးပွဲကထွက်လာတဲ့ ရလဒ်ပေါ်မှာ အခြေခံပြီး လုပ်ငန်းဆောင်ရွက်တာပဲဖြစ်ဖြစ်၊ လုပ်ငန်းဆောင်ရွက်မှု တစ်ခုချင်းစီမှာပဲဖြစ်ဖြစ်၊ ဒါတွေကို အမြဲတမ်းထည့်သွင်းဆောင်ရွက်နေပါတယ်။

ဒ့ါအပြင် မြေလျှင်ဆိုင်ရာ ဖိုရမ်တွေလုပ်ပြီး သဘာဝဘေးနဲ့ပတ်သက်ပြီး ဘယ်လိုနေရမယ်။ ဘယ်လိုထိုင်ရမယ်။ ဘယ်လိုမျိုးကြိုတင်ကာကွယ်နေရမယ်။ ကြံ့ကြံ့ခံနိုင်တဲ့လူ့အသိုင်းဝိုင်းဖြစ်အောင် အဲဒီအချက်တွေနဲ့ဆောင်ရွက်နေပါတယ်။

ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေကို ကြိုတင်ညှိနှိုင်းခြင်းအားဖြင့် စနစ်တကျလည်းဖြစ်တယ်။ တုံ့ပြန်ဆောင်ရွက်မှုမှာလည်းပိုမိုပြီးတော့ အကျိုးရှိတယ်။ ထိခိုက်ဆုံးရှုံးမှုတွေလည်း လျှော့ချနိုင်ပါတယ်။

ပြည်သူလူထု ပညာပေးလုပ်ငန်းအစီအစဉ်တွေ၊ ပြည်သူတွေနဲ့ ကြိုတင်အသိပေးခြင်းလုပ်ငန်းတွေဟာ အင်မတန်မှ အရေးကြီးတာကြောင့် အမြဲတမ်းအချိန်နဲ့တစ်ပြေးညီ စိတ်ဝင်စားစေဖို့ ဇာတ်လမ်းတိုတွေ၊ ရုပ်ပြကာတွန်းတွေအနေနဲ့ ဆောင်ရွက်နေပါတယ်။

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းတွေအတွက် အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေထည့်ဝင်ငွေ၊ ပြည်ပနိုင်ငံတွေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းတွေရဲ့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ပြည်တွင်း ပြည်ပချေးငွေတွေနဲ့ တရားဝင်ရငွေတွေ၊ ဒေသဆိုင်ရာအဖွဲ့တွေ၊ ပြည်တွင်းပြည်ပရှိ စေတနာရှင်တွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ အစိုးရမဟုတ်တဲ့ အခြားအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ငွေ၊ လှူဒါန်းငွေစတာတွေနဲ့ ထူထောင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကနေပြီးနှစ်စဉ်ကျပ် ဘီလီယံ ၂၀ ထည့်ဝင်ပါတယ်။ လက်ရှိဘဏ္ဍာငွေအခြေအနေကတော့ ၃၁ ဘီလီယံကျော် ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေနဲ့ စီမံခန့်ခွဲမှုလုပ်ငန်းတွေ တုံ့ပြန်မှု လုပ်ငန်းတွေကို မူလတာဝန်အဖြစ်ဆောင်ရွက်သလို အခြားလုပ်ငန်းကော်မတီတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ရတာတွေလည်း ရှိပါတယ်။

အလားတူ ရန်ပုံငွေရှာဖွေရေးနဲ့ ရန်ပုံငွေထိန်းသိမ်းရေးကလည်းအားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကို အမြဲတမ်းအရှိန်အဟုန်မြှင့်ပြီးကြိုးစားဆောင်ရွက်သွားမှာပါ။

နိုင်ငံတော်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲလာမှုနှင့် မြန်မာနိုင်ငံ၏ ဂေဟစနစ်ပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်နှင့် ဘေးဒဏ်ပေါင်းစုံကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေး၊ အမြန်တုံ့ပြန်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို သိရှိရသည့်အတွက် ဘာပဲဖြစ်ဖြစ် အသင့်ဖြစ်နေမည်ဟု ယုံကြည်လျက်။



# တတ်နိုင်သလောက်လုပ်အားပေးခွင့်အတွက် ကျေနပ်နေသည့် အေးမြတ်သူ

နဒီ

အာဇာနည်နေ့က ပြည်သူများ အာဇာနည်ဗိမာန်သို့ လာရောက်ကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများကို ဂါရဝပြုရာတွင် လုပကျော့ရှင်းသည့် သူနာပြု တပ်ဖွဲ့ဝင်သမီးပျိုလေးတစ်ဦးက အကူအညီများ ပေးအပ်နေသည်။

အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးသူငယ်များကို တွဲကူရင်း လူအုပ်ကြီးအကြား ဗျာများနေရသူများတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အေးမြတ်သူက ထင်ရှားစွာ ရှိနေသည်။ ပရိသတ်များကလည်း အေးမြတ်သူ၏ ပရဟိတစိတ်ထားကြောင့် ချစ်ခင်နှစ်သက်ကြသကဲ့သို့ ကူညီမှုရရှိသူများကလည်း အေးမြတ်သူကို ကျေးဇူးတင်ကြသည်။

**မေး ။ အာဇာနည်နေ့မှာ မအေးမြတ်သူရဲ့အမှတ်တရစကားလေးကို ပြောပြပေးပါဦး။**

ဖြေ ။ အမျိုးသားခေါင်းဆောင်ကြီးနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေက အားလုံးရဲ့ရင်ထဲမှာ အမြဲရှင်သန်နေပါတယ်။ ဒါကြောင့်လည်း ယနေ့အထိ အာဇာနည်နေ့ဟာ နေ့ထူးနေ့မြတ်တွေထဲမှာ ထည့်သွင်းပြီး နောင်လာနောက်သားတွေအတွက် အမှတ်ရနေဆဲဖြစ်တာပါ။ ဒီလိုနေ့မျိုးမှာ တတ်အားသရွေ့ ကူညီပေးနိုင်တဲ့အတွက် ကြည်နူးရပါတယ်။ အားလုံးက ဗိုလ်ချုပ်နဲ့ အာဇာနည်တွေကို ချစ်တဲ့စိတ်နဲ့လာကြတယ်။ ကျွန်မတို့ကလည်း လာပြီးဂါရဝပြုသူတွေ အခက်အခဲမရှိ လာရောက်နိုင်အောင် ကူညီပေးတာပါ။

**မေး ။ ပရဟိတအလုပ်တွေကို လုပ်တဲ့အခါ ဖြစ်ပေါ်လာတဲ့ခံစားချက်ကိုလည်း ပြောပြပါဦး။**

ဖြေ ။ ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်ကလိုအပ်လာတဲ့ အခြေအနေပေါ်မူတည်ပြီး တတ်အားသရွေ့ ကူညီပေးတာက ကောင်းတဲ့အလုပ်ဖြစ်ပြီး လူတိုင်းလည်းလုပ်နိုင်တဲ့အရာပါ။ သူတစ်ပါးရဲ့လိုအပ်ချက်နဲ့ အခက်အခဲလေးတွေ၊ ဘဝအမောတွေကို ဖြေဖျောက်ပေးလိုက်တာနဲ့ ကိုယ်တိုင်မှာလည်း တူညီတဲ့ ငြိမ်းချမ်းမှုကို ရပါတယ်။ ပင်ပန်းတယ်လို့လည်း မမြင်တော့ဘူး။ စိတ်ပျက်အားငယ်တာလည်း မဖြစ်တော့ဘူး။

**မေး ။ အေးမြတ်သူကိုချစ်တဲ့ပရိသတ်ကြီးကို ပြောချင်တဲ့ စကားလက်ဆောင်က။**

ဖြေ ။ စစ်ပွဲတွေ ရပ်ဆိုင်းပြီး အေးချမ်းတဲ့နိုင်ငံဖြစ်ပါစေ။ ပရိသတ်ကြီးလည်း ကျန်းမာပျော်ရွှင်ပါစေလို့ ဆုတောင်းပေးပါတယ်။ အေးမြတ်သူကိုလည်း အားပေးပါဦးလို့ ပြောပါရစေ။

# သဘင်လူမှုကူညီစောင့်ရှောက်ရေး(ဗဟို)မှ ရန်ပုံငွေပွဲများပြုလုပ်ကာ သဘင်လောကသားများကို စောင့်ရှောက်သွားမည်

သဘင်လူမှုကူညီစောင့်ရှောက်ရေး (ဗဟို) မှ သဘင်လောကသားများကို ကူညီထောက်ပံ့နိုင်ရန်အတွက် သဘင်ရန်ပုံငွေဖျော်ဖြေပွဲများ ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲကို သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) ၏ ညွှန်ကြားမှုနှင့် လုပ်ဆောင်သွားမှာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သဘင်ပညာရှင်များအနေဖြင့် ပါဝင်မှသာ ဖြစ်မြောက်နိုင်မည်ဟု သဘင်လူမှုကူညီ စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

သဘင်လူမှုကူညီစောင့်ရှောက်ရေး (ဗဟို) အတွင်းရေးမှူး တင်ဇာမိုးဝင်းက "လက်ရှိမှာတော့ သဘင်လူမှုကူညီစောင့်ရှောက်ရေးအနေနဲ့ သဘင်လောကသားတွေရဲ့ နာရေးနဲ့ ကျန်းမာရေးကို ကူညီထောက်ပံ့လျက်ရှိပြီး ပညာရေးပိုင်းကိုလည်း ဆက်လက်ထောက်ပံ့သွားဖို့ ရှိပါတယ်။ အခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာလည်း သဘင်ပညာရှင်တွေရဲ့ သားသမီးတွေက ဂုဏ်ထူးများစွာနဲ့အတူ ထူးချွန်စွာ အောင်မြင်ခဲ့ကြပါတယ်။ ဒီလိုထူးချွန်စွာအောင်မြင်ခဲ့ကြတဲ့ လူငယ်တွေကိုလည်း သဘင်အစည်းအရုံး (ဗဟို)နဲ့ သဘင်လူမှုကူညီစောင့်ရှောက်ရေးတို့မှ ဂုဏ်ပြုချီးမြှင့်သွားဖို့လည်း ရှိနေပါတယ်"ဟု ပြောကြားသည်။

မကြာသေးမီက ကျင်းပခဲ့သည့် မန္တလေးသဘင်ပညာရှင်များနှင့် ပူးပေါင်းဖျော်ဖြေသော သဘင်လူကူရန်ပုံငွေပွဲတော်ကြီးမှ နှစ်ရက်ပေါင်း အလှူငွေ စုစုပေါင်း ငွေကျပ် ၁၆၁ သိန်းငါးသောင်း လက်ခံရရှိထားပြီး မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် အလှူရှင် မိသားစုမှ ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင် သဘင်ပညာရှင်များ၏ သားသမီး ငါးဦးအား ဘွဲ့ရသည်အထိ ပညာသင်စရိတ် ထောက်ပံ့သွားမည်ဖြစ်သည်။

ယခုလ ၃ ရက်ကလည်း မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းရုံး ဗဟိုနှင့် မန္တလေးတိုင်းသဘင်အစည်းရုံးမှ ကြီးကြပ်၍ မန္တလေးတိုင်း သဘင်လူမှုကူညီ စောင့်ရှောက်ရေးအသင်းမှ စီစဉ်သည့် သဘင်ရုပ်ရှင်အနုပညာ ရန်ပုံငွေပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းဖျော်ဖြေပွဲတွင် သရုပ်ဆောင် ဝေဠုကျော်၊ သူထူးစံ၊ မင်းရာဇာ၊ မြို့ရွှေမန်းသားဖိုးချစ်၊ စွမ်း၊ မြန်မာ့သဘင် အလှဆင်သူများ၊ ပရဟိတရွှေလက်များ ဂီတ ကွန်ရက်၊ ပရဟိတလူရွှင်တော်အသင်း၊ ယွန်းရွှေရည်ပိုးထည်၊ ရွှေမင်းသမီးလေးမမနန်းခင်မွှေးတို့ ပါဝင်တင်ဆက်ခဲ့ပြီး နောက်ထပ်လည်း ရန်ပုံငွေဖျော်ဖြေပွဲများ ဆက်တိုက်ကျင်းပသွားရန်ရှိကြောင်း သိရသည်။

**ကိုလင်း**

# 'ငဘ' ရုပ်ရှင်ဇာတ်ကား ကိုရီးယားနိုင်ငံတကာရုပ်ရှင်ပြပွဲတွင် ပြသမည်




ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ သုံးရက်ကြာကျင်းပမည့် ကိုရီးယားနိုင်ငံ၏ နိုင်ငံတကာရုပ်ရှင်ပြပွဲတွင် သွားရောက်ပြသရန်အတွက် ငဘရုပ်ရှင်ဇာတ်ကား ရွေးချယ်ခြင်းခံရကြောင်း သိရသည်။ စာရေးဆရာကြီး မောင်ထင်၏ အပြောင်မြောက်ဆုံးလက်ရာ ငဘဝတ္ထုကို ဒုတိယအကြိမ်အဖြစ် ရုပ်ရှင်ပြန်လည်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်ပြီး ရိုက်ကူးရာတွင်လည်း အခက်အခဲများစွာရှိခဲ့သလို ပရိသတ်အားပေးမှုကြောင့် ၂၀၁၆ ခုနှစ် အကယ်ဒမီရွေးချယ်ပွဲအတွက် တစ်ကြိုပေးခံခဲ့ရသည့် ဇာတ်ကားကောင်းတစ်ခုလည်း ဖြစ်သည်။

ထိုဇာတ်ကားကို အကယ်ဒမီ ခင်စောမျိုးက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး အဓိက ဇာတ်ဆောင် ငဘအဖြစ် အကယ်ဒမီ ကျော်သူက ပါဝင်ရိုက်ကူးပေးခဲ့ခြင်းကြောင့် အားပေးသူအများအပြား ရှိခဲ့သည် ကိုလိုနီခေတ် ဖက်ဆစ်ဂျပန်ခေတ် ကျေးလက်လယ်သမား ပြည်သူများ၏ ဘဝပုံရိပ်တစ်စိတ် တစ်ဒေသကို ငဘရုပ်ရှင်ဇာတ်ကားတွင် မြင်တွေ့ရသည်။

အဆိုပါဇာတ်ကားမှာ ကိုရီးယားနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာ ရုပ်ရှင်ပြပွဲ၏ အပိတ်နေ့ဩဂုတ် ၁၅ ရက်တွင် ပြသခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

**နဒီ**

# အနုပညာချစ်သူများက အနုပညာရှင်များ၏ ကုန်အမှတ်တံဆိပ်များကို စိတ်ဝင်စားလာ

အနုပညာရှင်အများစုသည် မိမိတို့ကို ချစ်ခင်ကြသော ပရိသတ်များအတွက် ရည်ရွယ်ကာ အလှကုန်များ၊ လူသုံးကုန်များကို ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ကြတိုင်း ချစ်သောပရိသတ်ကလည်း အားပေးမြဲပင် ဖြစ်သည်။ ယခုလည်း အနုပညာရှင်များ၏ ကိုယ်ပိုင်အမှတ်တံဆိပ်များနှင့် အနုပညာရှင်များ တင်သွင်းဖြန့်ချိသည့် ကုန်ပစ္စည်းများကို ရောင်းချသည့် 1st Celebrity Product Fair Yangon 2017 ကို ဇူလိုင် ၁၈ ရက်နှင့် ၁၉ရက်တို့တွင် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ရောင်းချရာ ပရိသတ်များစွာက လာရောက်အားပေးခဲ့ကြသည်။

"အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်တယ်ဆိုပေမယ့် တစ်ဖက်မှာလည်း မိသားစုစားဝတ်နေရေးက ရှိသေးတယ်လေ။ ဝါသနာအရ အနုပညာကိုလုပ်တယ်။ ရတဲ့အခါလည်းရတယ်။ ပုံမှန်စီးပွားရေးတစ်ခုခုကို အခုနောက်ပိုင်းမှာ လုပ်လာကြတယ်။ ကျွန်မကတော့ ချစ်တဲ့ပရိသတ်ကြီးနဲ့လည်း အဆက်အသွယ် မပြတ်အောင်ဆိုတဲ့အတွေးနဲ့ လုပ်ဖြစ်တယ်။ ပရိသတ်က ကိုယ့်ကိုချစ်လို့ အားပေးတယ်။ ကိုယ်ကလည်း ပရိသတ်ကို မညာဘူး။ အခုလို ကုန်စည်ပြပွဲအနေနဲ့ လုပ်တာက ပျော်စရာပိုကောင်းတယ်"ဟု မေခလာက ပြောသည်။ ပြည်တွင်းအနုပညာရှင်အများစုသည် အနုပညာလုပ်ငန်းများအပြင် အောင်မြင်သည့် စီးပွားရေးလုပ်ငန်းများကိုလည်း ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ အိမ့်ချစ်ကတော့ ပေါ့ပေါ့ပါးပါးလေးတွေနဲ့ ဝယ်သူကိုလည်း အဆင်ပြေမယ့် ဒီဇိုင်းတွေ၊ ကုန်ကျစရိတ်တွေကို အများကြီးစဉ်းစားပြီးတော့မှ ရောင်းဖြစ်တာ။ ပုံမှန်ဝင်ငွေလေး တစ်ခုလည်းဖြစ်သလို ကိုယ့်ပရိသတ်ကြီးအတွက်လည်း အမှတ်တရဖြစ်စေတယ်။ အရည်အသွေးကိုရော၊ ပစ္စည်းဒီဇိုင်းကိုပါ ကန့်သတ်ထားတယ်။ ဈေးကိုလည်း အသက်သာဆုံးဖြစ်အောင် စီစဉ်ထားတယ်"ဟု အိမ့်ချစ်က ပြောသည်။ အဆိုပါ ကုန်စည်ပြပွဲတွင် အနုပညာရှင်များက မိမိတို့၏ ကုန်ပစ္စည်းများကို ပြသ ရောင်းချခဲ့ကြပြီး နာမည်ကြီး ဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များကလည်း Product အသီးသီးကို ထုတ်လုပ်ပြသခဲ့ကြသည်။

**နဒီ**

# ကလေးတွေက အပြစ်ကင်းတယ်ဟု အလှူရှင် အေးဝတ်ရည်သောင်းပြောကြား

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ သက်တုံ ရေမောင်းကုန်းပရဟိတကျောင်းကို ရောက်ရှိပြီး ကလေးငယ်များအတွက် အလှူဒါနပြုခဲ့ကာ ပျော်ရွှင်စွာ အချိန်ပေးဖြစ်ခဲ့သည့် အေးဝတ်ရည်သောင်းက ပရဟိတလုပ်ငန်းများကို ငယ်စဉ်ကတည်းကပင် စိတ်ဝင်စားခဲ့ကြောင်း ပြောကြားသည်။



"ကလေးတွေက အပြစ်ကင်းတယ်။ သူတို့ရဲ့ခံစားချက်က ရိုးစင်းတယ်လေ။ လူကြီးတွေလို ဟန်ဆောင်ခြင်း၊ ထိန်းချုပ်ခြင်းတွေမပါတော့ အမှားဆိုရင်တောင် ချစ်စရာကောင်းတယ်။ ကျွန်မက ငယ်ငယ်ကတည်းက ပရဟိတလုပ်ငန်းတွေကို ဝါသနာပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းဖြစ်ခွင့်ရတာက ကံကောင်းတာပဲ။ အကြောင်းကြောင်းကြောင့် အမြဲတမ်း နေရာအနှံ့သွားလှူဖို့ကျ အခက်အခဲရှိတယ်"ဟု အေးဝတ်ရည်သောင်းက ပြောသည်။

ရေမောင်းကုန်းပရဟိတ ကျောင်းသည် မိဘမဲ့ကလေးများအား လက်ခံပညာသင်ကြားပေးနေသည့် ကျောင်းတစ်ကျောင်းဖြစ်ပြီး ကလေးငယ် ၂၀၀ ဝန်းကျင်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အလှူရှင်များ လာရောက် လှူဒါန်းမှုအားနည်းကြောင်း ၎င်းက ပြောသည်။

အေးဝတ်ရည်သောင်းက ကလေးများအတွက် အာဟာရများနှင့် ကစားစရာများလှူဒါန်းခဲ့ပြီး ဆက်သွယ်လှူဒါန်းလိုသည့် ပရိသတ်များကိုလည်း ဆရာတော်၏ ဖုန်းနံပါတ်ဖြစ်သည့် ၀၉-၇၉၁၄၀၇၅၅၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း လူမှုကွန်ရက်တွင် ရေးသားထားသည်။

**နဒီ**




## သံသရာအတွက် အတူပါရှိမည့်အရာများကို ဦးစားပေးလုပ်ဆောင်နေသည့် ဂျွန်လွင်

မော်ဒယ်လောကတွင် နှစ်ပေါင်း (၂၅)နှစ်ကျော်ဖြတ်သန်းလာခဲ့ပြီး အောင်မြင်သည့် အနုပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သူ၊ မြန်မာပြည် မော်ဒယ်လောကကို ဦးဆောင်နေသော ဦးဂျွန်လွင် (Stars & Models) မှာ ယခုဆိုလျှင် အသက် ၅၀ ပြည့်ခဲ့ပြီဖြစ်သည်။ အနုပညာအလုပ်များကို ဝါသနာရင်းစွဲဖြင့် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ပရဟိတအကျိုးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခက်အခဲရှိနေသည့် နေရာများ၊ လိုအပ်နေသည့် နေရာအများစုတွင် ပေးကမ်းလှူဒါန်းမှုများ မပြတ်ပြုလုပ်နေသည့် ဂျွန်လွင်က ယခု အသက် ၅၀ ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် "သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်၊ ကျွန်တော်အသက် (၅၀) ပြည့် မွေးနေ့အလှူအဖြစ်မှ မဟုတ်ပါဘူး။ နာတာရှည် ဝေဒနာခံစားရသူများ၊ ဆေးကုသမှုခံယူရန်အတွက် အခက်အခဲကြုံတွေ့နေရသူများကို အမြဲလိုလို လှူဒါန်းဖြစ်ပါတယ်၊ ဒါ့အပြင် ရွှေတိဂုံစေတီမှာလည်း အသက် (၅၀) ပြည့်အဖြစ် ဒံပေါက် ၅၀ နှင့် လမ်းဘေးခွေးများကိုလဲ အစားအစာတွေ ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ ကျွန်တော်ပြုသမျှကောင်းမှု အစုစုတို့ကို အမျှပေးဝေပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကင်းကွာကြပါစေ"ဟု ပြောသည်။ ဂျွန်လွင်၏နှစ် (၅၀) ပြည့် မွေးနေ့အလှူအဖြစ် နေပြည်တော်ရှိ မြတ်စုမွန်မိဘမဲ့ ဂေဟာသို့ တစ်နေ့တာ ထမင်းတစ်နပ်စာနှင့် ရေအိမ်သာ ၂၅ သိန်းတန်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး ပခုက္ကူမြို့ မျက်မမြင်ကျောင်းသို့ ငွေကျပ် ၁၆၇၄၅၀၀ နှင့် ဝေဒနာရှင်များအတွက် ထမင်းစားဆောင်ကနေ အိမ်သာကို သွားဖို့အခက်အခဲ ဖြစ်နေသည့် အဆောက်အအုံအတွက်လည်း ထပ်မံလှူဒါန်းခဲ့သေးကြောင်း သိရသည်။

"ကိုယ်ရှာတဲ့ ငွေဆိုတာ ကိုယ်သေရင်ကိုယ့်နောက်ပါလာမှာ မဟုတ်ဘူးလေ။ ဒါကြောင့် သံသရာအတွက် အကျိုးရှိစေမယ့် အလုပ်တွေကိုလုပ်ခဲ့တာပါ။ လည်ပင်းကြီးဝေဒနာရှင်တွေကိုလည်း ခွဲစိတ်ပေးခဲ့တယ်။ ဆေးကုသစရိတ်အတွက် လစဉ်ထောက်ပံ့ပေးတာလည်း ရှိတယ်"ဟု ဂျွန်လွင်ကပြောသည်။ **ဝေလင်း**

## ပြန်ဆိုတေးများက အဆိုတော်တစ်ယောက်အတွက် အချုပ်အနှောင်ဖြစ်စေဟု ပြောလာသူ



ဂီတသက်တမ်း လေးနှစ်တွင်းဝင်ရောက်လာသည့် လူငယ်အဆိုတော် ဇွဲပြည့်က ပရိသတ်အတွက် တတိယမြောက် တစ်ကိုယ်တော်ခွေမထွက်မီ မီနီအယ်လ်ဘမ်တစ်ခု အတွက် ပြင်ဆင်နေကြောင်း သိရသည်။ ပထမဆုံးစီးရီး အပြည်ပြည်ဆိုင်ရာ အသည်းကွဲသောနေ့ ထွက်ရှိခဲ့ပြီး ခိုလှုံရာအမည်ဖြင့် ဒုတိယစီးရီးလည်း ထွက်ရှိထားသူ ဖြစ်သည်။

**မီနီအယ်လ်ဘမ်ဖန်တီးမှု**

"ကျွန်တော်တို့ ဂီတသမားဆိုတာ ပရိသတ်နဲ့ ကင်းကွာသွားလို့ မရဘူး။ ဒါကြောင့် တစ်ကိုယ်တော်အခွေကြားထဲမှာ Mini Album လေးကို လုပ်ဖြစ်တာပါ။ အခွေတွေလုပ်ခဲ့တုန်းက ကောင်းနေလျက်နဲ့ အကြောင်းအမျိုးမျိုးနဲ့ မဆိုဖြစ်ခဲ့တဲ့ သီချင်းလေးတွေရှိတယ်။ ဒါလေးတွေနဲ့ အသစ်တွေနဲ့ ပေါင်းစပ်သွားမယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အခုခေတ်ကလည်း မီနီအယ်လ်ဘမ် ခေတ်ဖြစ်နေတော့ ကျွန်တော်လည်း ထုတ်ကြည့်တဲ့ သဘောပါ။

**ပရိသတ်နဲ့ ထပ်တူကျမယ့်သီချင်းတွေ**

သီချင်းလေးတွေကတော့ လူငယ်ကြိုက်တွေပါ။ အသည်းကွဲမိုးတိမ် ဆိုတဲ့ သီချင်းဆိုလည်း ကျွန်တော် အွန်လိုင်းမှာ တင်ထားခဲ့ဖူးတယ်။ တေးရေး လင်းရာရဲ့ မင်းကိုချစ်တယ်နဲ့ ရွှေလက်တွဲ ဆိုတဲ့ သီချင်းတွေဆိုလည်း လူငယ်တွေကြိုက်ကြမယ်လို့ ထင်ပါတယ်။ ပရိသတ်က နားထောင်လိုက်တာနဲ့ ဒါဇွဲပြည့်ဆိုပြီး သိနိုင်မယ့် သီချင်းလေးတွေ ဖြစ်ပါတယ်။

**ကိုယ်ပိုင်ဟန်နဲ့ဖန်တီးမယ်**

အမှန်အတိုင်းပြောရရင် ကိုယ်ပိုင်သီချင်းတွေကို ပရိသတ်က ပိုသိတယ်။ ဇွဲပြည့်ဆိုပြီး ဖြစ်လာမယ့် သီချင်းမျိုးကို ကျွန်တော့် အနေနဲ့ ပိုပြီးသီဆိုပြချင်တယ်။ ကိုဖိုးကာတို့ ကိုRခိုင်တို့ကိုလည်း ပြောပြီး အပ်ထားတာတွေရှိတယ်။ နောက်ထပ် ကိုဟဲလေး၊ အောင်ထက်တို့နဲ့ အတွဲအခွေတွေလည်း လုပ်သွားဖို့ရှိတယ်။

ပြန်ဆိုတေးတွေက ကျွန်တော့်အမြင်ပြောရရင် ကိုယ့်ကိုယ်ကိုယ် ချုပ်နှောင်ခံရတယ်လို့ ခံစားရတယ်။ ကျွန်တော်တို့အင်္ဂလိပ် ပြန်ဆိုတေးလုပ်မယ်ဆို တီးကတည်းက ကော်ပီပုံစံတီးရတယ်။ မူရင်းအဆိုတော်နဲ့ တစ်ထပ်တည်းကျအောင် ဆိုရတယ်။ ခက်လည်းခက်ပါတယ်။ အဲလိုအခြေအနေမျိုးမှာ ကိုယ့်ရှေ့က အဆိုတော် သီဆိုထား တာကို ကိုယ်ကပြန်ဆိုတဲ့အခါ ကိုယ့်ကြောင့် သီချင်းပျက်စီးသွားတာမျိုး၊ မူရင်း အဆိုတော် တန်ဖိုးကျသွားတာမျိုး အများကြီးထည့်စဉ်းစားဖို့ လိုပါတယ်။ ပြန်ဆိုတေး တွေကို ပြန်ကြားရင် ပိုခက်ခဲတယ်ဆိုတာ ပြန်ဆိုနေရတဲ့ ကျွန်တော်တို့ သီချင်းတွေထဲ မှာ သိနိုင်ပါတယ်။ **ဝေလင်း**

## အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် နည်းပညာဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)မျိုးစေ့ဘဏ်၌ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင်လဒုတိယပတ်က ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် ကျင့်သုံးလာချိန်တွင် အပင်မျိုးသစ်များအား ကာကွယ်ခွင့်ရရှိရန် လျှောက်ထားလာသောအခါ အပင်မျိုးသစ် ဟုတ်မဟုတ် စစ်ဆေးသည့်အချိန်၌ သီးနှံအမျိုးအစားအလိုက် စစ်ဆေးပေးမည့် သီးနှံတာဝန်ခံပညာရှင်များကို အပင်မျိုးသစ်ကာကွယ် ပေးရေးစနစ်နှင့် သက်ဆိုင်သည့်နည်းပညာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာများ သိရှိရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အပင်မျိုးသစ်ကာကွယ်ရေးဥပဒေသည် ဇန်နဝါရီ ၂၀ ရက်နေ့တွင် သက်ဝင်လာပြီဖြစ်ကြောင်း ယင်းဥပဒေအောက်တွင် အပင်မျိုးသစ်ကာကွယ်ပေးရေးစနစ် စတင်ဆောင်ရွက်နေပြီ ဖြစ်သော်လည်း ဥပဒေပါ အချက်အလက်အချို့သည် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်ကာကွယ်ရေးအဖွဲ့မှ ချမှတ်ထားသည့် ဥပဒေအချက်တွေနှင့် အနည်းငယ် ကွဲလွဲနေသည့်အတွက် မြန်မာနိုင်ငံ၏ အပင်မျိုးသစ် ကာကွယ်ရေးဥပဒေတို့ကို အပြည်ပြည်ဆိုင်ရာ အပင် မျိုးသစ်ကာကွယ်ရေးအဖွဲ့မှ ချမှတ်ထားသည့် ဥပဒေပုဒ်မများနှင့် ကိုက်ညီမှုရှိအောင် ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ သို့မှသာလျှင် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်ကာကွယ်ရေး ဥပဒေအဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အပင်မျိုးသစ် အကာအကွယ်ရေး ဥပဒေအောက်မှ ယင်းစနစ်ဖွံ့ဖြိုး တိုးတက်လာပါက မြန်မာနိုင်ငံရှိ တောင်သူများနှင့် စားသုံးသူများ အားလုံးအတွက် အကျိုးရှိသည့် မျိုးသစ် မျိုးဆန်းများ ရရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ကမ္ဘာ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ငှက်ဖျားရောဂါအခြေအနေနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်ဒုတိယဦးစီးမှူးက ငှက်ဖျားရောဂါကင်းဝေးရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လူမှုရေးဝန်ကြီးနှင့်ဧည့်သည်တော်များက ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အာဆီယံသွေးလွန် တုပ်ကွေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည် ကြည့်ရှုကြသည်။ မွန်ပြည်နယ်အတွင်း ဇူလိုင် ၁၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ ၁၁၇၃ ဦး ဖြစ်ပွားခဲ့ပြီး သေဆုံးမှုမရှိကြောင်း သိရသည်။ **တင်ထွဋ်**

## ကျေးလက်မီးလင်းရေးအတွက် ဆိုလာပြား ၃၇၀၀ တပ်ဆင်ပေး

**ရမ်းဗြဲ ဇူလိုင် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကမ္ဘာ့ဘဏ်နှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ မီးလင်းရေးဆောင်ရွက်ရာ ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာ ၇၅ ရွာအတွက် ကျေးရွာများသို့ ဇူလိုင်လဒုတိယပတ်တွင် ဆိုလာပြားများကို အိမ်ခြေ ၃၇၀၀ သို့ စနစ်တကျခွဲဝေပေးပြီးဖြစ်ကြောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးရုံးမှ သိရသည်။

ထို့အပြင် ဆိုလာမီးလင်းရေးစီမံကိန်းဖြစ်သည့် NEP ကျေးရွာ ၇၅ ရွာအတွက် တစ်ရွာလျှင် လမ်းမီးငါးတိုင်၊ ကျေးရွာစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ကျန်းမာရေးဆေးပေးခန်းများကို အခမဲ့တပ်ဆင်ပေးကာ ဆိုလာစက်စွမ်းအားမှာ ဝပ် ၆၀၊ ဝပ် ၄၅၊ ဝပ် ၃၀ အမျိုးအစားရှိ ဆိုလာပြားများကို တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြော

**ဒလ ဇူလိုင် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင်လတတိယပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးခင်စောမောင်နှင့်အဖွဲ့သည် သက်ငယ် မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေး(ဒလ)**




ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးအောင်အောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက်က ပန်းတောင်းမြို့ဝန်လိုရပ်ကွက်အတွင်း မြစ်ရေမြင့်တက်လာမှုကြောင့် မြေအနိမ့်ပိုင်းနေ အိမ်ထောင်စုများအား ရေလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးခဲ့စဉ် ကိုရဲ

## ပန်းချီ၊ ကဗျာ၊ ပုံပြင်ပြိုင်ပွဲကျင်းပ

**လဟယ် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ပန်းချီ၊ ကဗျာနှင့် ပုံပြင်ပြိုင်ပွဲကို ဇူလိုင်တတိယပတ်က လဟယ်မူကြိုကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လဟယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဌေးက အမှာစကားပြောကြားပြီး မူကြိုကလေးသူငယ်များက တစ်ဦးချင်းသော် လည်းကောင်း၊ အုပ်စုလိုက်သော် လည်းကောင်း ပန်းချီ ကဗျာနှင့် ပုံပြင်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ ထို့နောက်တက်ရောက်လာသော ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **လဟယ်(ပြန်/ဆက်)**

## လူထု အသိပညာပေးဟောပြော တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စု အင်းနက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)တွင် လူထုအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ အင်းနက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်က အမှာစကားပြောကြားပြီး ကျောက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အေးထွန်းနှင့် ကျောက်ကြီးမြို့မရဲစခန်းမှ ဒုတိယရဲအုပ် အောင်ကျော်မင်းက မှုခင်းအသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးမှူး ဒေါ်ခင်ထားနွယ် က တိုင်းရင်းဆေးပညာအကြောင်း ဟောပြောပြီး ကျေးရွာပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခဲ့သည်ဟု သိရသည်။ (၀၄၅)

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှူသွင်း၊ လေသန့်ရှင်း မချွန်းရမှာ၊ တောကသာ။**

## တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးလျက်ရှိ

**သိန်းနီ ဇူလိုင် ၂၁**

ရှမ်းပြည်နယ် လားရှိုးခရိုင် သိန်းနီမြို့နယ်အတွင်း ခမ်းတိမ်းကျေးရွာအုပ်စု ကောင်းလန်းကျေးရွာပတ်ဝန်းကျင်သို့ ဇူလိုင် ၁၉ ရက်က လက်နက်ကိုင်အဖွဲ့မှ အင်အား ၅၀ ခန့်ဝင်ရောက်လာ၍ ကောင်းလန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများမှာ သိန်းနီမြို့ပေါ်သို့ တိမ်းရှောင်လာခဲ့ကြရာ အဆိုပါပြည်သူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်သူများအား အမှတ်(၃)ရပ်ကွက်ရှိ ကျောင်းဆိုင်ကျောင်း၊ မြို့လယ်ကျောင်းနှင့် ဓာတ်တော်စေတီကျောင်းတို့တွင် သိန်းနီမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အသီးသီးနေရာချထားပေးခဲ့ပြီး လိုအပ်သော ကူညီစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။ တိမ်းရှောင်လာသော ကျေးလက်နေပြည်သူများမှာ ခမ်းတိမ်းကျေးရွာ၊ နောင်ကားကျေးရွာ၊ ကောင်းလန်းကျေးရွာ၊ မန်စောက်ကျေးရွာနှင့် ကုန်းမုံကျေးရွာတို့မှ ကျေးလက်နေပြည်သူများဖြစ်ပြီး စုစုပေါင်း ကလေး၊ လူကြီး ၁၆၄ ဦးခန့်ရှိကြောင်း သိရသည်။

**ချစ်လှ**

## အာဇာနည်နေ့ အခမ်းအနား သီပေါမြို့၌ ကျင်းပ

**သီပေါ ဇူလိုင် ၂၁**

နှစ်(၇၀)မြောက် အာဇာနည်နေ့အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်နှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုရှေ့၌ ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက လွမ်းသူ့ပန်းခွေချ၍ ဂါရဝပြုကာ ခေါင်းဆောင်ကြီးများကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် နှစ်မိနစ်ငြိမ်သက်၍ အလေးပြုခဲ့ကြသည်။

**စိုင်း(သီပေါ)**

## ညပိုင်းအချိန် ကုန်တင်ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး လှည့်ကင်းများဆောင်ရွက်

**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ဆွာတိုးဂိတ်တွင် ကုန်တင်ယာဉ်များအား အလစ်အငိုက်လုယက်မှုများဖြစ်ပွားခဲ့သဖြင့် ညစဉ်သွားလာလျက်ရှိသော ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ခရီးသွားပြည်သူများလုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ ညွှန်ကြားချက်အရ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး သန်းထွန်းနှင့်အဖွဲ့သည် ဆွာတိုးဂိတ်၌ အခြေပြုလျက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ညီညီဌေးနှင့်အဖွဲ့က ဇူလိုင် ၁၇ ရက်မှစတင်၍ ဆွာမြို့ ဆွာတိုးဂိတ် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် အထူးပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ညဦးပိုင်း၊ ညနက်ပိုင်း လှည့်ကင်း များဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကသာခရိုင်အတွင်း ကျွဲ၊ နွားဈေးကွက် အလှည့်အပြောင်းဖြစ်ပြီး ဝယ်လိုအားကျဆင်း

**အင်းတော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကောလင်းမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့တွင် ခိုင်းကျွဲနှင့် ခိုင်းနွားများ ရှားပါးလာလျက်ရှိသော်လည်း ဈေးကွက်အခြေအနေ အပြောင်းအလဲဖြစ်ကာ ယခင်နှစ်ကာလများနှင့်မတူဘဲ ကျွဲ၊ နွားများကို ဝယ်လိုအားများကျဆင်းနေကြောင်း သိရသည်။

ကျွဲ၊ နွား ဈေးနှုန်းများမှာ လက်ရှိတွင် အတန်အသင့် ပေါက်ဈေးရှိသော်လည်း ယခင်နှစ်ကထက် အဝယ်မလိုက်သောကြောင့် ဈေးအေးလျက်ရှိကာ ရောင်းချလိုသူများအနေဖြင့် အခက်အခဲများရှိနေကြကြောင်း သိရသည်။ “ခိုင်းကျွဲ၊ ခိုင်းနွားတွေက ဒီမှာ ပိုရှားလာပါတယ်။ အခုဆိုရင် ငါးမိုး / ခြောက်မိုး ကျွဲတစ်ကောင်ကို ကာလတန်ဖိုး ကျပ် ၁၀ သိန်း အနည်းဆုံး ဈေးနှုန်းတွေရှိနေပါတယ်။ ဈေးရှိပေမယ့် ရောင်းအားတွေ ကျဆင်းနေပါတယ်”ဟု ဝန်းသိုမြို့နယ်ဖန်းခမ်းကျေးရွာမှ ကျွဲ၊ နွား ရောင်းလိုသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကျွဲ၊ နွားများမှာ ဈေးကွက်ဝယ်လိုအားနည်း၍ အဝယ်မလိုက်သောကြောင့် ဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိနေကြောင်း၊ လတ်တလော ကျွဲ၊ နွား ရောင်းချလိုသူများအနေဖြင့် ရောင်းထွက်ရန် နည်းလမ်းအမျိုးမျိုး ကြိုးပမ်းနေကြရကြောင်း ဒေသခံ ကျွဲ၊ နွားမွေးမြူသော တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**သန်းမောင်လေး**



## ပြည်ခရိုင်အတွင်း တာပြုပြင်မှုများ ဆောင်ရွက်ထားပြီးဖြစ်၍ ရေဘေးစိုးရိမ်ဖွယ်မရှိ

**ပြည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းတွင် ဧရာဝတီမြစ်ရေသည် ဇွန်လနောက်ဆုံးပတ်မှစတင်၍ မြင့်တက်လာရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသော ရေဘေးကာကွယ်ရေး တာများ၌ စိုးရိမ်ရေမှတ်များသို့ရောက်ရှိရန် နီးကပ်နေသော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် အဆိုပါ ရေဘေးကာကွယ်ရေးတာများကို မိုးရာသီမတိုင်မီ ပြုပြင်မှုများ ဆောင်ရွက်ထားရှိပြီးဖြစ်၍ ဒေသခံများအနေဖြင့် ထူးကဲစိုးရိမ်ဖွယ်မရှိနိုင်သော်လည်း ဌာန တာဝန်ထမ်းများက မြစ်ရေတက်ရောက်လာသည့် နေ့ရက်များမှစတင်ကာ နေ့ / ည တာစစ်ဆေးခြင်း၊ ရေကင်းလှည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ခရိုင်အတွင်း၌ ရေဘေးကာကွယ်ရေးတာလေးခုရှိပြီး စုစုပေါင်း တာအလျား ၁၈ မိုင် ၇ ဖာလုံရှိကာ မြို့ ရပ်ကွက်၊ ကျေးရွာများနှင့် စိုက်ပျိုးမြေ ၆၁၆၂ ဧကကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် မြစ်ရေမြင့်တက်လာသည်နှင့်အမျှ အဆိုပါ ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်းရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက နေ့ / ည မပြတ် ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများကလည်း ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တွင် ပြည်မြို့နယ်ရှိ နဝင်းတာသို့ လာရောက်ပြီး ဧရာဝတီမြစ်ရေ မြင့်တက်နေသည့်အခြေအနေနှင့် တာထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရွှေတောင်မြို့နယ်ရှိ ထန်းလုံးချောင်းတာနှင့် ကွေ့မတာတို့တွင် ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

သုံးနှစ်ဆက်တိုက် ဧရာဝတီမြစ်ရေကြီးမှုကို ကြုံတွေ့ခဲ့ရပြီးနောက် ယခင်နှစ်များတွင် ပြည်ခရိုင်အတွင်းမှ တာများ ကြံ့ခိုင်မှုအားနည်းသည့်အတွက် မိုးရာသီ ဧရာဝတီမြစ်ရေမြင့်တက်လာတိုင်း စိုးရိမ်ပူပန်ခဲ့ရကြောင်း၊ ယခုနှစ်တွင် မိုးရာသီမတိုင်မီကပင် တာများကို ပြင်ဆင်ပေးထားသည့်အတွက် စိုးရိမ်စရာမလိုတော့ကြောင်း၊ ယခု မြစ်ရေကြီးချိန်တွင် ဌာနဝန်ထမ်းများက နေ့/ည ရေကင်းလှည့်ခြင်း၊ တာထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသလို ဒေသခံများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွေ့မတာအနီးတွင် နေထိုင်သည့် ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သူရအောင်(ပြည်)**

## ညောင်ကျိုးကျေးရွာ၌ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေမြင့်တက်လာမှုကြောင့် ရပ်ကွက်အချို့မှ အိမ်ထောင်စုများ ကယ်ဆယ်ရေးစခန်းသို့ရွှေ့ပြောင်းနေထိုင်လျက်ရှိ

**အင်္ဂပူ ဇူလိုင် ၂၁**

အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအုပ်စု ညောင်ကျိုးကျေးရွာတွင် ဇူလိုင် ၁၉ ရက်က ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေမြင့်တက်လာမှုကြောင့် (က-၁)ရပ်ကွက်၊ (က-၂)ရပ်ကွက်၊(ခ)ရပ်ကွက်၊(ဂ-၁)ရပ်ကွက်၊(ဂ-၂)ရပ်ကွက်ရှိ လူနေအိမ်များ ရေဝင်ရောက်သည့်အတွက် အိမ်ထောင်စုများမှာ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်စုများ ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းရာတွင် ကျေးရွာစခန်းမှူး ရဲအုပ်ဟန်ဇော်ထူးဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ကျေးရွာမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးသန်းစိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငဝန်ရောကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၂၈စု၊လူဦးရေ ၁၂၁ ဦး၊ နိဂြောဓာရုံဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၂ စု လူဦးရေ ၄၅ ဦးရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စုများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(မြန်/ဆက်)**

## ကလေးမြို့နယ်အတွင်း နာနတ်သီးများ လှိုင်လှိုင်ပေါသော်လည်း အရောင်းအဝယ်အေးလျက်ရှိ

**ကလေး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူး ကားလမ်းမဘေးတစ်လျှောက် တမူးမြို့နယ်အတွင်းရှိ ခမ်းပတ်၊ နန်းခေါက်ခေါက်၊ ရေတုတ်၊ ကနန်၊ ကမ္ဗကြီးကျေးရွာများနှင့် ကလေးမြို့နယ်အတွင်းမှ စော်ဘွားရေရှင်နှင့် ဖက်ယားရေရှင် ကျေးရွာများတွင် နာနတ်ခြံများကို အကြီးအကျယ်စိုက်ပျိုးကာ ထွက်ရှိသော ဒေသအခေါ် ခမ်းပတ်နာနတ်သီးများကို ကလေးမြို့သို့ တင်ပို့ရောင်းချကြရာ ယခုနှစ်တွင် ဝယ်လိုအားနည်းပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

ယခုဇွန်လလယ်ပိုင်းမှစ၍ နာနတ်သီးများ လှိုင်လှိုင်ပေါ်သဖြင့် ကားကြီးကားငယ်များဖြင့် ကလေးမြို့ သစ်သီးဈေးကွက်သို့ ဝင်ရောက်လျက်ရှိသော်လည်း ဈေးကွက်ထဲတွင် ဝယ်လိုအားနည်းသောကြောင့် အရောင်းအဝယ်အေးကာ နာနတ်စိုက်တောင်သူများမှာ မျှော်မှန်းသလောက် အကျိုးအမြတ်မရဖြစ်နေကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ခမ်းပတ်နာနတ်ကို တမူးနယ်စပ်၊ ရိဒ်နယ်စပ်နဲ့ ချင်းတွင်း အထက်ပိုင်းဒေသတွေက အဝယ်လိုက်တယ်။ အခုနောက်ပိုင်း ရွှေထွက်တဲ့ဒေသတွေမှာ အရောင်းအဝယ် မကောင်းတော့တဲ့အတွက် ဝယ်ယူမှုနည်းပါးလာပါတယ်။ နယ်စပ်ဒေသ ဝယ်လက်တွေကလည်း တစ်ဖက်နိုင်ငံအခြေအနေအရ ဝယ်ယူမှုမရှိတော့ဘဲ အရောင်းအဝယ်အေးသွားတယ်။ ဒါကြောင့် ဒီဘက်မှာ ခမ်းပတ်နာနတ်သီးတွေ အရောင်းအဝယ်နှေးနေပါတယ်။ ဒီဒေသမှာ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ကစပြီး အိန္ဒိယနိုင်ငံအကူအညီနဲ့ စိုက်ပျိုးခဲ့တဲ့ နာနတ်ခြံဧကထောင်ချီရှိပါတယ်။ နှစ်စဉ်အထွက်နှုန်းကောင်းပေမယ့် ဝယ်လိုအားနဲ့ ဈေးကွက်ကျယ်ပြန့်မှု မရှိတဲ့အတွက် တချို့ နာနတ်ခြံပိုင်ရှင်တွေ အရှုံးပေါ်တာမျိုးလည်း ရှိပါတယ်”ဟု နာနတ်စိုက်တောင်သူများက ပြောဆိုသည်။

ကလေးဒေသမှ နာနတ်အရောင်းအဝယ်သမားများသည် နှစ်စဉ် နာနတ်ပေါ်ချိန်ဖြစ်သော ဇွန်လလယ်ပိုင်းမှစ၍ ခမ်းပတ်ဒေသ နာနတ်ခြံများသို့ သွားရောက်ဝယ်ယူကြကြောင်း၊ ခမ်းပတ်နာနတ်သည် အာသံမျိုးရင်းဖြစ်ပြီး အခွံပါး၊ အသားပေါမျိုးဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် ကလေးမြို့နယ်အတွင်း နာနတ်သီးပေါ်ခါစအချိန်က အလုံးကြီးတစ်လုံးလျှင် ကျပ် ၁၀၀၀ ကျော် ဈေးပေါက်ရာမှ ယခုအခါ အသီးလှိုင်လှိုင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် နာနတ်သီးအရွယ်အစားပေါ်မူတည်၍ အလုံးကြီးတစ်လုံးလျှင် ကျပ် ၅၀၀ နှင့် အလုံးသေးတစ်လုံးလျှင် ကျပ် ၃၀၀ ခန့်အထိ ဈေးကျဆင်းနေသည်။

ထိုဒေသတွင်းမှထွက်သော နာနတ်သီးများကို ခမ်းပတ်နာနတ်ဟု ခေါ်ကြပြီး ယခင် နှစ် ၃၀ ကျော်ကာလက အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှ ဝယ်ယူမှုရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဝယ်ယူမှုမရှိတော့သည့်အတွက် မြန်မာပြည်အလယ်ပိုင်းနှင့် ချင်းတွင်းအထက်ပိုင်းဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ခမ်းပတ်နာနတ် စိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

**ချင်းတွင်းသား**



# လှိုင်းဘွဲ့မြို့နယ်တွင် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်ပြီး အနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေဝင်ရောက်နေ

**လှိုင်းဘွဲ့ ဇူလိုင် ၂၁**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီဖြစ်ရာ အနိမ့်ပိုင်း ကျေးရွာနှင့် ရပ်ကွက်များဖြစ်သော ရွှေဂွန်းကျေးရွာ၊ ရွှေပြည်တော်ရပ်ကွက်နှင့် ရွာသစ်(၂)ရပ်ကွက်တို့တွင် ရေအနက်လေးပေခန့်အထိ ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

ရပ်ကွက်နှင့်ကျေးရွာများသို့ မြစ်ရေဝင်ရောက်လာမှုကြောင့် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစ၍ ရေဘေးလွတ်ရာ ရွှေဂွန်းအထက်ဘုန်းတော်ကြီးကျောင်းတွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ ဒေသခံပြည်သူ အိမ်ထောင်စု ၂၅ စုမှ လူဦးရေ ၁၂၀ ကို ရွှေဂွန်းနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မြို့မင်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဂွန်းရှေ့တန်းတပ်စခန်းမှ စစ်သည်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များ စုပေါင်း၍ ရွှေ့ပြောင်းပေးခဲ့ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ အမှတ်(၂၈)ခြေလျင်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးနိုင်လင်းစိုးနှင့် တပ်မတော်သားများကလည်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ မွန်းလွဲပိုင်းတွင် လာရောက်ပြီး ရေဘေးသင့်ပြည်သူများ ယာယီစားသောက်မှု အဆင်ပြေစေရန်အတွက် ဆန်အိတ်သုံးအိတ်နှင့် ကြက်ဥအလုံး ၁၂၀ ကူညီထောက်ပံ့ပေးခဲ့ကာ ထပ်မံပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအား ပြောင်းရွှေ့ပေးနိုင်ရန်အတွက်လည်း ကူညီပေးမည်ဖြစ်သလို ရေဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် သံလွင်မြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၉၈၀ စင်တီမီတာဖြစ်ရာ ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် မြစ်ရေသည် ၁၀၁၀ စင်တီမီတာအထိ မြင့်တက်လာခြင်းကြောင့် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေများဝင်ရောက်နေသဖြင့် ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေရခြင်းဖြစ်ကြောင်း သိရသည်။ **မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**


ရေဘေးသင့်အိမ်ထောင်စုမှ ကလေးတစ်ဦးအား ပြောင်းရွှေ့ပေးနေသော ရဲတပ်ဖွဲ့ဝင်တစ်ဦး

# မဲဇာချောင်းအနောက်ဘက်ခြမ်း ကျေးရွာများအတွက် ချောင်းကူးတံတား လိုအပ်နေ



**အင်းတော် ဇူလိုင် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာချောင်းအနောက်ဘက်ခြမ်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲဇာချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ပေ ၄၀၀ ခန့်ကျယ်သည့် မဲဇာချောင်းသည် အင်းတော်-ဗန်းမောက် ကားလမ်းမကြီးနှင့် ယှဉ်လျက်ရှိပြီး ချောင်းကို နီးစပ်ရာကျေးရွာကူးတို့ဆိပ်တစ်ခုခုမှ ဖြတ်ကျော်လိုက်ပါက သီလရွာ၊ တုန်းပုရွာ၊ တာပေါ်ရွာ၊ ကျွဲကောလေးရွာ၊ မံဖါရွာ၊ ပျဉ်ထောင်ကုန်းရွာ၊ လောင်းစုရွာစသဖြင့် ကျေးရွာများသို့ ရောက်ရှိမည်ဖြစ်သည်။ အဆိုပါကျေးရွာများရှိရာ ချောင်းတစ်ဖက်ခြမ်းတွင် လူဦးရေ သုံးထောင်ကျော် နေထိုင်ကြပြီး စိုက်ပျိုးမြေမှာ ဧကလေးထောင်ခန့်ရှိသည်။ ထိုဒေသမှာ ချောင်းခြားနေသောကြောင့်ကားလမ်းမပေါက်၍ သီးခြားဒေသတစ်ခုအဖြစ်နှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်တွင် နောက်ကျလျက်ရှိနေကြောင်း သိရသည်။

"ဒီဒေသအခြမ်းမှာက အထက်တန်းကျောင်းမရှိဘူး။ ဆေးပေးခန်းမရှိဘူး။ မိုးရာသီရောက်ပြီဆိုရင် အထက်တန်းတက်ရောက်မယ့် ကျောင်းသားတွေနဲ့ ဒီဒေသမှာတာဝန်ကျနေတဲ့ ပညာရေးဝန်ထမ်းတွေဟာ ပေ ၄၀၀ လောက်ကျယ်တဲ့ချောင်းကို နေ့စဉ် အန္တရာယ်များနဲ့ ကူးဖြတ်နေကြရတာ နှစ်ပေါင်းမနည်းတော့ပါဘူး"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ထို့အပြင် ဒေသအတွင်းမှ တောင်သူများ၏ လယ်ယာထွက်ကုန်များကို ရောင်းချရာတွင်လည်း သီးနှံချင်းအတူတူဖြစ်သည့်တိုင် အနောက်ဘက်မှ တောင်သူများမှာ ချောင်းခြားနေခြင်းကြောင့် အရှေ့ဘက်ခြမ်းမှ တောင်သူများ၏ သီးနှံထွက်ကုန်များထက် ဈေးနှုန်းလျှော့ချ၍ ရောင်းချနေခဲ့ကြရသည်မှာ ကြာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဇာချောင်းကို ဖြတ်ကူးရန်အတွက် နွေရာသီတွင် ဆိုင်ကယ်နှင့် လူကူးသန်းသွားလာနိုင်သော ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားလေးများ တည်ဆောက်ကြသော်လည်း မိုးရာသီရောက်ပါက ချောင်းအတွင်း ရေများပြီး ရေစီးသန်လာသောကြောင့် တံတားများကို သုံးမရတော့ဘဲ လှေကိုသာ အားကိုးကြရကာ ရွာများမှာလည်း ဆက်သွယ်ရေး ခက်ခဲသွားကြကြောင်း၊ ထို့ကြောင့် မဲဇာချောင်း အနောက်ဘက်ခြမ်းမှ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်သည့်နေရာတွင် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည့် အခိုင်အမာချောင်းကူးတံတားတစ်စင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး တည်ဆောက်ပေးစေလိုကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးအတွက်လည်း ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **ကိုမင်း(အင်းတော်)**

# ချင်းတွင်းမြစ်ရေဝင်ခဲ့သည့် ဗိုလ်ချုပ်လမ်းမကြီး အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရန် စုပေါင်းသန့်ရှင်း

**မော်လိုက် ဇူလိုင် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြို့မဈေးကြီးတွင်လည်းကောင်း၊ ပြည်သူများ အများဆုံး အသုံးပြုသွားလာနေကြသည့် မြို့တွင်းပိုင်းရှိ လမ်းမကြီးများတွင်လည်းကောင်း ရေနစ်မြုပ်ခဲ့ပြီးနောက် ယခု ရေပြန်ကျချိန်တွင် အဆိုပါလမ်းမကြီးများပေါ်၌ တင်ကျန်နေခဲ့သည့် ရွှံ့နွံအမှိုက်များ ဖယ်ရှားကာ လမ်းကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရန် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယု၏ ဦးဆောင်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ရွှေနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ မြို့နေပြည်သူများ စုပေါင်း၍ မြို့တွင်းလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးနှင့် မင်္ဂလာလမ်းမကြီးများကို အမြန်ဆုံး ပြန်လည်အသုံးပြု သွားလာနိုင်ရေးအတွက် လမ်းမပေါ်တွင်တင်ကျန်ခဲ့သည့် ရွှံ့နွံများ၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် မြို့မဈေးကြီးကိုလည်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဈေးဝင်းအတွင်း တင်ကျန်ခဲ့သော ရွှံ့နွံများနှင့် အမှိုက်များကိုလည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**



# မလွှဲတောင်လမ်းပေါ် တောင်ပြိုကျ၍ ရထားလမ်းပိတ်ဆို့မှုဖြစ်ပွား

**ရေး ဇူလိုင် ၂၁**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေး-မလွှဲတောင်လမ်းပေါ် မိုင်တိုင်အမှတ်(၂၈၁/၂၂)နှင့်(၂၈၁/၂၃) အကြား၌ ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီခန့်က တောင်ပြိုမှုဖြစ်ပွားကာ ရထားလမ်းပိတ်ဆို့ခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ ထားဝယ်သို့ ပြေးဆွဲလာသည့် အမှတ်(၁၇၅)အဆန် လူစီးရထားမှာ ခရီးသည် ၂၀၀ ကျော်ခန့်နှင့် ကုန်ပစ္စည်းများပါ တင်ဆောင်လာခဲ့ရာ အဆိုပါ တောင်ပြိုမှုကြောင့် ခရီးစဉ်ကို ဆက်လက်မထွက်ခွာနိုင်တော့ဘဲ ကိုးမိုင်ဘူတာရုံတွင် ရပ်တန့်၍ ယာယီ လမ်းရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ကိုးမိုင်ဘူတာရုံမှ ကိုကျော်ကျော်လွင်က ပြောသည်

အဆိုပါ လမ်းပိတ်ဆို့မှု ဖြစ်ပွားနေရာသို့ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရထားလမ်းပိုင်းဆိုင်ရာ တာဝန်ရှိသူများ ချက်ချင်းလာရောက်၍ လူအင်အား၊ ကယ်ဆယ်ရေးပစ္စည်းအင်အားများ အသုံးပြုကာ ရှင်းလင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



# ကျေးရွာကျောက်ချောလမ်းသစ် ဖွင့်ပွဲကျင်းပ

**ပေါက် ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းအရ ခင်းကျင်းပြီးစီးသွားသည့် ပလောင်းကျေးရွာမှ ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါလမ်းသည် အရှည် ၅၀၂ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၉ လက်မရှိ ကျောက်ချောလမ်းဖြစ်ပြီး ၂၀၁၇ ခုနှစ် လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)မှ ခွင့်ပြုငွေ ကျပ်သိန်း ၆၀ ဖြင့် ခင်းကျင်းခဲ့ကြောင်းသိရသည်။

လမ်းသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် တာဝန်ရှိသူများက ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းဇော်ဦးတို့က လူထုဗဟိုပြုစီမံကိန်းဖြင့် ကျေးလက်လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရှိရေးနှင့် အဆောက်အအုံလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးခေါင်းဆောင် ဦးမျိုးဝင်းထွန်းက ကျေးလက်ကျောက်ချောလမ်းခင်းပေးခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ယခုဖွင့်လှစ်သောလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **ဉာဏ်တိုး(ပေါက်)**

# အခက်အခဲများကြားမှ လည်ပတ်နေဆဲ မြန်မာ့အွန်လိုင်းရှော့ပင်များ

သတင်းဆောင်းပါး
သူရဖြိုး

မြန်မာနိုင်ငံတွင် အင်တာနက်ကို လူသုံးများလာချိန် ၂၀၁၃ ခုနှစ်လောက်မှစ၍ အင်တာနက်မှတစ်ဆင့် ကုန်ပစ္စည်းများ ဝယ်ယူနိုင်သည့် အွန်လိုင်းရှော့ပင်လုပ်ငန်းများကို ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်အချို့ ကွန်ပျူတာနည်းပညာရှင်အချို့က စတင်လုပ်ကိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင်မူ နည်းပညာများ အသုံးပြုရ ပိုလွယ်လာခြင်း၊ လူမှုကွန်ရက်ဖြစ်သော Facebook ကို လူသုံးများလာသလို ဖေ့စ်ဘုတ်တွင်လည်း အွန်လိုင်းရှော့ပင် စာမျက်နှာများ ဖွင့်လှစ်လုပ်ကိုင်လာနိုင်ခြင်းကြောင့် နည်းပညာနှင့် ကျွမ်းဝင်မှုရှိကာ ကုန်ပစ္စည်းတင်သွင်းမှု အဆက်အသွယ်ရှိသော လူငယ်အများစုပါ ငွေကြေးအနည်းငယ်မျှရင်းနှီး၍ ဝင်ရောက်လုပ်ကိုင်လာကြသည်။

မြန်မာနိုင်ငံမှ အွန်လိုင်းရှော့ပင်များအနေဖြင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဖွင့်လှစ်၍ ဝက်ဘ်ဆိုက်မှတစ်ဆင့် ရောင်းချရာတွင်ဖြစ်စေ၊ ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် ရောင်းချရာတွင်ဖြစ်စေ ကြော်ငြာရောင်းချသောပစ္စည်းကို ဝယ်ယူလိုသူက သိရှိလေ့လာနိုင်သည့်အဆင့်အထိ အင်တာနက်မှတစ်ဆင့် ဆောင်ရွက်၍ အဆင်ပြေသော်လည်း အွန်လိုင်းရှော့ပင်များ စတင်ဖွင့်လှစ်လာချိန်မှ ယခုအချိန်အထိ အခက်အခဲအမျိုးမျိုး ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**အွန်လိုင်းရှော့ပင်များ၏ အခက်အခဲ**

အဓိကအခက်အခဲမှာ နိုင်ငံတကာကဲ့သို့ အွန်လိုင်းငွေချေစနစ် မရှိသေးခြင်းဖြစ်သည်။ ထို့ကြောင့် ပစ္စည်းရောက်ငွေချေစနစ် သို့မဟုတ် ဘဏ်ငွေလွှဲစနစ် သို့မဟုတ် ထိုစနစ်နှစ်ခုကို အဆင်ပြေသလိုပေါင်းစပ်၍ ငွေချေသည့်စနစ်ကိုသာ လက်ရှိအချိန်အထိ ကျင့်သုံးနေရဆဲဖြစ်သည်။ ထို့ကြောင့် ဝယ်ယူသူများအနေဖြင့် ဘဏ်မှတစ်ဆင့် ငွေလွှဲလိုက်ပြီးမှ လာပို့သော ပစ္စည်းက ကြော်ငြာတွင်ပါသောပစ္စည်းနှင့် အရည်အသွေးမတူဘဲ အရည်အသွေးညံ့နေခြင်းစသည့် အဆင်မပြေမှုများ ရှိနေသည်။

ရောင်းချသူများဘက်တွင်လည်း ပစ္စည်းရောက်ငွေချေစနစ်အရ ပစ္စည်းမှာယူသူထံ Delivery ပို့ပြီးမှ ဝယ်ယူသူဘက်က အကြောင်းအမျိုးမျိုးကြောင့် လက်မခံသဖြင့် Delivery ပို့ဆောင်ခကုန်ကျခြင်းစသည့် အခက်အခဲများရှိသလို ဘဏ်ငွေလွှဲစနစ်အခြေအနေအပေါ် ရောင်းသူဘက်မှ အားနည်းချက်ကိုအခြေခံ၍ ဝယ်သူများဘက်မှ လိမ်လည်မှုများလည်း ရှိကြောင်း သိရသည်။

“ခပ်တည်တည်နဲ့ လိမ်ကြတာတွေလည်း ရှိတယ်။ အခုတလောမှာ လိမ်တာဆိုရင်တော့ ATM စနစ်နဲ့ လိမ်တာပေါ့။ ဈေးဝယ်သူက ရောင်းသူဆီကို ATM ထဲကို ငွေလွှဲလိုက်ပြီဆိုပြီး ATM စလစ် ဓာတ်ပုံကို ပို့ပေးတယ်။ အဲဒီစလစ်ပုံက အမှန်ပဲ။ ကိုယ့်ရဲ့ကတ်နံပါတ်ရော၊ လွှဲရမယ့်ငွေ amount ရော မှန်တယ်။ ဒါကြောင့် ငွေဝင်ပြီလို့တွက်ပြီး ပစ္စည်းကို ပို့တယ်။ ငွေကိုတော့ ချက်ချင်းသွားမထုတ်ဘူး။ နောက်မှ ဘဏ်မှာ ငွေသွားထုတ်တော့ ငွေက မဝင်ဘူး။ ဘဏ်ကစစ်ပေးတော့မှ လွှဲထားတယ်ဆိုကတည်းက ငွေမဝင်တာ ပေါ်လာတယ်။ ATM စလစ်မှာ ငွေလွှဲထားတာ အမှန်ပြနေတဲ့ ဓာတ်ပုံက ပိုက်ဆံမရှိတဲ့ ATM ကတ်ကနေ ငွေလွှဲလို့ စလစ်ထွက်တဲ့ပုံကို ဓာတ်ပုံရိုက်ပြီး ပြတာ။ ကတ်ထဲမှာ ငွေမရှိတော့ လွှဲတဲ့ကတ်ဆီ တကယ်ငွေမဝင်ဘဲနဲ့ စလစ်မှာ Error ပြပြီး ထွက်လာတယ်။ အဲဒါကို အွန်လိုင်းရှော့ပင်ဆီကို စလစ်ပုံရိုက်ပို့တော့ စလစ်မှာ error ဖြစ်နေတယ်ဆိုတဲ့ အောက်ဆုံးအပိုင်းကို ဓာတ်ပုံထဲ မပါအောင်ရိုက်ပြီး ပို့လိုက်တာပါပဲ။ မသိတော့ သတိမထားမိဘဲ အလိမ်ခံလိုက်ရတာပေါ့။ တကယ်ဆိုရင် စလစ်အောက်ဆုံးနားမှာ ငွေလွှဲတာအောင်မြင်ကြောင်း successfully honor ဆိုတာ ပါနေရမှာ”ဟု လတ်တလောတွင် အွန်လိုင်းမှ ရောင်းချသူအချို့ အလိမ်ခံလိုက်ရသော လိမ်နည်းတစ်ခုကို အွန်လိုင်းရှော့ပင် လုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။

အွန်လိုင်းရှော့ပင်များအနေဖြင့် ကြုံနေရသော အခြားအခက်အခဲတစ်ခုမှာ ယခုနောက်ပိုင်းတွင် အွန်လိုင်းရှော့ဖွင့်၍ ရောင်းသူ များလာခြင်းဖြစ်သည်။ ရောင်းသူအရေအတွက် များလာသည်နှင့်အမျှ ရိုးရိုးသားသားမလုပ်ဘဲ အရည်အသွေးထက်ပိုကြော်ငြာ၍ ရောင်းချခြင်း၊ ကြော်ငြာပစ္စည်းနှင့် ရောင်းချသည့်ပစ္စည်း အရည်အသွေးမတူခြင်း၊ မသိသူများထံ ဈေးနှုန်းများ မတန်တဆတင်၍ ရောင်းချခြင်း၊ Delivery ပို့ရာတွင် ဝန်ဆောင်မှုညံ့ခြင်း စသည့် အရည်အသွေးမမီသော အွန်လိုင်းရှော့များလည်း ရှိလာသည်။




“ရောင်းတဲ့လူများလာချိန်မှာ အဲလိုမရိုးမသားရောင်းတဲ့လူတွေကြောင့် မှန်မှန်ကန်ကန်လုပ်မယ့်လူတွေအဖို့ အခက်အခဲဖြစ်ရတယ်။ သိတဲ့မိတ်ဆွေတချို့ဆို အွန်လိုင်းကနေ ပစ္စည်းဝယ်တဲ့အခါမှာ မရိုးမသားလုပ်တာတွေ၊ ဈေးမတန်တဆ တင်ထားတာတွေ ဝယ်မိပြီးတော့ နောက်ပိုင်းမှာ အွန်လိုင်းရှော့ပင်တွေအားလုံးကို သိပ်မယုံကြည်ကြတော့တာ တွေ့ဖူးတယ်။ ဒီလုပ်ငန်းက တကယ်တမ်းပြောမယ်ဆို ဒီနိုင်ငံမှာ အခုမှ အရှိန်လေးယူနေတုန်းပါ။ အများစုက ကိုယ့်လုပ်ငန်း နာမည်ကောင်းရအောင် ရိုးရိုးသားသား ကြိုးစားနေချိန်မှာ တချို့မမှန်ကန်တဲ့လူတွေကြောင့်အားလုံးနာမည်ပျက်ရတာပေါ့”ဟု ပြောသည်။

**အွန်လိုင်းရှော့ပင်ဈေးကွက်**

အွန်လိုင်းရှော့ပင်များ စတင်ချိန်က အဓိကအားဖြင့် မိုဘိုင်းဖုန်းများနှင့် ဘလူးတုသ်စပီကာ၊ ဆယ်လ်ဖီစတစ်၊ ဘလူးတုသ်နားကြပ်၊ မိုဘိုင်းဖုန်းနှင့်တွဲကြည့်ရသည့် VR box များစသည့် နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ စမတ်နာရီနှင့် အဝတ်အထည် ဒီဇိုင်းသစ်များ စသည်တို့ကိုသာ အဓိကထား၍ ရောင်းချခဲ့ကြသည်။

လက်ရှိအချိန်တွင်မူ ကုန်ပစ္စည်းအမျိုးအမည် မျိုးစုံကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနေကြပြီဖြစ်ကာ ရောင်းချသော ကုန်ပစ္စည်းများအပေါ် လူအများစု၏ စိတ်ဝင်စားမှုမှာလည်း ပြောင်းလဲလာလျက်ရှိသည်။ လူများစုအနေဖြင့် ပြင်ပတွင် အလွယ်တကူဝယ်၍ရသော ပစ္စည်းများထက် ဝယ်ရန်ခက်သော ပစ္စည်းများကို စိတ်ဝင်စားလာကြကာ ကျဉ်စက်များ၊ ကျဉ်စက် သို့မဟုတ် တုတ်သဖွယ် အသုံးပြု၍ရသော ဓာတ်မီးများ၊ အိတ်ဆောင်ဓားများနှင့် လက်နက်ကိရိယာအဖြစ် သုံးနိုင်သောပစ္စည်းများ စသည်တို့မှာ လူများစု စိတ်ဝင်စားကြသော ပစ္စည်းများဖြစ်သည်။

အွန်လိုင်းရှော့ပင်းလုပ်ငန်းရှင်တစ်ဦးက “ကျွန်တော်ကတော့ အဲဒါမျိုးတွေ မရောင်းပါဘူး။ အဲဒါတွေက ဥပဒေအရဆိုရင်တော့ မလွတ်ဘူးလို့ပဲ ပြောရမယ်။ တစ်ဖက်ကကြည့်တော့လည်း ကျဉ်စက်တို့၊ ငရုတ်ရည် Spray တို့ဆိုတာ မိန်းကလေးတွေ၊ အမျိုးသမီးတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အသုံးဝင်တာမျိုးတွေ။ အပြင်မှာလိုက်ဝယ်မယ်ဆိုရင်လည်း အဲဒါတွေက ဝယ်ရခက်တယ်။ အဲဒီတော့ အဲဒါမျိုးကိုရောင်းရင် လူတွေက စိတ်ဝင်စားကြတယ်။ ခက်တာက ဒီကျဉ်စက်ကို ဝယ်တဲ့လူက ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ပဲသုံးမယ်လို့ ရောင်းသူက ဘယ်သိနိုင်မလဲ။ ငွေပို့ပြီးဝယ်ရင် သူပို့ခိုင်းတဲ့နေရာကို Delivery ပို့လိုက်ကြတာပဲ။ ဝယ်တဲ့လူရဲ့ နာမည်မှန်နဲ့ မျက်နှာပုံကိုတောင် ရောင်းတဲ့လူက မသိလိုက်ဘူး။ ဒီတော့ ဒီလိုပစ္စည်းတွေကိုဝယ်ပြီး တလွဲသုံးနေရင် ဘယ်သူ့မှာ တာဝန်ရှိမလဲ။ ဒီလိုဟာတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း အရေးယူဖို့ လိုပါတယ်။ အရေးမယူဘူးဆိုရင်တောင် ဘယ်လိုကုန်ပစ္စည်းကို ဘယ်လိုစည်းကမ်းချက်မျိုးနဲ့ပဲ ရောင်းရမယ်လို့ တိတိကျကျ သတ်မှတ်ပေးတာမျိုး လုပ်ကြဖို့ လိုပါတယ်”ဟု ပြောသည်။

**ပြေလည်လာသော အခက်အခဲအချို့**

ယခုနောက်ပိုင်း အွန်လိုင်းရှော့ပင်အသစ်များအနေဖြင့် ယခင်ကရှိခဲ့သော အခက်အခဲအချို့ကို ရင်မဆိုင်ရတော့သည်လည်း ရှိသည်။ ယခင်က အဓိကကျသော ပြဿနာတစ်ခုဖြစ်ခဲ့သည့် Delivery ကိစ္စသည် ယခုအချိန်တွင် အွန်လိုင်းရှော့ပင်များအတွက် သီးသန့် Delivery ပို့ပေးသော လုပ်ငန်းများ ပေါ်ပေါက်လာသဖြင့် အဆင်ပြေနေပြီဖြစ်သည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက်ပို့ပေးသည့်အပြင် နယ်မြို့ကြီးများသို့ပါ ချိတ်ဆက်၍ အိမ်အရောက်ပို့ခြင်း၊ အိမ်အရောက် မပို့နိုင်လျှင်လည်း မြို့ပေါင်းစုံ ကားဂိတ်များအထိ ပို့ပေးခြင်းတို့ကို ထို Delivery လုပ်ငန်းများက လုံးဝတာဝန်ယူ၍ ဆောင်ရွက်ပေးလာကြသည်။

**ပြည်တွင်းအွန်လိုင်းရှော့ပင်များ၏ အခြေအနေ**

အွန်လိုင်းရှော့ပင်များ၏ လက်ရှိအခြေအနေမှာ ဥပဒေအရ ချုပ်ချယ်ကန့်သတ်မှုများ မရှိသေးသဖြင့် လွတ်လွတ်လပ်လပ် လှုပ်ရှားလုပ်ကိုင်၍ရသော အခြေအနေဖြစ်သလို တစ်ဖက်မှ ကြည့်ပါကလည်း ဥပဒေ၏အကာအကွယ်မရဘဲ လုံခြုံမှုမရှိသေးသောအခြေအနေ ဖြစ်နေသည်ဟု အွန်လိုင်းရှော့ပင် လုပ်ငန်း လုပ်နေသူတစ်ဦးက ဆိုသည်။

အွန်လိုင်းရှော့ပင်အများစုအနေဖြင့် ရိုးရိုးသားသားဖြင့် နာမည်ကောင်းရအောင် ကြိုးစားလုပ်ကိုင်ကြသော်လည်း အချို့မှာ ယာယီအမြတ်ရရုံ မရိုးမသား လုပ်ကိုင်သွားကြခြင်းမျိုးကို အရေးယူရန် အခက်အခဲရှိနေဆဲဖြစ်သည်။ အချို့သော အွန်လိုင်းရှော့ပင်များသည် လူကြိုက်များနိုင်သော ကုန်ပစ္စည်းသစ်များကို မတန်တဆ ဈေးတင်ရောင်းချပြီး သိပ်မကြာမီ ထိုပစ္စည်းများကို ပြင်ပတွင် ဝယ်ယူ၍ရလာသောအခါ ပြင်ပဈေးနှုန်းက အွန်လိုင်းရှော့ပင်တွင်ရောင်းချသည့်ဈေးထက် ပိုသက်သာနေသဖြင့် ဝယ်သူများအဖို့ အွန်လိုင်းရှော့ပင်များကို အယုံအကြည်မဲ့သွားခြင်းများ ရှိနေသည်။

ထို့အတူ အချို့သော မရိုးသားသည့်လုပ်ငန်းများကလည်း အွန်လိုင်းမှရောင်းချခြင်းကို နည်းလမ်းတစ်ခုသဖွယ် အသုံးပြုလာကြရာ အွန်လိုင်းရှော့ပင် အစစ်အမှန်များအဖို့ ပို၍ နာမည်ပျက်စရာ ဖြစ်နေသည်။ အထူးသဖြင့် ယောက်ျားအားဆေးများ၊ အမျိုးသမီးရောဂါပျောက်ဆေးများ စသည်တို့ကို ရောင်းချသောလုပ်ငန်းများသည် ပြင်ပတွင်ရောင်းခြင်းထက် အွန်လိုင်းမှရောင်းချခြင်းက ပိုအလုပ်ဖြစ်သဖြင့် အွန်လိုင်းရှော့ပင်သဖွယ် လုပ်ကိုင်ကာ အမျိုးအမည် ဇာစ်မြစ်မသိရသော၊ FDA အပါအဝင် ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်မရှိသော ဆေးဝါးများကို ရောင်းချခြင်းများ ရှိလာနေသည်။ ထိုဆေးဝါးများကို ရောင်းချပြီးနောက် ဝယ်သူများဘက်မှ အဆင်မပြေလျှင်လည်း ရှက်၍မပြောကြသဖြင့် ထိုသို့သော ဆေးဝါးများကို ရောင်းချခြင်းမှာလည်း အွန်လိုင်းတွင် တွင်ကျယ်လာလျက်ရှိသည်။

**အွန်လိုင်းရှော့ပင်များ အောင်မြင်လာရေး**

နိုင်ငံတကာတွင် တွင်ကျယ်အောင်မြင်လျက်ရှိသော အွန်လိုင်းရှော့ပင်များသည် မြန်မာနိုင်ငံတွင် ရုန်းကန်နေရဆဲ အခြေအနေတွင်သာ ရှိနေသေးသည်။ အဓိကကျသော အခက်အခဲမှာ အွန်လိုင်းငွေချေစနစ်အတွက် တာဝန်ယူဆောင်ရွက်ပေးသော ဘဏ်စနစ် မရှိသေးခြင်းနှင့် အွန်လိုင်းရှော့ပင်များ၏ အကျိုးအတွက် အကာအကွယ်ပေးမည့်ဥပဒေများ မရှိသေးခြင်းတို့ဖြစ်သည်။

ကုန်ပစ္စည်းတစ်ခုကို အွန်လိုင်းမှ ဝယ်လိုက်ပါက ဝယ်သူ၏ ဘဏ်စာရင်းမှငွေကို ဘဏ်က ထုတ်ယူသိမ်းဆည်းထားလိုက်ပြီး ရောင်းချသူထံ အကြောင်းကြားပေးကာ ရောင်းချသူက ဝယ်သူထံ ပစ္စည်းပို့ဆောင်ပြီး၍ ဝယ်သူက လက်ခံရရှိကြောင်း အတည်ပြုသည့်အခါတွင်မှ ဘဏ်က ကြိုတင်ထုတ်ယူသိမ်းဆည်းထားသောငွေကို ရောင်းချသူ၏ ဘဏ်စာရင်းထဲသို့ လွှဲထည့်ပေးသည့် နိုင်ငံတကာ အွန်လိုင်းငွေချေစနစ်မျိုးကို အွန်လိုင်းရှော့ပင်လုပ်ကိုင်သူများက လိုလားနေကြသည်။

ထို့အတူ အွန်လိုင်းရှော့ပင်အမည်ခံကာ အရည်အသွေး မမှန်သော ပစ္စည်းများရောင်းချခြင်း၊ အာမခံချက်မရှိသော ဆေးဝါးများ ရောင်းချနေခြင်း၊ ဥပဒေနှင့်မလွတ်ကင်းသော ပစ္စည်းများ ရောင်းချနေခြင်းစသည့် အွန်လိုင်းရှော့ပင်များ အတွက် နာမည်ပျက်စေနိုင်သော မမှန်ကန်မှုမျိုးကို အရေးယူနိုင်မည့် ဥပဒေများ ပေါ်ပေါက်လာခြင်းဖြင့် မှန်မှန်ကန်ကန် လုပ်ကိုင်လိုသော အွန်လိုင်းရှော့ပင်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်လည်း အွန်လိုင်းရှော့ပင် လုပ်ငန်းရှင်များ အနေဖြင့် လိုလားလျက်ရှိနေကြသည်။ ။

**အမည်မှန်**

ပန်းတနော်မြို့၊ အထက(၁)၊ အဋ္ဌမတန်း(A)မှ ဦးသိန်းအောင်၏ သမီး မမေမေသိန်း၏ အမည်မှန်မှာ မမေဇင်သိန်းဖြစ်ပါကြောင်း။

**မမေဇင်သိန်း**

**ဖခင်အမည်မှန်**

သုံးခွမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ကျော်စံလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင်ဦး ၁၂/သခန(နိုင်)၀၀၁၆၂၉ ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်ဦး**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁)၊ သတ္တမတန်း(B)မှ မဟန်သော်တာ၏ ဖခင်အမည်မှန်မှာ ဦးမင်းဟန်ဝင်းအောင်ဖြစ်ပါသည်။

**ဦးမင်းဟန်ဝင်းအောင်**
**၇/လပတ(နိုင်)၁၈၈၅၅၂**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မုံရွာမြို့၊ အထက မုံရွေး+ကြေးမုံ၊ တက္ကသိုလ်ဝင်တန်း($S_1$)မှ မဇင်မေထိုက်၏ဖခင် ဦးအောင်နိုင်နှင့် ဦးခင်မောင်သိန်း ၅/မရန(နိုင်)၂၂၉၀၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဝင်္ကဘာလမ်း၊ အမှတ် (၅)တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂-စီ၊ မြေကွက်အမှတ် ၁၁၇-အေ/၂+၁၁၇-စီ/၇-အေ၊ ဒေါ်မြမြရီ (စီအီး-၀၄၅၆၀၁) အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ဒေါ်မြမြရီ (မိခင်)နှင့် ဦးမင်းဒင် (ဖခင်)တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်အေးအေးမင်း ၁၂/ဗဟန(နိုင်)၀၀၉၃၁၈၊ (၂) ဦးဇော်မင်းဒင် ၁၂/ဗဟန(နိုင်)၀၈၉၄၃၅၊ (၃) ဒေါ်မာလာမင်းဒင် ၁၂/ဗဟန(နိုင်)၀၉၇၈၁၄၊ (၄) ဦးကျော်မင်းဒင် ၁၂/ဗဟန(နိုင်)၀၃၀၇၉၉တို့မှ သားသမီးတော်စပ်ကြောင်း ၎င်းတို့ (၄)ဦးသာ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်းနှင့် အခြားသားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ၁၈-၈-၂၀၁၅ရက်စွဲပါ ဒေါ်မြမြရီ၏သေစာရင်းနှင့် ၂၀-၁၁-၂၀၀၃ ရက်စွဲပါ ဦးမင်းဒင်၏သေစာရင်း၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်းတို့နှင့် ဒေါ်အေးအေးမင်းမှ ၎င်းကိုယ်တိုင်နှင့် ဦးဇော်မင်းဒင်၊ ဒေါ်မာလာမင်းဒင်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ (၃၀၁၃/၂၀၁၇)နှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြပြီး ဦးကျော်မင်းဒင်နှင့်အတူ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဂရန်မူရင်းအားပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၃၊ မြေကွက်အမှတ် ၂၂၈/က၊ မြေကွက်တည်နေရာအမှတ် ၂၂၈/က၊ (၉၃)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ဦးလှိုင်ထွန်း(AC-၀၀၃၃၇၁)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးလှိုင်ထွန်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်အေးအေးကြည် ၁၂/သဃက(နိုင်)၀၉၂၃၃၄မှ ၁၆-၅-၂၀၁၃ရက်တွင် ဒဂဆက/ဂရသ-၃၃၈၆/၁၃ဖြင့် ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားခဲ့ပြီး ၂၆-၁၀-၂၀၁၅ရက်တွင် ဒေါ်အေးအေးကြည် အမည်ပေါက် နှစ်၆၀ ဂရန်မူရင်းအား ထုတ်ယူသွားခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ မြေချပါမစ်မူရင်း အမည်ပေါက် ဦးလှိုင်ထွန်းထံမှ အဆင့်ဆင့်ဝယ်ယူခဲ့သူ မြေချပါမစ်မူရင်း လက်ဝယ်ရှိသူ ဦးအေးငွေ ၁၂/ကမရ(နိုင်)၀၁၃၄၇၈မှ ပါမစ်မူရင်းနှင့်အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်များတင်ပြ၍ ကန့်ကွက်စာ တင်ပြခဲ့ပါသဖြင့် ဒေါ်အေးအေးကြည် နှင့်ဦးအေးငွေတို့အား ဌာနသို့ခေါ်ယူပြီး ဒေါ်အေးအေးကြည်လက်ဝယ်ရှိ ပါမစ်ပျောက်ဖြင့် ထုတ်ယူသွားသော ဂရန်အား ဌာနသို့ အပ်နှံရန်နှင့် နစ်နာမှုရှိပါက တရားစွဲဆိုရန်နှင့်တရားရုံးတားဝရမ်းတင်ပြရန် ရှင်းလင်းပြောကြားခဲ့ပြီး (၃)ကြိမ်တိုင်တိုင် အကြောင်းကြားခဲ့ပြီးဖြစ်သော်လည်း ပါမစ်ပျောက်ဖြင့် ထုတ်ယူသွားသည့် ဂရန်အား လာရောက်အပ်နှံခြင်းမရှိသဖြင့် ဤဌာနမှ ရုံးတွင်းအမိန့်ဖြင့် ဒေါ်အေးအေးကြည်အမည်ဖြင့် ထုတ်ပေးထားသော မြေငှားစာချုပ် အမှတ် -ဒဂဆက/၇၇၃/၁၅(၁၆-၅-၂၀၁၃)အား ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ အနော်မာ၊ မြေကွက်အမှတ် ၃၅ A၁၊ မြေကွက်တည်နေရာအမှတ် ၃၅ A ၁၊ ရေဝဏ်အတွင်းလမ်း၊ ၁ အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ချစ်အေး (MOG-၀၀၁၂၉၅)အမည် ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ချစ်အေး(မိခင်)နှင့် ဦးပုအေး (ဖခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်သန်းသန်းဆင့် ၁၂/သကတ(နိုင်)၁၃၉၉၀၆၊ (၂)ဦးကျော်ဇောထွန်း ၁၂/သကတ(နိုင်)၁၃၁၀၇၃တို့မှ သားသမီးများတော်စပ်ကြောင်းနှင့် အမည်ပေါက်ဒေါ်ချစ်အေး၏အမည်သည် မြို့မြေစာရင်းနှင့် နှစ် ၆၀ ဂရန်တွင် ဒေါ်ချစ်အေး၊ သေစာရင်းတွင် ဒေါ်ချစ်ချစ်အေးဟု ကွဲလွဲနေခြင်းနှင့် ပတ်သက်၍ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး၏ ၃-၅-၂၀၁၇ ရက်စွဲပါ စာကျမ်းကျိန်အမှတ်စဉ် ၅-၁၇၁/၂၀၁၇၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် ဆောက်လုပ်ဆဲတိုက်ရှိပြီး အခန်းလွတ်နှင့် ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မော်တော်ယာဉ်အမှတ် (7H-7505) TOYOTA PROBOX HCP 50 STATION WAGON (WHITE) မော်တော်ယာဉ်နှင့်ပတ်သက်၍ ဒေါ်လှလှမြင့် ၁၄/ဖပန(နိုင်)၀၉၁၄၂၁နှင့်**

**အများသိစေရန် ကြေညာချက်**

အထက်ပါမော်တော်ယာဉ်မှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အပြည့်အစုံ၊ မော်တော်ကား အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမော်တော်ယာဉ်ကို ဒေါ်လှလှမြင့် ၁၄/ဖပန(နိုင်)၀၉၁၄၂၁ အား အငှားချထားခဲ့ပါသည်။ ယခုအခါ မော်တော်ယာဉ်အမှတ် (7H-7505)အား ငှားရမ်းထားသူ ဒေါ်လှလှမြင့်မှာ ကျွန်ုပ်တို့၏မိတ်ဆွေထံ လွှန်ခဲ့သော (၄)လခန့်မှစ၍ မော်တော်ယာဉ်ငှားရမ်းခများ ပေးအပ်ခြင်းမရှိတော့သည့်အပြင် မော်တော်ယာဉ်နှင့်အတူ တိမ်းရှောင်နေကြောင်း သိရပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ မော်တော်ယာဉ်အား အငှားချထားခြင်းကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရပ်စဲကြောင်းနှင့် ၎င်းမော်တော်ယာဉ် လက်ဝယ်ထားရှိ အသုံးပြုသူများသည် ကျွန်ုပ်တို့ထံ ၁၅ ရက်အတွင်း လာရောက်ဆက်သွယ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တရားဥပဒေအရ တရားစွဲ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးယဉ်ထွန်း(L L.B, LL.M)** **ဒေါ်မျိုးကေသွယ် (LL.B,LL.M,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)** **အထက်တန်းရှေ့နေ(စဉ်-၂၄၄၉၆)**
**အမှတ်(ခ/၄၈၉)၊ ခေမာသီလမ်း၊ ရဲစခန်းရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄၊ ၀၉-၃၂၂၄၁၁၁၂**


အမြန်ဆန်ဆုံးဖလန်းဖလန်း
4G plus
မြန်မာ့ပထမဆုံးနဲ့
အမြန်ဆုံး 4G အင်တာနက်ဟာ
ပိုပြီးမြန်ဆန်လာပါပြီ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
PLUS 4G

## ပေး ၍ မ ကုန် လှူ ၍ မ ခန်း ဇေတဝနကဗ္ဗာ ဇေတိကသက်န်း

# မော်တာအထည်ချုပ်ကျွမ်းကျင်ဝန်ထမ်း(၅၀)ဦးအလိုရှိသည်။

အလုပ်ချိန်နံနက်(၉)နာရီမှညနေ(၅)နာရီထိ။ အချိန်ပိုအလုပ်ချိန်မရှိ။ လစဉ်ဝင်ငွေ ၁၅၀၀၀၀ိ/-ကျပ်မှ ၃၀၀၀၀၀ိ/- ကျပ်ထိ။ ရက်မှန်ဆု၊ ဘောနပ်ဆု၊ ထုတ်လုပ်မှုဆု၊ အရည်အသွေးအကောင်းဆုံးဆု၊ လုပ်သက်ဆုကြေးများ ခံစားခွင့်ရှိပါသည်။ စက်ရုံလက်တမ်း (၁၇)နှစ်ရှိပြီးဖြစ်၍ လုပ်ငန်းခိုင်မာမှုရှိပါသည်။ သံဃာတော်အရှင်သူမြတ်များ ဝတ်ဆင်ရမည့် ဝိနည်းတော်နှင့်ညီသည့် ဇေတိကသက်န်းများ ချုပ်လုပ်ရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် (၃)လအတွင်းရိုက်ကူးထားသောလိုင်စင်ကာလာဓါတ်ပုံ၊ သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်တွင်းနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်မူရင်းတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ဇေတိကကုမ္ပဏီရုံးချုပ်တွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**စက်ချုပ်လုပ်ငန်းဖြင့် အလုပ်လုပ်ချင်သူများကိုလည်း မော်တာစက်ချုပ်အခမဲ့သင်ပေးပြီး အောင်မြင်ပါက အလုပ်ခန့်အပ်ပေးပါမည်။**

အမှတ်(၃၇)ရေတာရှည်လမ်းဟောင်း၊ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ Phone; 01- 8603129, 01-380578, 09-253348646, 09-420216286

---



ရွှေဘုံသာ အလယ်လမ်းက

# ယူနိုက်တက်ဗွီးရှင်း

မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ

အတွင်းတိမ်ခွဲစိတ်ရန်
(ECCE) ခေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊
မျက်စိကိုခွဲစရာမလို၊ချုပ်စရာမလိုပဲ
Phaco-Emulsifier
(Ultra Sound System)
ဖြင့်လည်းကုသပေးနေပါသည်။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့
နေ့လည်(၁း၀၀) နာရီ မှ ည (၇း၃၀)နာရီအထိ
ကြိုတင်စာရင်းပေးသွင်းသူများကို **အခမဲ့** စမ်းသပ်ခွဲစိတ်
ပေးနေပါသည်။
ဖုန်း - ၀၉ ၄၅၀၆၂၈၄၄၅

INTERNATIONAL BRANDED အစစ်များကိုသာ
အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR

အထူးချွန်ဆုံး မျက်စိအထူးကု
ဆရာဝန်ကြီးများကိုယ်တိုင်
စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို
အသုံးပြုပြီးမျက်မှန်များကို
နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

**ရန်ကုန်ဆိုင်ခွဲ**

- အမှတ်(၂၆၃)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၃၈၄၈၃၈၊ ၂၅၂၇၃၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊စံရိပ်ငြိမ်(၆)လမ်းထိပ်၊ရန်ကုန်အင်းစိန်လမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၃၁၇၊ ၂၁၀၄၂၉၄
- အမှတ်(၃၈/ဃ)၊လေးထောင့်ကန်လမ်းမကြီး၊ သက်န်းကျွန်းဈေးရှေ့၊ဇဝန။ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)၊ဂမုန်းပွင့်ရှော့ပင်းစင်တာ၊ဒုတိယထပ်၊ရန်ကုန်-အင်းစိန်လမ်း၊ကမာရွတ်မြို့နယ်။ ဖုန်း-၀၉ ၇၇၁၄၅၀၃၉၉

**မန္တလေးဆိုင်ခွဲ**

- ၇၈လမ်း(၂၇လမ်းနှင့်၂၈လမ်းကြား)၊အမှတ်(A-3)၊ဘုတာကြီးမြောက်ဘက်၊မန္တလေးမြို့။ ဖုန်း-၀၂-၆၈၇၈၆၊ ၃၄၄၄၂
- Diamond Plaza ၊စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၃၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊အမှတ် (53/54B)၊မန္တလေးမြို့။ ဖုန်း-၀၂-၃၁၇၈၁

---

### အမည်ပြောင်း

မကွေးမြို့၊ အထက (၃) ဒုတိယတန်း (A) မှ (ဘ)ဦးရဲထွန်း ၈/တတက(နိုင်)၁၀၀၄၁၄၏ သမီးမပြည့်ပိုင်မှူးဇင်အားမပြည့်ဖူးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မပြည့်ဖူးပိုင်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၄၉၇၈၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/8098 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(နေပြည်တော်ရုံး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၁၇၁၂၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3024 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1830 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၄၉၇ YANGON JEEP (S/W) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမော် ၇/ကဝန(နိုင်)၀၈၈၂၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဟိန်းထက်ဝင်း(ခ) ဖိုးသား ၁၃/မရတ(နိုင်)၀၂၁၆၆၇ သည် မိဘအား စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သောကိစ္စထပ်မံပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ကြောင်းနှင့် သူနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်အေးအေးဆန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၉၈၈၂၁ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ရွှေမြိုင်တောင်တန်း Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၄၉၇၈၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့၊ အမှတ် (၁)၊ ၇-လမ်းနေ၊ ဦးသန်းလွင် ၁၄/မအပ(ဧည့်)၀၀၀၀၈၉-ဒေါ်ကင်တီ ၁၄/မအပ(နိုင်)၁၃၃၅၀၉တို့၏ ဒုတိယသား မောင်ကျော်ဇေလင်း ၁၄/မအပ(နိုင်)၀၂၃၆၀၅ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသန်းလွင် ၁၄/မအပ(ဧည့်)၀၀၀၀၈၉**
**ဒေါ်ကင်တီ ၁၄/မအပ(နိုင်)၁၃၃၅၀၉**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ယဉ်ယဉ်ဝင်း

**အသက်(၉၀)**

(ဦးမောင်ကလေး-ဒေါ်သူဇာ)တို့၏သမီး၊ (ဦးထွန်း-ဒေါ်ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊ အခန်း ၂၁နေ(ဦးခင်မောင်ရီ)၏ဇနီး၊ ဒေါ်ဆန္ဒထေရီ(ခ)ဒေါ်ခင်ဆွေဝင်းရီ(ခေမာနန္ဒီကျောင်း၊ သန်လျင်)၏မယ်တော်၊ ဦးခင်မောင်ဌေးရီ(လဝက-ငြိမ်း)-ဒေါ်စီစီစိုး၊ Capt.မြင့်လွင်(MV.Bao Guo-J.S.M Co.,Ltd.)-ဒေါ်ခင်မေသင်းရီ၊ ဦးခင်မောင်ညွန့်ရီတို့၏မိခင်၊ (ကိုမျိုးကိုကို)၊ ဦးသက်ကိုကို(C/O-J.S.M Co.,Ltd.)-ဒေါ်တင်တင်ရှိန်၊ ဦးမြတ်ကိုကို(ငွေစည်းစိမ်-ဗီဒီယိုအခွေဆိုင်)-ဒေါ်ခင်စောဦး၊ ကိုဖြိုးဝေစိုး-မနေခြည်နန္ဒာမင်း၊ မမြကြေးမုံအောင်(Sliver Conch)၊ မဒေဝီနန္ဒာမင်း(Sweety ဇာဘော်လီ)၊ ကိုဟိန်းမင်းလတ်(J.S.M Co.,Ltd.)၊ မမွန်သိမ့်ဂျူးတို့၏အဘွား၊ မအင်ကြင်းစံ(Star Academy)၊ မောင်မင်းသွေးခန့်(3rd Year Phy)၊ မောင်လင်းသစ်အောင်(Grade-7, U.E.C ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မောင်ဘုန်းသိခ်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၇ရက် နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းမြင့်

**အသက်(၈၇)နှစ်**

ဒေါက်တာ အောင်ကျော်ဇော(ဗိုလ်မှူးကြီး-ငြိမ်း)-ဒေါ်သူဇာမြင့်တို့၏ မိခင် ဒေါ်ခင်ဝင်းမြင့်သည် ၆-၇-၂၀၁၇ ရက် (ကြာသပတေးနေ့) ည ၁၀း၄၅ နာရီ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးရောဂါပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ညွန့်(ဖျာပုံ)

**အသက်(၈၇)နှစ်**

ဦးတင်ထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၆)၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်သိန်းသိန်းနွဲ့တို့၏ မိခင် ဒေါ်ခင်ညွန့်သည် ၁၈-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်၊ ၁၉၈၇-၉၅**
**မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်စုစု

**အသက်(၈၄)နှစ်**

ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စီမံကိန်း) ဒေါက်တာဒေါ်စောစော၏မိခင် ဒေါက်တာဒေါ်စုစုသည် ၁၅-၇-၂၀၁၇ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၊ ပြင်ဦးလွင်**

---

## (၂)နှစ်ပြည့် လွမ်းဆွတ်တမ်းတသတိရခြင်း

## ဒေါ်မြင့်မြင့်စိန်-ရဲတံခွန်(မင်းလှ)

**၂၁-၇-၂၀၁၅ မှ ၂၁-၇-၂၀၁၇**

ကျေးဇူးကြီးမားပြီး သားသမီးမြေးများအပေါ်တွင် တာဝန်ကျေပွန်ခဲ့သည့် မိခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်ခဲ့ပြီ ဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ မိခင်ကြီးအား ရည်စူး၍ ၂၁-၇-၂၀၁၇ရက်တွင် ဝါဆိုသင်္ကန်းလှူဒါန်းခဲ့ပါသည်။ ထိုကောင်းမှုတို့ကြောင့် အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်သား သမီးများ-မသန်းသန်းဆွေ၊ ဒုဗိုလ်မှူးကြီးနိုင်မင်း-ဒေါ်သန်းသန်းအေး**
**မမေမြတ်မွန်၊ (မောင်)ဦးငြိမ်းလွင်**
**ချစ်မြေးများ-မောင်အောင်ဘုန်းမြတ်၊ မပြည့်ဖူးနိုင်**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အဗ္ဗဒူဂဖူးရ်(ခ)ဦးရဲနောင်သိန်း အသက်(၄၅)နှစ်

**အုပ်ချုပ်ရေးမှူး၊ ရေတွင်းကုန်းရပ်ကွက်၊**
**တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်**

ရွှေဘိုခရိုင်၊ ဘူးကြီးရွာနေ (မရ်ဟွန်မ်ဦးစံသိန်း-ဒေါ်သန်း)တို့၏သားထွေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ အမှတ် ၄၇နေ ဦးမြင့်ဦး-(ဒေါ်မြင့်မြင့်စိန်)တို့၏သားသမက်၊ ဒေါ်အေးသန္တာဦး၏ခင်ပွန်း၊ မောင်ရဲရင့်ဦး၊ မောင်ရဲမာန်ဦးတို့၏ဖခင်သည် ၂၁-၇-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၇-၂၀၁၇ရက်(စနေနေ့)ဇဟိုရ်ဆွလာသ်အပြီး၌ ရေဝေးစန္နီကဗရ်စတန်တွင် ဒါဖွာနာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မြေကွက်အမှတ်(၂၆၉)မြေကွက်တည်နေရာ(၂၆၉)၊ဒေါနလမ်းသွယ်၊(၄)ရပ်ကွက်၊ရွှေပြည်သာ၊ဒု ဗမကရွှေမိုး(၉/မထလ(နိုင်)၀၇၉၀၅၈)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဒု တိယဗိုလ်မှူးကြီးရွှေမိုး(၉/မထလ(နိုင်)၀၇၉၀၅၈)ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူဦးအောင်ထွန်းကျော်(၁၂/အစန(နိုင်)၀၉၇၁၁၇)မှပါမစ်မူရင်းတွင်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မိုခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲမိသားစုဓာတ်ပုံ၊ရွှေပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်သာတင်ပြ၍ပါမစ်မစုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်ရရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ဌေး (မိတ္ထီလာ)

**အသက်(၉၈)နှစ်**

မန္တလေးမြို့၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်နေ (ဗိုလ်မှူးစိုးတင့်)-ဒေါ်သန်းသန်းမြင့်၊ ဦးမျိုးသန့်(ခ)ဦးအောင်ကျော်(Ex R/O)-ဒေါ်မိမိရူ၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ (ဦးစံအေး၊ မိတ္ထီလာ)၏ဇနီးသည် ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှတင် (ဘိုကလေး)

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၅၃နေ (ဦးအောင်မြတ်)၏ဇနီး၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၂၁လမ်း၊ အမှတ် ၂၆၄နေ ဒုတိယရဲမှူးကြီးခင်မောင်အေး(ငြိမ်း)၊ ဒေါ်ခင်ညိုဝင်း၊ သထုံမြို့နေ ဦးအောင်မြင့်စိုး[လ/ထညွှန်မှူး၊ ဝါနှင့်ပိုးချည်(ငြိမ်း)]၊ ဒေါ်မြင့်မြင့်စိန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒုရဲမှူးခင်မောင်တင့်(ငြိမ်း)၊ ဒေါ်ခင်ပြုံးကြည်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင် သထုံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၂၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ခိုင်(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာကောင်းသုခကုမ္ပဏီလီမိတက်)-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင် ဘုရားဒါယိကာမကြီး ဒေါ်ဝင်းထိန် အသက်(၈၁)နှစ်သည် ၂၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာကောင်းသုခကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးမြင့်

**အသက်(၇၈)နှစ်**

ကိုကျော်ဆန်းဦး၏ဖခင်ဖြစ်သူ ဦးစိုးမြင့်သည် ၂၀-၇-၂၀၁၇ရက် နံနက် ၈း၀၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)မှ**
**သူငယ်ချင်း၊ ညီငယ်များနှင့် မိသားစုဝင်များ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ဒါရ်နှဲမ်း (Thau Khua)

**အသက်(၇၄)နှစ်**

ဦးကြိုက်ဒွန်း-(ဒေါ်ရွှေကျင်)တို့၏သမီး၊ ဦးရောဘတ်ရှန်လျန်း(ဒုညွှန်မှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ (ဦးကြည်လွင်)၊ (ဦးဟရဲကျင်း)၊ (ဦးငွန်ဘိခ်)၊ (ဒေါ်ရှန်နဲမ်း)၊ ဦးမန်ကျုံး(ရုံးအုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ညီမ/အစ်မသည် ၂၀-၇-၂၀၁၇ရက် ည ၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ဇမ္ဗူသီရိ ခုတင်(၁၀၀၀)ဆေးရုံ၌ ဝတ်ပြုဆုတောင်းပြီး ကျေးကြီးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(ဇမ္ဗူသီရိဆေးရုံမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သူဇာသိန်း(ခ)လုံမ (စလင်းမြို့)

**ကထိက-ပညာရေးကောလိပ်၊ သင်္ဃန်းကျွန်း**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၇လမ်း၊ အမှတ် ၂၅၄နေ (ဦးညွန့်သိန်း)-ဒေါ်ခင်ကြည်တို့၏သမီး၊ (ဦးအောင်ကျော်ဖြူ)၏ညီမ၊ ဒေါ်မာလာသိန်း၊ ဒေါ်သီတာသိန်း၊ ဒေါ်ဥမ္မာသိန်း၊ ဒေါ်သင်္ဂီသိန်း၊ ဒေါ်သန္တာသိန်းတို့၏အစ်မသည် ၂၀-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကျိုစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးတင့် (လျှပ်စစ်)

**ပျဉ်းမနား**

**အသက်(၆၅)နှစ်**

ပျဉ်းမနားမြို့နေ စိုးလျှပ်စစ်မိသားစုမှ ဦးကျော်မင်းထွန်း၏ဖခင် ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မာဃမြင့် ကုမ္ပဏီလီမိတက်**
**အေးသာယာစက်မှုဇုန်**
**တောင်ကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမင်းအောင်မွန်

**အသက်(၄၆)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မေခဆောင်တွင် နေထိုင်ကျောင်းတက်ခဲ့သူ ဦးမင်းအောင်မွန် (၁၉၉၅) အသက်(၄၆)နှစ်သည် ၁၇-၇-၂၀၁၇ရက်(တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မေခဆောင်ဖောင်ဒေးရှင်း**
**(ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

---

ဘုရားဒါယိကာမကြီး

## ဒေါ်ဝင်းထိန်

**အသက်(၈၁)နှစ်**

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်၊ နယ်မြေ (၁)နေ ဦးခင်အောင်၏ဇနီး၊ ဦးအောင်ကျော်ခိုင်-ဒေါ်မိုးမိုး၊ ဦးမောင်မောင်ခိုင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးဇော်ခိုင်-ဒေါ်နန်းသီတာချမ်း၊ ဦးညီညီအောင် - ဒေါ်ဥမ္မာတင့်တို့၏မိခင်သည် ၂၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းရီ(ခ)ဒေါ်တလိုင်း (ဂန့်ဂေါ)

**အသက်(၇၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးစိန်ထူး-ဒေါ်စိန်နု)တို့၏သမီး၊ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက် ၈/၃၊ အခန်း ၂၄၊ ရန်အေးအိမ်ရာနေ (ဦးဖေကြိုင်)၏ဇနီး၊ ဒေါ်မူမူအေး(ခ)မလူစီ၏အစ်မ၊ ဦးစရဏ (ပျော်ဘွယ်စိုးမြင့်အောင်)-ဒေါ်ကြူကြူကြိုင်(ခ)မပေါက်၊ ဦးတင်ထွန်းအောင် - ဒေါ်ဌေးဌေးကြိုင်တို့၏မိခင်၊ မောင်အောင်သိမ်းစိုး၊ မမြနှင်းဆီ၊ မမြသဉ္ဇာအောင်၊ မောင်သီဟထွန်း၊မောင်ပြုံးမောင်ကျော်တို့၏အဘွားသည် ၂၁-၇-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးအိမ်ရာ၊ တိုက် ၈/၃၊ အခန်း ၂၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## U Khan Do(ခ)ဦးစိုးနိုင် (BuanSing)

**လေဆိပ်ပဒေသာစတိုး**

**အသက်(၇၁)နှစ်**

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ ပင်လုံ ၂/၇နေ Daw Lunpi ၏ချစ်လှစွာသော ခင်ပွန်း၊ U Kam Suan Mung-Daw Ai Go Kim, U Khup Sian Khai-Daw Nian San Lian, Daw Nian San Kim-Pa Cin Khan Piang, Daw Vung Theih Nuam-Pa Khup Khan Khual တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ် လေဆိပ်ပဒေသာစတိုးမှ ကလေးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## တပ်ကြပ်ကြီးစိန်မင်း(ငြိမ်း)

**ကပစ(၉)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၁)လမ်းအနောက်ခြမ်း၊ အမှတ် ၂၀၂နေ(ဦးပါ)-ဒေါ်လွန်းရင်တို့၏သား၊ (ဦးပန်းမောင်-ဒေါ်သိန်းတင်)တို့၏သားသမက်၊အရှင်ဣန္ဒာစာရ(မာဂဓ-တက္ကသိုလ်)၏ရဟန်းဒါယကာကြီး၊ ဆရာလေး ဒေါ်ဝိမလသီဂီ၊ ဒေါ်ကျင်လှိုင်၊ ဒေါ်ကျင်ထွေး၊ဒေါ်ကျင်ဆန်း၊ ဒေါ်အေးအေးစန်း၊ ဒေါ်အေးအေးသိန်း(ခ)တီချယ်ဖြူတို့၏အစ်ကို၊ မောင်မိုးကျော်လှိုင်-မရင်ရင်စန်း၊ မနွယ်နွယ်လှိုင်၊ မသဉ္ဇာမွန်၊ မလင်းထက်မွန်တို့၏ဘကြီး၊ ဒေါ်မြင့်မြင့်စိန်(ဓာတ်ခွဲကျွမ်းကျင်၊ သင်္ဃန်းကျွန်း၊ စံပြဆေးရုံ)၏ခင်ပွန်း၊ မောင်မင်းသက်ကျော်(ခ)မောင်ရဲမင်းသူ (Junior Engineer TMN Telecom Public Co.,Ltd.)၏ဖခင်သည် ၂၀-၇-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရွှေအိမ် (ကျောက်မဲ)

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပြည်လမ်း၊ အမှတ် ၂၇၀(၃-က)နေ (ဦးပုလွယ်-ဒေါ်နိုင်းလွယ်)တို့၏သမီး၊ နမ့်ဆန်မြို့နယ်၊ ပန်အုပ်လုတ်ကျေးရွာနေ(ဦးသုမန)၏ဇနီး၊ ကျောက်မဲမြို့နေ(ဦးထွန်းကျော်-ဒေါ်နွမ်းစိန်)၊ ဦးစိုင်းမောင်စံ-(ဒေါ်မေလင်း)၊ ဒေါ်နန်းစိန်ညွန့်၊ ဦးစိုင်းမောင်စိန်(အထက-၁၊ ကျောက်မဲ၊ ငြိမ်း)-ဒေါ်နန်းငွေရည်(အထက-၁၊ ကျောက်မဲ၊ ငြိမ်း)၊ (ဒေါ်နန်းညွန့်ကြည်)၊ (ဦးထွန်းမောင်-ဒေါ်နန်းရွှေမယ်)တို့၏မိခင်၊ ဦးခင်မောင်ရွှေ-ဒေါ်နန်းညိုညိုမြ (အောင်ချမ်းသာရောင်းဝယ်ရေး)၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ် ၁၁ယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၇း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းတင်

**(အရာခံဗိုလ်၊ ငြိမ်း၊ တပ်မတော်-ရေ)၊ ပည-၁၂(ရေ-၈၅၇၅)**
**ရေတပ်လက်နက်နှင့်ဆက်သွယ်ရေးအတတ်သင်ကျောင်း**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ ဗိုလ်သန်းတင်လမ်း၊ အမှတ်(ခ/၁၅၄)နေ ဦးအုန်းတင်(အရာခံဗိုလ်၊ ငြိမ်း၊ တပ်မတော်-ရေ)သည် ၂၀-၇-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွဋ်(ခ)ဦးတွတ် အသက်(၆၄)နှစ်

**စစ်မှုထမ်းဟောင်း (မင်္ဂလာတောင်ညွန့်မြို့နယ်)**
**စည်းရုံးရေးမှူး (ပြည် ခိုင် ဖြိုး ပါတီ)**
**အထက(၄)ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊တိုက်ဟောင်း ၆၊ အခန်း ၆နေ (ဦးခင်မောင်ကြီး)-ဒေါ်ကြင်(ခ)ဒေါ်ငွေလန်တို့၏သား၊ (ဦးတင်ရွှေ-ဒေါ်လှိုင်)တို့၏သားသမက်၊ (ဒေါ်ခင်ထားဦး)ပတခ၊ ဦးတင်ထူး-ဒေါ်ချိုချိုဝင်း၊ ဦးအောင်သန်းနိုင်-ဒေါ်နု၊ ဦးအောင်သန်းထွဋ်-ဒေါ်သီသီအောင်၊ (ဒေါ်ခင်ခင်အေး)တို့၏အစ်ကို၊ ဒေါ်ခင်ဝင်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသူရထွန်း(မြို့နယ်ပါတီကော်မတီဝင်၊ ပြည်ခိုင်ဖြိုးပါတီ)-ဒေါ်ခင်စန္ဒာစမ်း၊ ဦးရဲဝင်းပိုင်(မြန်မာ့ဆက်သွယ်ရေး၊ စက်မှု-၅)-ဒေါ်စန်းမာလာထွန်းတို့၏ ချစ်လှစွာသောဖခင်၊ တပ်ကြပ်ကြီးဇင်ရန်နိုင်(နေပြည်တော်၊တပ်ကုန်း)၊မခိုင်နှင်းအေး၊ မဖူးမြတ်အိမ်စည် (Grade 8-C, တောင်ညွန့်-၃)တို့၏အဘိုး၊ တူ၊ တူမ ခုနစ်ယောက်၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၇-၂၀၁၇ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်မြတ်ဆွေ

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တေးဥယျာဉ် ၁၃လမ်း၊ အမှတ် ၂၆၀နေ (ဦးဝင်းဆွေ-ဒေါ်အေးသိန်း)တို့၏သား၊ (ဦးကြည်မောင်-ဒေါ်ကျင်သန်း)တို့၏သားသမက်၊ ဒေါက်တာမောင်မောင်လတ်ဆွေ-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်လေးဆွေ-ဒေါ်နုနုစိန်၊ ဗိုလ်မှူးမောင်မောင်ထွေးဆွေ(ငြိမ်း)-ဒေါ်ဇာနီသိမ်းထွန်းတို့၏အစ်ကို၊ မသက်သက်ဆွေ၊ မောင်သုတ-မခင်မာဆွေ၊ မထက်ထက်ဆွေတို့၏ဖခင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၇-၂၀၁၇ရက် (သောကြာနေ့)နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမင်းနောင်

**အသက်(၅၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းနောင်သည် ၁၉-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၆နာရီတွင် ရန်ကုန်မြို့ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်**
**ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးရွှေဝင်းသိန်း

**အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ**
**လမ်းဦးစီးဌာန၊ အရာတော်မြို့**

**အသက်(၃၁)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးမှ ဦးရွှေဝင်းသိန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြသည် ၂၁-၇-၂၀၁၇ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ မုံရွာခရိုင်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းအိဖြူ အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သခင်ဘိုးလှကြီးလမ်း၊ (၄၃)ရပ်ကွက်၊ အမှတ် ၈၁၂နေ ဦးအထွတ်ပန်-ဒေါ်ခင်အေးမြင့်တို့၏သမီး၊ (ဦးကျို ကွာ-ဒေါ်စွမ်တီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေဈေးဟောင်းလမ်း၊ အမှတ် ၂၆(ပထမထပ်-ညာ)နေ ဦးနိုင်နိုင်ဝင်း၏ချစ်လှစွာသောဇနီး၊ မဇေကရီနိုင်(1st Year,Gusto College)၏ချစ်လှစွာသောမိခင်၊ မဝင်းကြည်ဖြူ၊ မောင်တက်ထွတ်ဝင်း၊ မခင်စန်းရီတို့၏အစ်မသည် ၁၉-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးကျင်းပ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂ အထူးအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက "ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိစေခြင်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ခြင်းနှင့် သိပ္ပံနှင့်နည်းပညာ မြှင့်တင်ခြင်း" ခေါင်းစဉ်ဖြင့် ယနေ့အစည်းအဝေး ကျင်းပခြင်းသည် အချိန်အခါသင့်မြတ်ပြီး ရေသယံဇာတနှင့် ဘေးအန္တရာယ်များနှင့် ဆက်နွှယ်နေသည့် ကမ္ဘာ့ဖြစ်စဉ်များ၏ လက်ရှိလမ်းကြောင်းအပေါ် ထင်ဟပ်မှုရှိစေပါကြောင်း။

မိမိတို့အနေဖြင့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းရေးတွင် အထောက်အကူပြုစေရန် ကမ္ဘာလုံးဆိုင်ရာဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လက်ရှိတွင် လူဦးရေသန်းပေါင်း ၆၆၀ ကျော်သည် ရေရှားပါးသည့် နေရပ်ဒေသတွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❄



ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၁

**တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)



မြန်မာနှင့်ဘရူနိုင်းအသင်း ယှဉ်ပြိုင်နေစဉ်

## မြန်မာအသင်း ဘရူနိုင်းကို ဂိုးပြတ်အနိုင်ယူ

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(စ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာနှင့်ဩစတြေးလျတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

အိမ်ရှင် မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အိမ်ရှင် မြန်မာအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ မြန်မာအသင်း

*စာမျက်နှာ ၁၁ ကော်လံ ၅* ✻

GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
GREEN. GRAND. CARE FOR THE PEOPLE
No (3), Corner of Nar Nat Taw Street & Kyee Myindaing Kanner Road, Kamaryut Township, Yangon.
Contact No : 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284
Providing 24 hour Medical Service for the People













